# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက် | ၂၀၁၆ ခုနှစ်၊ ဧပြီ ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၅)၊ အမှတ် (၁၈၉)


# မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ပံ့ပိုးကူညီမှုကို များစွာတန်ဖိုးထား ကုလသမဂ္ဂနှင့် နီးကပ်စွာဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဟု သမ္မတပြောကြား

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တယ်လီဖုန်းဆက်၍ ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြား

*သတင်း၊ စာမျက်နှာ-၃*



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း



နိုင်ငံတော်သမ္မတ ဦးထင်ကျော်

# မိမိတို့သည် အိမ်နီးချင်းနိုင်ငံဖြစ်သည်နှင့်အမျှ နှစ်နိုင်ငံဆက်ဆံရေး အရေးကြီး

ဒေါ်အောင်ဆန်းစုကြည်

# တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကိစ္စများကို ဝင်ရောက်စွက်ဖက်မည်မဟုတ်

မစ္စတာဝမ်ယိ

**နေပြည်တော်  ဧပြီ  ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိသည် နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ယနေ့ ရောက်ရှိပြီး ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်-မြန်မာ ချစ်ကြည်ရေး ပိုမိုခိုင်မြဲစေရေးနှင့် နှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းစေရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံမှုအပြီးတွင် သတင်းစာရှင်းလင်းပွဲကို အဆိုပါဝန်ကြီးဌာန၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က

*စာမျက်နှာ ၃ ကော်လံ ၁* ❐




မြန်မာ့အလင်း

# ထာဝရအိမ်နီးချင်းကောင်း

မြန်မာနိုင်ငံနှင့် အရှေ့မြောက် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံတို့သည် နယ်နိမိတ်ထိစပ်မှုအားဖြင့် ကီလိုမီတာ ၂၀၀၀ ကျော် ရှည်လျားပြီး နှစ်နိုင်ငံကူးလူးဆက်ဆံမှုအနေဖြင့်လည်း နှစ်ပေါင်းထောင်ချီရှည်ကြာပြီဖြစ်သော သမိုင်းကြောင်းရှိသည်။

၁၉၇၈ ခုနှစ်မှစတင်ကာ နှစ်ပေါင်း ၄၀ ခန့်ကြာအောင်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ ဖော်ဆောင်လာနိုင်ခဲ့ပြီးနောက် အာရှအင်အားကြီးနိုင်ငံတစ်ခု ဖြစ်လာပြီး မဟာအင်အားကြီးနိုင်ငံအဆင့်သို့ တက်လှမ်းရန် အသင့်အနေအထားသို့ရောက်လာပြီဖြစ်သည့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအဖို့ အထူးစိတ်ဝင်စားဖွယ်ကောင်းသည့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သည်။ တရုတ်နိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုများသည် တစ်ကမ္ဘာလုံးက အာရုံစိုက်စောင့်ကြည့်နေကြရသည့် အနေအထားသို့ရောက်ရှိလာပြီး ၎င်း၏တစ်စတစ်စကြီးထွားလာသည့် ပါဝါအပေါ် မေးခွန်းထုတ်မှုများပေါ်ထွက်လာချိန်တွင် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် မူလဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဆင့်သို့ ရောက်ရှိနေခဲ့ပြီဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ၏ ဧပြီ ၅ ရက် နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်-မြန်မာချစ်ကြည်ရေး ပိုမိုခိုင်မြဲစေရေးနှင့် နှစ်နိုင်ငံပြည်သူများအကျိုးဖြစ်ထွန်းစေရေးကိစ္စရပ်များကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးမှုအပြီး သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့က တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးရေးတို့၏အရေးပါပုံတို့ကို ထုတ်ဖော်ရှင်းလင်းပြောကြားခဲ့ကြသည်။ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးတို့၏ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားချက်များအရ တရုတ်-မြန်မာ ဆက်ဆံရေးမှာ အရှိန်အဟုန်မပျက် ဆက်လက်၍ တည်ရှိနေမည်ဖြစ်ကြောင်း ရှင်းလင်းစွာ သိမြင်ကြရသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မိမိတို့သည် အိမ်နီးချင်းနိုင်ငံဖြစ်သည်နှင့်အမျှ နှစ်နိုင်ငံဆက်ဆံရေးသည် အရေးကြီးကြောင်း၊ နိုင်ငံရေးအရသာမက လူမှုရေး၊ စီးပွားရေးအရပါ အရေးကြီးကြောင်း၊ ထိုကဲ့သို့အရေးကြီးမှုကို တရုတ်နိုင်ငံအနေဖြင့်လည်း အသိအမှတ်ပြုသည်ဟု ထင်မြင်မိကြောင်း ထည့်သွင်းရှင်းလင်းပြောကြားသွားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ၂၀၀၅ ခုနှစ်တွင် ပထမဆုံးအကြိမ် ထုတ်ပြန်ခဲ့ပြီးနောက် ခြောက်နှစ်အကြာ ၂၀၁၁ ခုနှစ်စက်တင်ဘာလအတွင်း ထပ်မံထုတ်ပြန်ကြေညာခဲ့သည့် တရုတ်နိုင်ငံ၏ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်မှု မူဝါဒ **(China's Peaceful Development)** တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းရင်း မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ပါဝင်အထောက်အကူပြုသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်း အနိုင်ကျင့်မှု၊ ဩဇာလွှမ်းမိုးမှုအတွက် ကြိုးပမ်းသွားမည်မဟုတ်ကြောင်း၊ တရုတ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်ငြိမ်အေးချမ်းမှုသည် မည်သည့်အိမ်နီးချင်းနိုင်ငံအတွက်မျှ ခြိမ်းခြောက်မှုမဖြစ်စေဘဲ အခွင့်အလမ်းတစ်ရပ်အဖြစ်သာ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း စသည့်အချက်များ ပါဝင်သည်။

“မိတ်ဆွေကိုရွေးချယ်၍ရသော်လည်း အိမ်နီးချင်းကို ရွေးချယ်၍မရ”ဟူသော စကားပုံနှင့်အညီ ထာဝရအိမ်နီးချင်းနိုင်ငံများဖြစ်ကြသော တရုတ်-မြန်မာ နှစ်နိုင်ငံအနေဖြင့် မိတ်ဝတ်မပျက်ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးမှသည် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်သည့်မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဆင့်အထိ ချစ်ကြည်ရင်းနှီးမှုများကို တည်ဆောက်ထားရှိပြီးဖြစ်ရာ အနာဂတ်တွင်လည်း ပိုမိုခိုင်မြဲသောချစ်ကြည်ရေးနှင့် နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းရေးတို့ ဆက်လက်ဖော်ဆောင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

# ဆန်စပါးစိုက်တောင်သူများ၏အခက်အခဲကို အရေးပေါ်ကူညီဆောင်ရွက်ပေးရန် လယ်သမားများ လိုလား

**ရန်ကုန် ဧပြီ ၅**

မြန်မာ့လယ်ယာ ထွက်ကုန်များကို ဖွံ့ဖြိုးစေရန်ဖြစ်စေ၊ နိုင်ငံခြားထုတ်ကုန်များ တိုးတက်လိုသည့်ဆန္ဒဖြစ်စေ ဆန်စပါးထုတ်လုပ်နေသော တောင်သူများ၏ အခက်အခဲကို အစိုးရသစ်အနေဖြင့် အရေးပေါ်ကူညီဆောင်ရွက်ပေးရန် လိုလားကြောင်း ဓနုဖြူမြို့နယ် လှည်းကျွန်းကျေးရွာအုပ်စုမှ လယ်သမား ဦးသိန်းအောင်က ဧပြီ ၅ ရက်က မြန်မာဂျာနယ်လစ်ရုံးခန်း၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

“ဒီနေ့ သတင်းစာရှင်းလင်းပွဲပြုလုပ်ရခြင်းက နွေစပါးပေါ်ချိန်ဖြစ်တဲ့ ဧရာဝတီတိုင်းနဲ့ ပဲခူးတိုင်းတို့မှာ ဧပြီလမှာဆိုရင် နွေစပါးအများဆုံးပေါ်တဲ့ရာသီဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာ လက်ရှိတောင်သူတွေက မိမိတို့စိုက်ပျိုးထားတဲ့စပါး ထွက်ရှိချိန်မှာ မှည့်ပြီးသား စပါးရိတ်သိမ်းရတဲ့ အထွေထွေ ကုန်ကျစရိတ်က တစ်သိန်းလောက် ရှိပါတယ်။ ကိုယ်စတင်စိုက်ပျိုးချိန်မှစလို့ အပြင်က ငွေဆွဲပြီး စိုက်ပျိုးရင်းနှီးခဲ့ရတာဖြစ်တဲ့အတွက် ကုန်ကျစရိတ်များတယ်။ ဒီနေ့ဒီအချိန် ကုန်ပေါ်ချိန် မိမိတို့ထွက်ရှိတဲ့စပါးကို ရောင်းချပြီး ငွေဖော်ရတဲ့အချိန်မှာ နှစ်စဉ်နှစ်တိုင်းလိုလို နှစ်ပေါင်းများစွာ၊ ခေတ်ပေါင်းများစွာ ဒီလိုအချိန်ဆိုစပါးဝယ်လက်အနေနဲ့ ကုန်သည်များဟာ ငွေရှားလို့၊ ငွေမရှိလို့၊ နိုင်ငံခြားဝယ်လက်မှာ ဘာပြဿနာရှိလို့ဆိုတဲ့ အကြောင်းအမျိုးမျိုးပြပြီးတော့ ဈေးနှိမ်ခံရပါတယ်။ ကုန်သည်တွေလက်ထဲကို စပါးကြိုက်သလောက်သို့လျှောင်မိသွားပြီဆိုရင် အဲဒီစပါးက နှစ်တိုင်းပဲ ဈေးပြန်မြောက်သွားပါတယ်။ အခုလည်း ဒီမိုကရေစီအစိုးရတက်တဲ့အချိန် ဧပြီလဆန်းတဲ့အချိန်မှာ ပြီးခဲ့တဲ့လတွေက စပါးဈေးနဲ့စာရင် စပါး ၁၀၀ ကို အနည်းဆုံးငွေတစ်သိန်း၊ တစ်သိန်းခွဲအထိ ကွာဟတဲ့ အနေအထားဖြစ်သွားပါတယ်။ မြန်မာ့လယ်ယာထွက်ကုန်တွေကို ဖွံ့ဖြိုးစေချင်ရင်၊ နိုင်ငံခြားထုတ်ကုန်တွေ တိုးတက်စေချင်ရင် ကျွန်တော်တို့ ဆန်စပါးထုတ်လုပ်နေတဲ့တောင်သူတွေရဲ့ အခက်အခဲကို အခုအစိုးရအနေနဲ့ အရေးပေါ်ကူညီ ဆောင်ရွက်ပေးဖို့ လိုလားပါတယ်” ဟု ၎င်းက ရှင်းလင်းပြောဆိုသည်။

ယင်းသတင်းစာ ရှင်းလင်းပွဲတွင် ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်၊ မအူပင်၊ သာပေါင်း၊ ကော့မှူး၊ ဘိုကလေးနှင့် ဓနုဖြူမြို့နယ်တို့ရှိ တောင်သူလယ်သမားကိုယ်စားလှယ်များ တက်ရောက်ပြီး ၎င်းတို့၏အခက်အခဲ၊ အတွေ့အကြုံများကို တစ်ဦးချင်း ရှင်းလင်းတင်ပြခဲ့ကြသည်။

မအူပင်မြို့နယ်မှ လယ်သမား ဦးအောင်နိုင်က “ကျွန်တော်တို့တောင်သူတွေမှာ တော်တော်ဒုက္ခရောက်နေလို့ လက်ရှိအစိုးရသိအောင် တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့တောင်သူတွေ တိုးတက်အောင်ဆိုရင်တော့ နှစ်ရှည်စီမံကိန်းနဲ့ ငွေချေးမှုသာလျှင် ကျွန်တော်တို့လူတန်းစေ့ မီနိုင်မယ်ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်” ဟု ဆိုသည်။

ဆန်စပါးကို သကြၤန်ကြောင့်၊ ဆန်ပြန်ပို့သည့်အတွက်ကြောင့် ထားမရကြောင်း၊ စပါးဈေးမရှိသော်လည်း မိုးလေဝသကြောင့် စပါးများရိတ်သိမ်းရသည့်အတွက် လယ်သမားများ ဈေးနှုန်းမကိုက် ဖြစ်နေရကြောင်း၊ ကုန်သည်တွေကလည်း ဈေးမကျမချင်းချနေတာကို အစိုးရသစ်သိစေချင်ကြောင်း ဒေးဒရဲမှ တောင်သူကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

“စပါးရိတ်စက်တွေ စက်ကိစ္စတွေ၊ အခုဆိုရင် ကုမ္ပဏီကနေပြီးတော့ ရောင်းကြတယ်။ သိန်းသုံးလေးရာဆိုတော့ လယ်သမားတွေက မဝယ်နိုင်ဘူး။ အဲဒီတော့ လယ်သမားတွေ ဝယ်နိုင်တဲ့အဆင့် နိုင်ငံတော်အစိုးရကနေပြီးတော့ ကူညီထောက်ပံ့ပေးနိုင်ဖို့ အများကြီး လိုအပ်တယ်။ လက်ရှိ နိုင်ငံတော်အစိုးရကနေ ဒါတွေကို ဖြေရှင်းပေးပါလို့ သိလည်းသိစေချင်တယ်။ ကြည့်လည်း ကြည့်စေချင်တယ်” ဟု ကော့မှူးမြို့နယ် ကြံရာကျေးရွာ လယ်သမား ဦးခင်ထွန်းက ၎င်းအခက်အခဲကို ပြောသည်။

ဦးသိန်းအောင်သည် လယ်သမားအစစ်များနှင့် လွတ်လပ်သော တောင်သူလယ်သမားအသင်းကို ၂၀၁၃ ခုနှစ်တွင် ပူးပေါင်းဖွဲ့စည်းခဲ့ပြီး လယ်သမားများ၏အကျိုးစီးပွားဖွံ့ဖြိုးနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးသည့် အသင်းအဖွဲ့အနေဖြင့် ရပ်တည်လုပ်ဆောင်ခဲ့သည်။

**ရတနာ**





## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

ခင်ရတနာ စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ) ၅-၄-၂၀၁၆

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၃၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၇၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၃၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၉.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၇.၂၆ |
| ထိုင်း | တစ်ဘတ် | ၃၄.၄၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၂၃၂ |
| တရုတ် | တစ်ယွမ် | ၁၈၆.၇၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၁.၂၉ |

၂၈-၃-၂၀၁၆ မှ ၁-၄-၂၀၁၆ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၄၉၄ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၄၂၈ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ပံ့ပိုးကူညီမှုကို များစွာတန်ဖိုးထား ကုလသမဂ္ဂနှင့် နီးကပ်စွာဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဟု သမ္မတပြောကြား

**နေပြည်တော် မေ ၅**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက ယနေ့ ညနေ ၄ နာရီခွဲတွင် တယ်လီဖုန်းဆက်၍ နိုင်ငံတော်သမ္မတ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံကို ဆက်လက်ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မစ္စတာ ဘန်ကီမွန်းက နှစ်ပေါင်း(၅၀)ကျော်အကြာ ဒီမိုကရေစီနည်းလမ်းဖြင့် အရပ်သားအစိုးရတစ်ရပ် ရွေးကောက်တင်မြှောက်ခံရခြင်းကို ကြိုဆိုပါကြောင်း၊ မြန်မာပြည်သူလူထုအနေဖြင့် နိုင်ငံတော်သမ္မတကြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် လုပ်ဖော်ကိုင်ဖက်များအား ယုံကြည်မှုရှိသည်ကို ပြသခြင်းလည်းဖြစ်ပါကြောင်း၊ လူထု၏မျှော်မှန်းချက်လည်း များပြားပါကြောင်း၊ နိုင်ငံရေးတွင် အားလုံးပါဝင်သည့် နိုင်ငံရေးကောင်းမွန်သည့်အဖွဲ့အစည်းများ ဖြစ်ထွန်းပေါ်ပေါက်စေရန် အားပေးလိုပါကြောင်း၊ အမျိုးသားပြန်လည်ပေါင်းစည်းရေး မူဝါဒများအကောင်အထည်ဖော်ခြင်း၊ ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြှင့်တင်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မိမိနှင့် ကုလသမဂ္ဂအနေဖြင့် မြန်မာအစိုးရအား ပံ့ပိုးကူညီမှုပေးအပ်သွားမည်ဟု အတည်ပြုပြောကြားလိုပါကြောင်း။

ထို့ပြင် မိမိအနေဖြင့် မြန်မာနိုင်ငံသို့ ကြိမ်ဖန်များစွာ ရောက်ဖူးသော်လည်း မကြာတော့သောအချိန်တွင် ထပ်မံ၍ အလည်အပတ်လာရောက်ခွင့်ရရှိမည်ဟု မျှော်လင့်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးနှင့် လာမည့်အာဆီယံအစည်းအဝေးများတွင်ဖြစ်စေ၊ မြန်မာနိုင်ငံသို့ အလည်အပတ်ခရီးလာရောက်၍ဖြစ်စေ ဆောလျင်စွာ တွေ့ဆုံခွင့်ရရှိရန် မျှော်လင့်ပါကြောင်းနှင့် နိုင်ငံတော်သမ္မတကြီး တာဝန်ထမ်းဆောင်ရာတွင် အောင်မြင်မှုများရရှိစေရန် ဆုမွန်ကောင်းများ ပို့သပါကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ကလည်း မိမိအား ယခုကဲ့သို့ နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဆက်သွယ်ပြောကြားသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ စိန်ခေါ်မှုများအပေါ် နားလည်သဘောပေါက်ပြီး မြန်မာနိုင်ငံအပေါ် ကူညီပံ့ပိုးမှုများ ဆက်လက်ပြုလုပ်သွားရန် ထပ်လောင်းပြောကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ပံ့ပိုးကူညီမှုကို များစွာတန်ဖိုးထားပါကြောင်း၊ ကုလသမဂ္ဂနှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးတိုးမြှင့်ကာကွယ်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် ကိစ္စရပ်များတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်ဟု သတင်းရရှိသည်။

**(သတင်းစဉ်)**



**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**
(သတင်းစဉ်)

## မိမိတို့ အစိုးရသည် နိုင်ငံခြားရေး မူဝါဒအရ တစ်ကမ္ဘာလုံးနှင့် ခင်မင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ တစ်ကမ္ဘာလုံး ခင်မင်ရင်းနှီးစွာဖြင့် ငြိမ်းချမ်းရေးအတွက်၊ လူသားများ၏ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သည့်နေရာတွင် အိမ်နီးချင်းနိုင်ငံများကလည်းပူးပေါင်းဆောင်ရွက်မည်ဟု ယုံကြည်

❒ ရှေ့ဖုံးမှ

ယခုအချိန်တွင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးကို ကြိုဆိုနိုင်ခဲ့သည့်အတွက် ဝမ်းသာပါကြောင်း၊ မိမိတို့အစိုးရသည် သက်တမ်းအားဖြင့် တစ်ပတ်သာ ရှိသေးကြောင်း၊ ယခုကဲ့သို့ အချိန်တိုကာလအတွင်း လာရောက်လည်ပတ်သည့်အတွက် နှစ်နိုင်ငံကြားချစ်ကြည်ရေးကို ဖော်ဆောင်သည်ဟု ယူဆကြောင်း၊ မိမိတို့သည် အိမ်နီးချင်းနိုင်ငံဖြစ်သည်နှင့်အမျှ နှစ်နိုင်ငံဆက်ဆံရေးသည် အရေးကြီးကြောင်း၊ နိုင်ငံရေးအရသာမက လူမှုရေး၊ စီးပွားရေးအရပါ အရေးကြီးကြောင်း၊ ထိုကဲ့သို့ အရေးကြီးမှုကို တရုတ်နိုင်ငံအနေဖြင့်လည်း အသိအမှတ်ပြုသည်ဟု ထင်မြင်မိကြောင်း၊ မိမိတို့အစိုးရသည် နိုင်ငံခြားရေးမူဝါဒအရ တစ်ကမ္ဘာလုံးနှင့် ခင်မင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ တစ်ကမ္ဘာလုံး ခင်မင်ရင်းနှီးစွာဖြင့် ငြိမ်းချမ်းရေးအတွက်၊ လူသားများ၏ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သည့်နေရာတွင် အိမ်နီးချင်းနိုင်ငံများကလည်း ပူးပေါင်းဆောင်ရွက်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ အချိန်ကာလတွင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက လာရောက်ဂုဏ်ပြုသည့်အတွက်၊ မြန်မာအစိုးရကို ဆုမွန်ကောင်းများ တောင်းပေးသည့်အတွက် မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မစ္စတာဝမ်ယိက အစိုးရသစ်ပေါ်ပေါက်လာပြီး မြန်မာနိုင်ငံ၏ နှစ်သစ်ကူးအခါသမယတွင် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၏ ဖိတ်ကြားချက်အရ လာရောက်လည်ပတ်ခွင့် ရခဲ့ပါကြောင်း၊ ထိုကဲ့သို့ လာရောက်လည်ပတ်ခွင့်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံပြည်သူလူထုအကြား ချစ်ကြည်ရင်းနှီးမှုကို ပြသနေပါကြောင်း၊ တရုတ်နိုင်ငံသည် တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုကို အလေးထားပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်ပြီး ဆက်လက်၍လည်း နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့ နှစ်ဦးတွေ့ဆုံရာတွင် မြန်မာနိုင်ငံတွင် အစိုးရအပြောင်းအလဲရှိသော်လည်း ချစ်ကြည်ရေးမူဝါဒဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးသည် ပြေလည်မှုရှိသော၊ ရေရှည်ဖြစ်သော၊ စဉ်ဆက်မပြတ်ရှိသော ချစ်ကြည်ရေး ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများကို ဝင်ရောက်စွက်ဖက်မည်မဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံပြည်သူလူထု၏ မှန်ကန်သော ရွေးချယ်မှုများကို ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေး ဖြစ်စဉ်ကိုလည်း ထောက်ခံပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် တည်ငြိမ်မှန်ကန်သော လမ်းကြောင်းကို လျှောက်လှမ်းနိုင်မည်ဟု ထင်မြင်မိပါကြောင်း။

နှစ်နိုင်ငံ စီးပွားရေးကဏ္ဍတွင် အပြန်အလှန် အထောက်အကူပြုနိုင်ပါကြောင်း၊ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်များတွင်လည်းကောင်း၊ မြန်မာပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရာတွင်လည်းကောင်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အရှည်ကြာဆုံး မိတ်ဖက်နိုင်ငံလည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံအပေါ် ထားရှိသည့် ချစ်ကြည်ရင်းနှီးမှုကို ချီးကျူးပါကြောင်း၊ ထိုသို့ချစ်ကြည်ရင်းနှီးမှု ဆက်လက်ရှည်ကြာစေရန် အတွက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအကြား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ပါကြောင်း၊ သဘောတူညီချက်များလည်း ရရှိခဲ့ပါကြောင်း၊ နှစ်နိုင်ငံ ခေါင်းဆောင်များ ဆက်ဆံရေးကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီးပွားရေးကဏ္ဍတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများ၏ သိရှိလိုသော မေးခွန်းများအပေါ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိတို့ တွေ့ဆုံဆွေးနွေးအပြီးတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်**
(သတင်းစဉ်)

# ပြည်ထောင်စုအစိုးရအဖွဲ့ ဖြည့်စွက်ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ကြေညာချက်အမှတ်၊ ၅/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**

## ပြည်ထောင်စုအစိုးရအဖွဲ့ ဖြည့်စွက်ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ **“ပြည်ထောင်စုအစိုးရအဖွဲ့”**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖြည့်စွက်ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဖေဇင်ထွန်း | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (၂) | ဒေါက်တာမျိုးသိမ်းကြီး | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဦးထွန်းထွန်းဦး | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၉/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**

## ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနအသီးသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဖေဇင်ထွန်း | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (၂) | ဒေါက်တာမျိုးသိမ်းကြီး | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန |

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ကြေညာချက်အမှတ်၊ ၆/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**

## ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတသည် ဘဏ္ဍာရေးကော်မရှင်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂၉၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ဦးထင်ကျော် | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (၂) | ဦးမြင့်ဆွေ | ဒုတိယသမ္မတ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ | ဒုတိယဥက္ကဋ္ဌ |
| (၄) | ဦးထွန်းထွန်းဦး | ပြည်ထောင်စုရှေ့နေချုပ် | အဖွဲ့ဝင် |
| (၅) | ဦးမော်သန်း | ပြည်ထောင်စုစာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (၆) | ဒေါက်တာခက်အောင် | ဝန်ကြီးချုပ်<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၇) | ဦးအယ်လ်ဖောင်းရှို | ဝန်ကြီးချုပ်<br>ကယားပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၈) | ဒေါ်နန်းခင်ထွေးမြင့် | ဝန်ကြီးချုပ်<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၉) | ဦးဆလိုင်းလျန်လွယ် | ဝန်ကြီးချုပ်<br>ချင်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာမြင့်နိုင် | ဝန်ကြီးချုပ်<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာလဲ့လဲ့မော် | ဝန်ကြီးချုပ်<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၂) | ဦးဝင်းသိန်း | ဝန်ကြီးချုပ်<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၃) | ဒေါက်တာအောင်မိုးညို | ဝန်ကြီးချုပ်<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာဇော်မြင့်မောင် | ဝန်ကြီးချုပ်<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၅) | ဦးမင်းမင်းဦး | ဝန်ကြီးချုပ်<br>မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၆) | ဦးညီပု | ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၇) | ဦးဖြိုးမင်းသိန်း | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၈) | ဒေါက်တာလင်းထွဋ် | ဝန်ကြီးချုပ်<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၉) | ဦးမန်းဂျော်နီ | ဝန်ကြီးချုပ်<br>ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၂၀) | ဒေါက်တာမျိုးအောင် | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၂၁) | ဦးကျော်ဝင်း | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၀/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**

## ပြည်ထောင်စုရှေ့နေချုပ်ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၇၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(က) နှင့် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၅ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးထွန်းထွန်းဦး ကို ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၁/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**

## ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၅ တို့ပါပြဋ္ဌာန်းချက်များအရ ဦးမော်သန်း ကို ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၂/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၅)နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၅ တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါက်တာဝင်းသိန်း ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၃/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၉)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးကျော်တင် ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၆/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**

### စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနများတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးကြီးကျော်သန့်နိုင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) | ဦးစိုးဦး | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၃) | ဦးကမ်ဇာမုံ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (၄) | ဦးသန်းညွန့်ဝင်း | လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| (၅) | ဦးမြင့်ကြည် | စည်ပင်သာယာရေးဝန်ကြီးဌာန |
| (၆) | ဒေါက်တာဇော်ဝင်း | လူမှုရေးဝန်ကြီးဌာန |

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၉/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**

### မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနများတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးကြီးမျိုးမင်းအောင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) | ဒေါက်တာစိုးသန်း(ခ) ဦးကျော်စိုးသန်း | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၃) | ဦးဇာနည်အောင် | လျှပ်စစ်၊ စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (၄) | ဦးမျိုးသစ်(ခ)ဦးပါလေး | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၅) | ဦးမြတ်သူ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၆) | ဒေါက်တာရဲလွင် | စည်ပင်သာယာရေးဝန်ကြီးဌာန |

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ကချင်ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၄/၂၀၁၆**
**၁၃၇၇ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**

### ကချင်ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ ကချင်ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ကချင်ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးကြီးသူရမျိုးတင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) | ဦးဝေလင်း | ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန |
| (၃) | ဦးဝင်းညွန့် | လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန |
| (၄) | ဦးမြသိန်း | စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၅) | ဦး H လအောင် | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၆) | ဦးနေဝင်း | စည်ပင်သာယာရေးဝန်ကြီးဌာန |
| (၇) | ဒေါက်တာသင်းလွင် | လူမှုရေးဝန်ကြီးဌာန |

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၇/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**

### တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့ပါပြဋ္ဌာန်းချက်များအရ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာန များတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးကြီးဇော်လွင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) | ဦးဖြိုးဝင်းထွန်း | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၃) | ဦးဟိုပင် | လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန |
| (၄) | ဦးမြင့်မောင် | သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၅) | ဦးကြည်လှိုင် | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (၆) | ဦးမြင့်စန်း | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မွန်ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၀/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**

### မွန်ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ မွန်ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် မွန်ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်ဦးမင်းမင်းဦး | စည်ပင်သာယာရေးနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (၂) | ဗိုလ်မှူးကြီးဝင်းနိုင်ဦး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၃) | ဦးမင်းထင်အောင်ဟန် | လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာန |
| (၄) | ဒေါက်တာထိန်လင်း | လူမှုရေးဝန်ကြီးဌာန |
| (၅) | ဦးထွန်းငွေ | စိုက်ပျိုးမွေးမြူရေးနှင့်ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၆) | ဒေါက်တာမင်းကြည်ဝင်း (ခ) နိုင်ကြည်ဝင်း | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၇) | ဦးဝဏ္ဏကျော် | စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ကရင်ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၅/၂၀၁၆**
**၁၃၇၇ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**

### ကရင်ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ ကရင်ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ကရင်ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးကြီးအောင်လွင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) | ဦးသန်းနိုင် | စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန |
| (၃) | ဦးစောမြင့်ဦး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၄) | ဦးစိုးလှိုင် | လျှပ်စစ်နှင့်စက်မှုဝန်ကြီးဌာန |
| (၅) | ဦးစောပြည်သာ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| (၆) | ဒေါက်တာတင်ဝင်းကျော် | လူမှုရေးဝန်ကြီးဌာန |

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မကွေးတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၈/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**

### မကွေးတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြ လာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် မကွေး တိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးကြီးနိုင်ဦး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) | ဦးတင်နွယ်ဦး | ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၃) | ဦးစိုးမြင့် | စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (၄) | ဒေါက်တာခင်မောင်အေး | သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (၅) | ဦးဇော်မင်း | စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန |
| (၆) | ဦးမြင့်ဇော် | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# သင်္ကြန်ဆိုတာ အလံတွေ၊ တံဆိပ်တွေအောက်ကမဟုတ်. . .

ဆူးငှက်

သင်္ကြန်ဆိုတာ ယဉ်ကျေးမှုရဲ့ ပြယုဂ်တစ်ခုပါပဲ။ ဘာပဲပြောပြော ပုဂံခေတ်ကတည်းက ရိုးရာအစဉ်အလာအရ ရေပက်ကစားခြင်း၊ ဥပုသ်သီတင်း သီလစောင့်ထိန်းခြင်း၊ မိဘဆရာသမားများကို ကန်တော့ခြင်း၊ ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းမှသည် ခေတ်အဆက်ဆက် ဖျော်ဖြေမှုပုံစံအရ ယဉ်ကျေးစွာ သီဆိုကခုန်တီးမှုတ် ပျော်ရွှင်ကြခြင်းအမှုကို ဆောင်ရွက်လာကြတာပါပဲ။

ဒါပေမယ့် နောက်ပိုင်းမှာ အုပ်စိုးတဲ့အစိုးရကသူ့အာဏာတည်မြဲဖို့အတွက် သင်္ကြန်ကို ဝါဒဖြန့်ချိရေးအတွက် အမွှမ်းအသုံးပြုလာကြတယ်။ မ. ဆ. လ ခေတ်နှောင်းပိုင်းကာလလောက်ကစပြီး သင်္ကြန်မဏ္ဍပ်တွေ၊ အလှပြယာဉ်တွေရဲ့ အပြင်အဆင်ကိုပင် အစိုးရရဲ့ ပေါ်လစီ မူဝါဒစီမံကိန်းတွေကို သရုပ်ဖော်တဲ့ ပန်းချီဒီဇိုင်းကိုပဲ အသုံးပြုစေခဲ့တယ်။ ဒါတင်မကသေးပါဘူး။ သင်္ကြန်သီချင်းတွေကိုလည်း အစိုးရမူဝါဒကို ပစ်ခတ်ထောက်ခံတဲ့ စကားလုံးတွေ၊ စာသားတွေ အကြောင်းအရာတွေထည့်ရတယ်။ သံချပ်ဆိုရင် အဆိုးဆုံးပါပဲ။ အပြုသဘောဝေဖန်တာကိုပင် လက်မခံပါဘူး၊ ဖြတ်ရုံတောက်ရုံမကဖမ်းဆီးအရေးယူတာမျိုးထိ ပြုလုပ်ခဲ့တယ်။

ဒါကြောင့် မ. ဆ. လ ခေတ်ရဲ့ သင်္ကြန်သီချင်းအများစုဟာ ခေတ်ပြောင်းတော်လှန်ရေး၊ လူ့ဘောင်သစ်၊ ဆိုရှယ်လစ်၊ လောကနိဗ္ဗာန်၊ အလုပ်သမား၊ လယ်သမား၊ ရိုးပြတ်လယ်ကွင်း၊ စက်ရုံအလုပ်ရုံ စတဲ့ စကားလုံးတွေနဲ့ပဲ ပြည့်နေတယ်။ မဏ္ဍပ်တွေ၊ အလှပြယာဉ်တွေမှာလည်း ဘာထူးမှာလဲ။ သင်္ကြန်သရုပ်ထက် ကြယ် ၁၄ ပွင့်၊ ပင်နယံ၊ တူ၊ စပါးနှံ၊ စက်ရုံမီးခိုးခေါင်းတိုင်၊ လယ်ထွန်စက် စတဲ့ ရုပ်ပုံတွေပဲ ပြည့်နေတယ်။ စီမံကိန်းတစ်ခုခုနဲ့ တိုက်ဆိုင်တဲ့နှစ်ဆိုရင် အခြေခံဥပဒေတံဆိပ်၊ သန်းခေါင်စာရင်းတံဆိပ်၊ အသုံးလုံးတံဆိပ်တွေလည်း ပါရတာပေါ့။ (ဒီနေရာမှာ စကားစပ်လို့ ပြောချင်ပါသေးတယ်။ ၁၉၃၀ ပြည့်နှစ်ဝန်းကျင်ကတည်းက အလှပြယာဉ်နဲ့ သင်္ကြန်ဆင်နွှဲတဲ့ မြို့မတူရိယာအသင်းကတော့ ခေတ်အမျိုးမျိုးကို ဖြတ်သန်းခဲ့ပေမယ့် သူ့သီချင်း၊ သူ့အလှပြယာဉ်က အနုပညာတစ်ခုတည်းကိုပဲ ဖော်ဆောင် ထင်ဟပ်စေခဲ့တယ်။ တစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ ငြိမ်းချမ်းရေးသင်္ကြန်၊ ပြည်ထောင်စုသင်္ကြန်မျိုးမှသာ သက်ဆိုင်တဲ့ သင်္ကြန်သီချင်းတစ်ပုဒ်ကို အနုပညာမြောက်စွာ ရေးစပ်သီဆိုတယ်။ သင်္ကြန်ပြိုင်ပွဲတွေမှာလည်း ပါဝင်ယှဉ်ပြိုင်ခြင်း မပြုလုပ်ခဲ့ပါဘူး။ အသင်းကို စတင်တည်ထောင်ခဲ့သူများရဲ့ အမြော်အမြင်ကြီးမားမှုနဲ့ စောင့်ထိန်းမှုတွေပါပဲ။)

၁၉၈၈ လူထုအရေးတော်ပုံ နောက်ပိုင်းမှာတော့ သင်္ကြန်ကို အုပ်စိုးသူရဲ့ လက်ဝါးကြီးအုပ် အပိုင်စီးမှုက အဆိုးဆုံးပါပဲ။ မဏ္ဍပ်တစ်လုံးရဲ့ စီမံခန့်ခွဲမှုနဲ့ ကျင်းပမှု အစီအစဉ်အားလုံးဟာ သက်ဆိုင်ရာ အာဏာပိုင်ရဲ့ ချုပ်ကိုင်မှုအောက်မှာပဲ ရှိပါတော့တယ်။ ဝါဒဖြန့်ချိမှု၊ အခွင့်အရေး၊ အခွင့်အာဏာ၊ ကိုယ်ကျိုးစီးပွား ဆိုတာတွေဟာ သင်္ကြန်ရဲ့ အမှတ်လက္ခဏာအဖြစ် ခိုင်မာစေခဲ့တယ်။ ယဉ်ကျေးသော ရိုးရာသင်္ကြန်ရဲ့ သရုပ်သကန်တစ်ခုမှ မကျန်တော့ပါဘူး။ အထင်ကရဖြစ်တဲ့ မန္တလေးမြို့တော်ဝန်မဏ္ဍပ်မှာ သင်္ကြန်သီချင်းသစ်အများစုက "ဒို့တာဝန်အရေး ၃ပါး"နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးသားညီလာခံ အောင်မြင်ရေး၊ လမ်းပြမြေပုံ ၇ ချက် စတာတွေ အများဆုံးပါပဲ။ ၂၀၀၈ ခုနှစ်မှာတော့ အခြေခံဥပဒေ အတည်ပြုရေးတွေပေါ့။ တစ်နှစ်ကများ သင်္ကြန်ကို တပ်မတော်ကြီးကို အင်အားရှိမှ. . . ဆိုတဲ့. . . သီချင်းနဲ့ဖွင့်ခဲ့တယ်။ ပြီးတော့ ကျောင်းသူလေးတွေ ကကြတာက စည်းလုံးခြင်း



အတွက် သီချင်းတစ်ပုဒ် . . . တဲ့။ ဒီတော့ သင်္ကြန်က သင်္ကြန်နဲ့မတူတာ နှစ် ၃၀ ကျော်ပြီ။

၂၀၁၆ ခုနှစ်မှာ ပြည်သူက ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့အစိုးရက နိုင်ငံတော်မှာ ပေါ်ပေါက်လာပြီ။ ဒီတစ်ခါတော့ ဆုံးရှုံးခဲ့တဲ့ မန္တလေးသင်္ကြန်ရှင်သန်ထမြောက်နိုင်ပြီလို့ မန္တလေးသူ မန္တလေးသားတွေက မျှော်လင့်ဝမ်းသာကြလေရဲ့။ ဝမ်းသာမျက်ရည်လည်ကြလေရဲ့။ ကနဦးအစနှစ်မို့ နဂါးမယ်လို၊ ငုရွှေဝါလို၊ ရွှေမန်းမေလို၊ ယမင်းသူဇာလို၊ ဟော်နန်းသူဇာလို၊ ရေနန်းဗိမာန်လို၊ ချစ်ပန်းနွယ်လို၊ လှသူဇာလို. . . သင်္ကြန်စစ်စစ်မဏ္ဍပ်တွေ မရှိခင်စပ်ကြား ရှိပြီး မြို့တော်ဝန်မဏ္ဍပ်ကြီးက "မန္တလေးမဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်"ဆိုတဲ့ နာမည်နဲ့ ရိုးရာသင်္ကြန်သီချင်းစစ်စစ်၊ သင်္ကြန်အကစစ်စစ်တွေနဲ့ "ပြောင်းလဲချိန်တန်ပြီ"မို့ လည်တဆန့်ဆန့် မျှော်လင့်နေကြတာပေါ့။ ကျွန်တော်ကလည်း သင်္ကြန်ချစ်သူပီပီ ယခုနှစ်မှစပြီး လာမယ့် သင်္ကြန်ပုံရိပ်မြင်ကွင်းတွေကို စိတ်ကူးပုံဖော်ကြည့်မိနေပါ၏။ အခုလို . . .

×××××   ×××××   ×××××

မန္တလေးကျုံးပတ်လည်တွင် မီးရောင်စုံတို့ ထိန်ထိန်ညီးနေသည်။ ဦးထိပ်တံခါး၊ ကျော်မိုးတံခါး၊ စည်ရှင်တံခါး၊ လေးသိန်းတံခါးတို့၏ ဘုံခုနစ်ဆင့်ပြာသာဒ်များကို မီးလုံးရောင်စုံထွန်းညှိထားသည်။ ကျန် ဘုံငါးဆင့်မိတ်တံခါးပြာသာဒ်များ၊ မြို့ထောင့်ပြာသာဒ်များ၊ ပြအိုးပြာသာဒ်များကိုလည်း မီးလုံးအဝါတွေဆင်ယင်ထားသည်။ မြို့ရိုး၏ သူရဲခိုတစ်လျှောက် ရောင်စုံအလံတွေကလည်း တလူလူလွင့်နေ၏။ ရတနာပုံဒင်္ဂါးတံဆိပ်များကို အလံတိုင်းတွင် ရိုက်နှိပ်ထားသည်။ မြို့ရိုးတစ်လျှောက်နှင့် မီးကာကြီးများလည်း မီးမောင်းများဖြင့် ပတ်ထား၏။ ကျုံးအတွင်း၌ ရေပန်းရောင်စုံတွေ ပွင့်ဖူးနေသည်။

မန္တလေးမြို့တည် ခုနစ်ဌာနပုံ မြင်ကွင်းကျယ်ပန်းချီကားများကို တစ်ချပ်ပြီးတစ်ချပ် အလှည့်ကျထိုးပြနေသည့် နောက်ခံဖြင့်၊ ခေတ်မီလှပသော မြို့တော်ဝန်သင်္ကြန်မဏ္ဍပ်ကြီးက ကျုံးမြို့ရိုးသို့ ဦးခိုက်ကာ ခံ့ညားဝံ့ကြွားနေ၏။ ကျုံးလေးဖက်လေးတန်တွင် ခေတ်မီဆန်းပြားသော လက်စွမ်းပြဗိသုကာပုံစံ အမျိုးမျိုးနှင့် အလှပြမဏ္ဍပ်တိုင်းက ကျုံးဘက်သို့ချည်း မျက်နှာမူထားသည်။ မဏ္ဍပ်တိုင်းမှာ မန္တလေးသရုပ်သကန် အနုပညာအထိမ်းအမှတ် ဒီဇိုင်းတစ်ခုခုလည်းပါကြသည်။ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၏မဏ္ဍပ်များဖြစ်ကြသော်လည်း ဌာနလုပ်ငန်းကိုသရုပ်ဖော်သော၊ ကုမ္ပဏီတံဆိပ်ကိုကြော်ငြာသော၊ ကုန်ပစ္စည်းကိုကြော်ငြာသော အနုပညာမမြောက်သည့် သင်္ကြန်နှင့်မဆိုင်သော ရုပ်ပုံ၊ စာသား၊ ဖော်ပြချက် တစ်ခုတလေမျှလည်း မပါ. . .။ ခေတ်ကိုထင်ဟပ်၊ ယဉ်ကျေးမှုကို ဖော်ထုတ်သည့် စေတနာသန့်သန့် အစီအစဉ်တွေချည်း. . . .။ ကျုံးပတ်ပတ်လည်. . . . သည်လိုအလှပြမဏ္ဍပ်မျိုး အလုံး ၂၀ လောက်ရှိမှာပေါ့။ ဒါဆို တော်ပြီ. . .။

"အို. . . . အမောင်လူသား
ဟိုမှာကြည့်စမ်း၊ အခိုင့်အခိုင်ဝေဆာလွင်
ဝေဖြာပွင့်လန်း၊ ပန်းမျိုးတစ်ရာစုံလင်
သည်အတာရေသဘင် ရောက်ပြန်လေလျှင်. . .
အမြင်မဆန်း၊ ညစ်နွမ်းသမျှ၊
ရေစင်ပက်ဖျန်း ရွှင်လန်းစေချင်. . . "တဲ့. . .။

သင်္ကြန်သီချင်းသံက ပျံ့လွင့်နေသည်။ ကျုံးပတ်လည်၌ မြို့မ၊ သင်္ဂဟ၊ သီဂီ၊ နုယဉ်၊ ဂီတလုလင်၊ ထီလာမောင်၊ တေးချစ်သူ၊ ဖွဲလုလင်၊ မိုးကေသီ. . . စသည်ဖြင့် မီးရောင်စုံဆင်အလှပြယာဉ်များက တစ်မဏ္ဍပ်ဝင် တစ်မဏ္ဍပ်ထွက် တီးမှုတ်ဖျော်ဖြေနေကြ၏။ ထိုအသင်းများအတွက် စရိတ်စကအားလုံးကို စည်ပင်၊ ကုမ္ပဏီစသော အဖွဲ့အစည်းများက တာဝန်ယူကြသည်။ "ရန်ကုန်က အဆိုတော်တွေချည်း ငှားခတင် သိန်း ၄၀၀၀ လောက်ကုန်နေတာ၊ အခုအစီအစဉ်ကြောင့် သိန်း ၄၀၀၀ ဆိုရင် ဒီလို အလှပြယာဉ်မျိုး ၁၅ စီးလောက် ဖောဖောသီသီသုံးပြီး ထွက်နိုင်တယ်"ဟု တာဝန်ရှိသူတစ်ဦးက အင်တာဗျူးဖြေကြားနေတာကိုလည်း ရုပ်မြင်သံကြား၌ တွေ့လိုက်ရ၏။

ကျုံးအတွင်းလှ အလှပြပြည်ကြီးမွန် ဖောင်ကြီးကလည်း လှေတော်အခြွေအရံများဖြင့် တေးဂီတသံသာယာစွာ တငြိမ့်ငြိမ့် ရွေ့လျားနေသည်။

"သည်ကမ်း၊ သည်သောင်၊ သည်တောင်၊ သည်ယာ
သည်ရွာ၊ သည်မြို့၊ သည်သို့၊ သည်ဓလေ့
ပျော်မွေ့နှစ်ခြိုက် စရိုက်အစဉ်အလာ. . .
သည်မြေမှာမွေး. . . သည်မြေသွေးပင်
သည်မြေကိုလျှောက် သည်ရေသောက်လျှင်
ပန်းပိတောက်တို့ ပမာတင်
အပင်ချင်းယှက်၊ အခက်ချင်းယှဉ်
တစ်ပွင့်မြေသက် တစ်ပွင့်တက်
တစ်ခက်သက်ကြွေ၊ တစ်ခက်ဝေ
သည်အတာ သည်ရေသဘင်
အားမာန်သစ်ဝင်. . . ."တဲ့ မန္တလေးတယောကွန်ရှာတိုအုပ်စု၏ ငြိမ့်ငြိမ့်တေးသွားက ကျုံးရေပြင်၌ ရှပ်တိုက်ပြေးသွားသည်။

စာမျက်နှာ ၁၀ မှ ကော်လံ ၁ သို့

## သင်္ကြန်အတွင်း သွေးလိုအပ်မှုအခက်အခဲမဖြစ်ပေါ်စေရန် မြတ်ပါရမီလူမှုကူညီရေးအသင်းက စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဧပြီ ၅**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်တွင်တည်ရှိသော မြတ်ပါရမီလူမှုကူညီရေးအသင်းမှ အသင်းသူအသင်းသားများ ဦးဆောင်၍ မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ကာလတွင် သွေးလိုအပ်မှု အခက်အခဲမဖြစ်ပေါ်စေရန် သွေးလှူဒါန်းမှုကို ဧပြီ ၅ ရက် နံနက် ၉ နာရီက နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီး သွေးလှူဘဏ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယခုသွေးလှူဒါန်းမှုတွင် မြတ်ပါရမီလူမှုကူညီရေးအသင်းမှ အသင်းဝင်များ၊ ရပ်ကွက်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း ၄၀ လှူဒါန်းခြင်းဖြစ်ပြီး ခုတင် ၁၀၀၀ ဆေးရုံကြီး ရောဂါဗေဒဌာန အထူးကုဆရာဝန်ကြီး ဒေါက်တာထိန်ဝင်းက သွေးလှူဒါန်းခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ အရေးပေါ်သွေးလိုအပ်ပါက မည်သူမဆို မြတ်ပါရမီလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ဖုန်း ၀၉-၄၉၃၁၉၉၆၀ ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## မိုးဆက်လက် ထစ်ချုန်း ရွာမည်

**နေပြည်တော် ဧပြီ ၅**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့်သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

(မိုး/ဇလ)



# တိုင်းပြည်၏ အနာဂတ်မြင်ကွင်း

**မောင်ရာဟု**

ဆရာကြီး ဒေါက်တာညီညီ သူ့ဟောပြောပွဲမှာပြောခဲ့တဲ့စကားကို ပြန်တွေးပြီး သဘောကျမိပါတယ်။ "ကျွန်တော်သာ လုပ်ပိုင်ခွင့်ရှိရင် ဌာနတစ်ခုထားမယ်၊ ဒီဌာနရဲ့တာဝန်က စိတ်ကူးသစ် အကြံဉာဏ်သစ်တွေ ရှာဖို့ပဲ။ ဒီဌာနရဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေက ကမ္ဘာကြီးမှာ ဘာတွေဖြစ်နေသလဲ၊ ဘာတွေလုပ်နေသလဲဆိုတာကို မျက်ခြည်မပြတ်လေ့လာမယ်။ ကိုယ့်တိုင်းပြည်အတွက် ဘယ်လိုလုပ်ငန်း၊ ဘယ်လိုစိတ်ကူးမျိုးက အသုံးတည့်မယ်ဆိုတာကို လေ့လာတင်ပြမယ်။ ဒါမှမဟုတ်ရင်လည်း ဒါတွေကိုအခြေခံပြီး စိတ်ကူးသစ် အကြံဉာဏ်သစ်တွေကို ထုတ်ယူမယ်"လို့ပြောခဲ့တာပါ။ တိုင်းပြည်က အနာဂတ်မှာ ဘယ်လိုလှုပ်ရှားလည်ပတ်မယ်ဆိုတာကို ပုံဖော်ကြည့်တဲ့သဘောပါ။ တိုင်းပြည်ရဲ့"အနာဂတ်မြင်ကွင်း"ပဲ ဆိုပါတော့။

ဆရာကြီးရဲ့စကားကို ချဲ့ဆန့်ပြီး တွေးကြည့်ပါတယ်။ ဒီစိတ်ကူးသစ် အကြံဉာဏ်သစ်မယ့် ပုဂ္ဂိုလ်တွေဟာ တိုင်းပြည်ရဲ့ ပကတိလိုအပ်ချက်ကိုတော့ အကြမ်းဖျင်းသဘောပေါက်ထားဖို့တော့ လိုပါတယ်။ တိုင်းပြည်လူဦးရေရဲ့ လေးပုံသုံးပုံနီးပါး မှီတင်းနေထိုင်တဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရမယ်။ ပြည်သူလူထုက သူတို့စိတ်ကူး အကြံဉာဏ်ရှိရင် ရှိသလို စီးပွားရေးလုပ်ငန်းတွေ ထူထောင်လုပ်ကိုင်နိုင်တဲ့ အခြေအနေမျိုးရှိရမယ်။ ပြည်သူလူထုရဲ့ ကျန်းမာရေးနဲ့ ပညာရေးကို အဆင့်အတန်းမြှင့်တင်ပေးရမယ် စတဲ့ စတဲ့ အားလုံးကလက်ခံသဘောတူပြီးသား အခြေခံအချက်တွေသိရင်ကိုပဲ လုံလောက်ပါပြီ။ ဒီအခြေခံအချက်တွေကို လက်ကိုင်ပြုပြီး ကိုယ့်တိုင်းပြည်နဲ့ အစပ်အဟပ်တည့်မယ့် စိတ်ကူးအကြံဉာဏ်တွေကို ရှာဖွေရမှာပါ။ စကားစပ်လို့ပြောရရင် လွှတ်တော်ကိုယ်စားလှယ်တွေ သက်ဆိုင်ရာလွှတ်တော်ကို တိုင်းပြည်ရေးရာကိစ္စတွေ တင်ပြတဲ့အခါ ထိရောက်ကောင်းမွန်ဖို့အတွက် အထောက်အကူပြုဌာနတစ်ခု ရှိသင့်ပါတယ်။ ဒီအထောက်အကူပြုဌာနက တင်ပြတဲ့ကိစ္စအကြောင်းအရာအပေါ် မူတည်ပြီး အချက်အလက်တွေ သုတေသနလုပ်ရှာဖွေပြီး အစီရင်ခံစာကို ပြင်ဆင်ပေးတာမျိုး လုပ်သင့်ပါတယ်။ သူများနိုင်ငံတွေမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းအတွက် သီးခြားအထောက်အကူပြုရုံးအဖွဲ့ရှိပေမယ့် မြန်မာနိုင်ငံအနေအထားအရ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီအတွက် သီးခြားအထောက်အကူပြုရုံးထားဖို့ကတော့ မဖြစ်နိုင်သေးပါဘူး။ လွှတ်တော်တစ်ခုချင်းအလိုက် အထောက်အကူပြုဌာနတစ်ခုစီ ထားမယ်ဆိုရင်တော့ ဖြစ်နိုင်မယ် ထင်ပါတယ်။

ပြောရမယ်ဆိုရင်တော့ အုပ်ချုပ်ရေးကဏ္ဍမှာလည်း စိတ်ကူးသစ် အကြံဉာဏ်သစ်တွေ လိုအပ်နေတာ အသေအချာပါပဲ။ လက်ရှိအချိန်မှာ ပြည်ထောင်စုအစိုးရကိုရော တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတွေကိုပါ ပြည်သူလူထုက အင်တိုက်အားတိုက် ရွေးချယ်တင်မြှောက်လိုက်တဲ့ လွှတ်တော်တွေကနေ ခန့်အပ်တာဝန်ပေးပြီးသွားပါပြီ။ လူထုအစိုးရအဆင့်ဆင့်ဟာ တိုင်းပြည်ရဲ့ခက်ထန်ကြမ်းတမ်းတဲ့ သမိုင်းကြောင်းကနေ မွေးထုတ်ပုံဖော်ပေးလိုက်တဲ့ အုပ်ချုပ်ရေးယန္တရားကို အမွေဆက်ခံ အုပ်ချုပ်ရတော့မှာပါ။ အုပ်ချုပ်ရေးယန္တရားအသီးသီးမှာရှိနေတဲ့ ဝန်ထမ်းတွေရဲ့ အတွေးအခေါ်၊ အကျင့်စရိုက်တွေကို ပြုပြင်ပြောင်းလဲဖို့လိုတယ်ဆိုပေမယ့်လည်း ဒီကိစ္စက အချိန်ယူကိုင်တွယ်ဖြေရှင်းရမယ့် ကိစ္စပါ။ အရေးတကြီး ကိုင်တွယ်ဆောင်ရွက်ရမှာက ပကတိအခြေအနေကို ထင်ဟပ်နိုင်စွမ်းရှိတဲ့ အုပ်ချုပ်ရေးစနစ်တစ်ရပ်လို့ ယူဆပါတယ်။ ဒီအုပ်ချုပ်ရေးစနစ်ဟာ ဝန်ထမ်းတွေရဲ့ ရှိရင်းစွဲကျွမ်းကျင်မှုအပေါ်လည်း အခြေခံရပါမယ်။ သက်ဆိုင်ရာဌာနတွေရဲ့ ခွင့်ပြုဘတ်ဂျက်အတွင်းက ဖြစ်ဖို့လိုပါတယ်။ အကျင့်ပျက်လာဘ်စားမှုကို ထိထိရောက်ရောက် ကိုင်တွယ်ရမှာဖြစ်ပေမယ့် ဝန်ထမ်းတွေကို စားဝတ်နေရေး ကုန်ကျစရိတ် ဖိစီးမှုဒဏ်ကနေလွတ်အောင် လက်တွေ့ဘယ်လိုပံ့ပိုးကူညီနိုင်မလဲဆိုတာကိုလည်း စဉ်းစားသင့်ပါတယ်။ ၁၉၆၂ ခုနှစ်မှာ ဗိုလ်ချုပ်ကြီးနေဝင်းက ဆိုရှယ်လစ်စနစ်ကို ထူထောင်တဲ့အခါ တိုင်းပြည်ရဲ့ စီးပွားရေးယန္တရားတစ်ရပ်လုံးကို ရုတ်တရက်ဆိုသလို ပြည်သူပိုင်သိမ်းယူခဲ့ပါတယ်။ အခုနေပြန်စဉ်းစားရင် အဲဒီအချိန်မှာမေးရမယ့်ပုစ္ဆာက ရှင်းရှင်းလေးပါ။ ဒီစီးပွားရေးယန္တရားကို ဘယ်ပုဂ္ဂိုလ်၊ ဘယ်အဖွဲ့အစည်းတွေက ကိုင်တွယ်လည်ပတ်မှာလဲ။ လည်ပတ်ကိုင်တွယ်မယ့်စနစ်ကို ပုံဖော်တွေးကြည့်ထားပြီးပြီလား။ ဒီရိုးစင်းတဲ့ပုစ္ဆာကို ဖြေကြည့်ရင်ကိုပဲ လက်တွေ့မှာ မဖြစ်နိုင်ဘူးဆိုတာက ပုံပေါ်ပြီးသားပါ။ ဒါပေမယ့် မဖြစ်နိုင်တဲ့ ဆိုရှယ်လစ်စီမံကိန်းတွေကို ဇွတ်အတင်းအကောင်အထည်ဖော်ရင်း တိုင်းပြည်ဟာ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံဘဝကို ရောက်ခဲ့ရပါတယ်။ တိုင်းပြည်ရဲ့ ပကတိအခြေအနေကို ထင်ဟပ်နိုင်စွမ်းရှိဖို့ အရေးကြီးတယ်ဆိုတာကို ပြောလိုတာပါ။ လူထုကလည်း မျှော်လင့်ချက်တွေမြင့်မား၊ လူထုအစိုးရကလည်း တိုင်းပြည်အတွက် လုပ်လိုက်မယ်ကွလို့ စိတ်အားတွေတက်ကြွနေလို့ ဆန္ဒစောတာမျိုး သတိထားမိအောင် သမိုင်းဟောင်းကို ပြန်တူးဆွလိုက်ရတာပါ။

❊ ကျောဖုံးမှ

ကိုယ်စားလှယ်အဖွဲ့တို့ဟာ နေပြည်တော်ကို အထူးလေယာဉ်နဲ့ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။

အဲဒီနေ့မှာပဲ အီတလီနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်တွေဟာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့နဲ့ အစီအစဉ်အတိုင်း တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်သွားမှာဖြစ်ပြီး နောက်တစ်ရက် မေ ၇ ရက်မှာတော့ ရန်ကုန်မြို့ကို တစ်ရက်ကြာ လာရောက်လည်ပတ်ကာ မေ ၈ ရက် နံနက်မှာ ပြန်လည်ထွက်ခွာသွားကြမယ်လို့ သိရပါတယ်။

အစိုးရသစ်လက်ထက် တစ်ပတ်အတွင်း သံခင်းတမန်ခင်းအနေအထားတွေကို လေ့လာသုံးသပ်ကြည့်ရင် တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိရဲ့ နှစ်ရက်တာ မြန်မာနိုင်ငံခရီးစဉ်က ပိုပြီးထူးခြားလေးနက်မှုတွေ ရှိလာနိုင်တယ်လို့ ယူဆရပါတယ်။

ယခင့်ယခင် အစိုးရနဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေ အပြောင်းအလဲရှိတိုင်းမှာ မြန်မာခေါင်းဆောင်ပိုင်းက တရုတ်နိုင်ငံကို အရင်ဆုံး ဦးဦးဖျားဖျား သွားရောက်လေ့ရှိကြပေမယ့် ဒီတစ်ခေါက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရသစ်လက်ထက်မှာတော့ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိကိုယ်တိုင် နေပြည်တော်ကို အရောက်လှမ်းလာတာကတော့ ထူးခြားချက်လို့ပဲ ဆိုရမှာ ဖြစ်ပါတယ်။

တရုတ်အနေနဲ့လည်း လက်ရှိမှာ အမေရိကန်လင်းယုန်ကြီးနဲ့အပြိုင် စူပါပါဝါနိုင်ငံကြီးအဆင့်ဖြစ်လာပေမယ့် ဒေသတွင်းအာဆီယံနိုင်ငံအချို့နဲ့ တောင်တရုတ်ပင်လယ်ကျွန်းစုကိစ္စ အငြင်းပွားမှုတွေ၊ အစဉ်အလာပြိုင်ဘက် အရှေ့အာရှက ဂျပန်နဲ့ ရေပြင်နယ်နိမိတ် အငြင်းပွားမှုကိစ္စတွေအပြင် အမေရိကန်က ပြီးခဲ့တဲ့ ဖေဖော်ဝါရီလလယ်ပိုင်းကပဲ အာဆီယံနိုင်ငံခေါင်းဆောင်တွေကို သူ့နိုင်ငံဖိတ်ပြီး အမေရိကန်-အာဆီယံ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကျင်းပခဲ့မှုတွေကြားမှာ စိုးရိမ်မကင်း ဖြစ်နေဆဲပါ။

သို့ကလို ဒေသတွင်းအာဆီယံအဖွဲ့ဝင်နိုင်ငံအချို့နဲ့ အစေးမကပ်ဖြစ်နေဆဲကာလမှာ မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်းထိစပ်နေတဲ့အပြင် တရုတ်ရဲ့အကျိုးစီးပွားတွေ စုပြုံတည်ရှိရာ အစဉ်အလာမဟာမိတ် မြန်မာနိုင်ငံရဲ့ နိုင်ငံရေး ပါရာဒိုင်းအရွေ့တစ်ခုကလည်း တရုတ်အတွက် ပိုပြီးစိတ်သောကဖြစ်စရာပါ။

ဆိုမယ့်သာဆိုရပေမယ့် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးဟာ ဟန်မင်းဆက် ငူဝီမင်းလက်ထက်မှာ တရုတ်အဖွဲ့ဝင်တွေ မြန်မာနိုင်ငံကိုဖြတ်ပြီး အာဖဂန်နစ္စတန်ကိုသွားခဲ့တဲ့ သမိုင်းမှတ်တမ်းတွေ၊ သက္ကရာဇ် ၈၀၁ ခုနှစ် တရုတ်ပြည် ဟန်မင်းဆက်လက်ထက်မှာ ရှေးခေတ် မြန်မာတူရိယာအဖွဲ့တစ်ဖွဲ့ ချန်အန်းမြို့တော် (ယခုစီအန်း)ကို လာရောက်ခဲ့တဲ့ သမိုင်းမှတ်တမ်းတွေအရ နှစ်ပေါင်း ၂၀၀၀ ခန့် သက်တမ်းရှည်ရှိခဲ့ပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံက ၁၉၄၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ကြောင်းကြေညာပြီး မရှေးမနှောင်းမှာပဲ မြန်မာနိုင်ငံက ၁၉၅၀ ပြည့်နှစ် ဇွန်လထဲမှာ အသိအမှတ်ပြုကြောင်းကြေညာခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသစ်ကို အစောဆုံးအသိအမှတ်ပြုခဲ့တဲ့ နိုင်ငံများထဲမှာ မြန်မာနိုင်ငံက ထိပ်ဆုံးကပါဝင်ခဲ့တာဖြစ်တဲ့အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အဖွဲ့ဝင်အဖြစ် လက်ခံရေးအတွက်လည်း မြန်မာနိုင်ငံက တစ်လျှောက်လုံး ထောက်ခံတောင်းဆိုခဲ့ပါတယ်။

(က) တစ်နိုင်ငံ၏နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်မှုကို တစ်နိုင်ငံက လေးစားရန်။

(ခ) တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှု မပြုလုပ်ရန်။

(ဂ) တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်။

(ဃ) တစ်နိုင်ငံနှင့် တစ်နိုင်ငံ တန်းတူမှုရှိရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရန်။

(င) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန်။

ဆိုတဲ့နောင်အခါ နိုင်ငံရေးပဥ္စသီလလို့ နာမည်ကျော်ခဲ့တဲ့ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ချက်ကိုလည်း ၁၉၅၄ ခုနှစ် ဇွန်လအတွင်း တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံပူးတွဲကြေညာချက်ထုတ်ပြန်နိုင်ခဲ့တဲ့အထိ တရုတ်-မြန်မာ ဆက်ဆံရေးဟာ တိုးတက်ခိုင်မြဲခဲ့ပါတယ်။

ဒါ့အပြင် မြန်မာဟာ တရုတ်က အစဉ်တစိုက်ကိုင်စွဲထားတဲ့ တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ထောက်ခံတဲ့အပြင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ချက်ကိုလည်း ယခုတိုင် လိုက်နာကိုင်စွဲခဲ့ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီက တရုတ်-မြန်မာ အနာဂတ် ဆက်ဆံရေးနဲ့ပတ်သက်ပြီး သတင်းထောက်တစ်ဦးရဲ့မေးမြန်းမှုကို "အိမ်နီးနားချင်းဖြစ်တော့ အိမ်နားနီးချင်းလိုပဲ ဆက်ဆံမှာပေါ့၊ ဒါပေမယ့် တန်းတူရည်တူဆက်ဆံဖို့တော့ လိုတာပေါ့"လို့ ပြောခဲ့ဖူးပါတယ်။

တရုတ်ကွန်မြူနစ်ပါတီရဲ့ တရားဝင်ဖိတ်ကြားမှုအရ ပြီးခဲ့တဲ့နှစ် ဇွန်လ ၁၀ ရက်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ငါးရက်ကြာ ဒေါ်အောင်ဆန်းစုကြည် သွားရောက်ခဲ့တဲ့ ခရီးစဉ်နဲ့ နိုဝင်ဘာ ၁၇ ရက်က ဆင်ဟွာသတင်းဌာနနဲ့ အင်တာဗျူးမှာ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ပြောကြားခဲ့တဲ့ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိစဉ်ကတည်းက ကျင့်သုံးခဲ့တဲ့ နိုင်ငံခြားရေးမူဝါဒဟာ နိုင်ငံအတွက် အလွန်သင့်လျော်ပြီး ဒီမူဝါဒကို အောင်အောင်မြင်မြင် ဆက်လက်ကျင့်သုံးနိုင်မယ်လို့ ယုံကြည်ကြောင်း ပြောဆိုမှုတွေအရ အနာဂတ် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးဟာ မဟာဗျူဟာမြောက် ဆက်လက်တည်ရှိနိုင်ကြောင်း ခန့်မှန်းရပါတယ်။

သို့မို့ကြောင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိရဲ့ နေပြည်တော်ခရီးစဉ်ဟာလည်း နှစ်နိုင်ငံကြားဖြေရှင်းစရာ ပြဿနာရပ်များ အများအပြားရှိပေမယ့် နှစ်ပေါင်းထောင်ချီရှိခဲ့တဲ့ တရုတ်-မြန်မာနှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို အားသစ်လောင်းပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ချက်နှင့်အညီ ကဏ္ဍသစ်တစ်ရပ် ပြန်လည်ဖွင့်လှစ် တည်ဆောက်နိုင်လိမ့်မယ်လို့ သုံးသပ်ယူဆမိကြောင်းပါ။

# မြန်မာ-တရုတ် ချစ်ကြည်ရေး မဟာသင်္ကြန် တေးဂီတဖျော်ဖြေပွဲ မန္တလေး၌ကျင်းပ



**မန္တလေး မေ ၅**

မြန်မာ-တရုတ်ချစ်ကြည်ရေး မဟာသင်္ကြန်တေးဂီတဖျော်ဖြေပွဲကို မေ ၄ ရက် ည ၇ နာရီက မန္တလေးမြို့ နန်းရှေ့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပရာ တရုတ်နိုင်ငံမှ ကမ္ဘာကျော်စန္ဒရားပညာရှင် ဝမ်းယန်၊ နိုင်ငံကျော်အသံမြင့် အမျိုးသမီးတေးသံရှင် ခေါလုဝါးနှင့် နိုင်ငံတော်အဆင့် နှစ်ကြိုးတပ်အိုးရှည် တယောပညာရှင် ယွိရွှယ်တို့ လာရောက်ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ တေးဂီတပညာရှင် သုံးဦးစလုံးက လူငယ်များဖြစ်ကြပြီး စန္ဒရားပညာရှင်ဝမ်းယန်သည် ရုရှားအနုပညာပွဲတော်တေးဂီတပြိုင်ပွဲ ရွှေတံဆိပ်ဆုရလည်းဖြစ်ကြောင်း သိရသည်။ အလားတူ အသံမြင့် အမျိုးသမီးတေးသံရှင် ခေါလုဝါးသည် ဂျပန်နိုင်ငံတွင် ကျင်းပသည့် ဒုတိယအကြိမ်မြောက် လိပ်ပြာမယ်တော် နိုင်ငံတကာသီချင်းဆိုပြိုင်ပွဲ၌ ပထမဆု၊ စတုတ္ထအကြိမ်မြောက် တရုတ်ပြည် နိုင်ငံတကာသီချင်းဆိုပြိုင်ပွဲ၌ ပထမဆုရထားသူဖြစ်ပြီး ကမ္ဘာကျော်တေးသီချင်းများ သီဆိုထုတ်လွှင့်ထားကြောင်း သိရသည်။

၎င်းတို့အနေဖြင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအတွက် မြန်မာ့သင်္ကြန်ပွဲတော် အကြိုကာလအတွင်း လာရောက်ဖျော်ဖြေကြခြင်းဖြစ်ပြီး ဆုတောင်းမေတ္တာပို့ခြင်း၊ တေးဂီတဖျော်ဖြေခြင်းများဖြင့် တင်ဆက်သွားသည်။

**ကျော်ထွေး**

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့အား ပြည်ထောင်စုလွှတ်တော်က အတည်ပြု




**နေပြည်တော် မေ ၅**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတက အဆိုပြုတင်ပြထားသော ပြည်ထောင်စုဝန်ကြီး နှစ်ဦးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်တို့၏ အမည်စာရင်းများကို လွှတ်တော်က သဘောတူကြောင်း ကြေညာခြင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြောင်းလဲတာဝန်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောတူညီချက်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတထံမှ အဆိုပြုတင်ပြထားသော **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး**အဖြစ် **ဦးဖေဇင်ထွန်း**နှင့် **ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး**အဖြစ် **ဒေါက်တာ မျိုးသိမ်းကြီး**တို့ကို လည်းကောင်း၊ **ပြည်ထောင်စုရှေ့နေချုပ်**အဖြစ် **ဦးထွန်းထွန်းဦး**နှင့် **ပြည်ထောင်စု စာရင်းစစ်ချုပ်**အဖြစ် **ဦးမော်သန်း**တို့ကိုလည်းကောင်း ကန့်ကွက်သူမရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် မတ် ၁ ရက်တွင်ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ဆဋ္ဌမနေ့တွင် လွှတ်တော်၏ သဘောတူညီမှုရယူပြီး ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် အတည်ပြု ဖွဲ့စည်းခဲ့ပါကြောင်း။

အဆိုပါ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များအနက်မှ အဖွဲ့ဝင် လေးဦးသည် ၂၀၁၆ ခုနှစ် မတ် ၃၀ ရက်တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့်အတွက် ကော်မရှင်အဖွဲ့ဝင်များအဖြစ်မှ ၎င်းတို့ဆန္ဒအလျောက် နုတ်ထွက်ခွင့်ပြုခဲ့ပါကြောင်း၊ ယင်းကော်မတီဝင်များမှာ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာဝင်းမြတ်အေး၊ အဖွဲ့ဝင် ဒေါက်တာမြင့်ထွေး၊ ဦးစိုးရယ်နှင့် ဦးအောင်မြင့်တို့ဖြစ်ကြောင်း။

ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ နုတ်ထွက်သွားသည့် နေရာတွင် ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာသန်းဝင်း၊ အဖွဲ့ဝင်များအဖြစ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ဟောင်း) ဦးဝင်းထိန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင်(ငြိမ်း) ဦးညီထွန်းနှင့် ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဦးဘိုဝင်းတို့ကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းခြင်းကို လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် **အစား** ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်းဖြင့် ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို မေ ၆ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်တွင် ပြည်ထောင်စုဝန်ကြီးနှစ်ဦးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်တို့ကတိသစ္စာပြုခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ ပိုလန်သံရုံးယာယီတာဝန်ခံအား တွေ့ဆုံ

**နေပြည်တော် မေ ၅**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ပိုလန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Miroslaw Zasada အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် အစိုးရအဖွဲ့အစည်းဖြစ်သည်နှင့်အညီ ပြည်သူ့အကျိုးစီးပွားကို အလေးထားပြီး ပြည်သူ့သဘောဆန္ဒကို လေးစားရမည်

**နေပြည်တော် မေ ၅**

ပြည်သူများသည် အစိုးရကပေးသည့် သတင်းအချက်အလက်နှင့် သုံးသပ်ချက်များသာမက အများပြည်သူ၏ ထင်မြင်ချက်၊ အယူအဆများကို နားထောင်ရခြင်းဖြင့် အသိအမြင်ပြည့်ဝသည့် ပြည်သူလူထုဖြစ်လာမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြန်ကြားရေးဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများ တွေ့ဆုံပွဲတွင် ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။




ပြည်ထောင်စုဝန်ကြီးက မိမိတို့လက်ထက်တွင် အစိုးရက အများပြည်သူကို တစ်ဖက်သတ်ပြောဆိုခြင်းများလည်း ဆောင်ရွက်မည်မဟုတ်ဘဲ အများပြည်သူကို အစီရင်ခံသည့်သဘော သက်ရောက်သော အသိပေးမှုများအပြင် အများပြည်သူက အစိုးရကို ဝေဖန်ထောက်ပြပြောဆိုလိုသည်များကိုလည်း ဖော်ပြပေးရမည်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့ ဝန်ကြီးဌာန အနေဖြင့် ပြောင်းလဲချိန်တန်ပြီဟူသည့် စကားရပ်နှင့်အညီ အပြောင်းအလဲများ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့အစည်းအဆင့်ဆင့်နှင့် ဌာနဆိုင်ရာများ၏ မဆီလျော်သည့်လုပ်ရပ်များနှင့် ပတ်သက်၍ ဝေဖန်ထောက်ပြသည့်အချက်များ၊ အကြံပြုချက်များကို တင်ပြပေးရန် တာဝန်ရှိသကဲ့သို့ အများပြည်သူအကြားမှ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အသိအမြင်ကြွယ်ဝသည့် ပုဂ္ဂိုလ်များ၏ မတူညီသည့်အမြင်များ၊ တူညီသည့် သဘောထားများကိုလည်း ဖော်ပြပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ အမြင်အမျိုးမျိုးဖြင့် ပိုမိုပြည့်ဝလာမည်ဖြစ်ကြောင်း။

ထို့အတူ အစိုးရသစ်အနေဖြင့် ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် အစိုးရအဖွဲ့အစည်းဖြစ်သည်နှင့်အညီ ပြည်သူ့အကျိုးစီးပွားကိုအလေးထားပြီး ပြည်သူ့သဘောဆန္ဒကို လေးစားရမည်ဖြစ်ကြောင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတခြင်းဟူသည့် လောကပါလတရားထွန်းကားသည့် လူ့အဖွဲ့အစည်းဖြစ်ရန် ရှေးရှုပါကြောင်း ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

မေလ ၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ခင်ရတနာ၏ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ သတင်းတွင် အဆိုပါ ဥပဒေအတည်ပြုပြီးပါက ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းနှင့်အညီ သမ္မတအတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် တည်ရှိမည်ဖြစ်ပြီး ဆိုသည့် စာသားအစား **အဆိုပါ ဥပဒေ အတည်ပြုပြီးပါက ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းနှင့်အညီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် တည်ရှိမည်ဖြစ်ပြီး**ဟု လည်းကောင်း၊ ဓာတ်ပုံစာညွှန်းပါ နိုင်ငံတော်သမ္မတ၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် မကြာမီမြင်တွေ့ရဖွယ်ရှိသည့် ဒေါ်အောင်ဆန်းစုကြည် အစား **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် မကြာမီ မြင်တွေ့ရဖွယ်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်**ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန် အနူးအညွှတ်ပန်ကြားအပ်ပါသည်။ **(စာတည်း)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်း ပြည်သူ့လွှတ်တော်က အတည်ပြု

**နေပြည်တော် ဧပြီ ၅**

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းအား ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့၌ လွှတ်တော်၏အဆုံးအဖြတ်ရယူပြီး အတည်ပြုသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ခြင်းမပြုသည့် အပိုဒ်၊ အပိုဒ်ခွဲများအား အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း အတည်ပြုနိုင်ရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် မောင်မောင်၊ ဗိုလ်မှူးကြီးအောင်သီဟ၊ ဗိုလ်မှူးကြီး ထွန်းမြတ်ရွှေနှင့် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းတို့က ၎င်းတို့တင်သွင်းထားသည့် ပြင်ဆင်ချက်အဆို (၁၃) ခုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအပိုဒ်၊



**တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီး အောင်သီဟ**



**ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း**

အပိုဒ်ခွဲအလိုက် ဆွေးနွေးကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ် မောင်မောင်က ယခုတင်သွင်းသည့် ဥပဒေကြမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ကျော်လွန်မှုများ ရှိနေသည်ဟု တပ်မတော်သားကိုယ်စားလှယ်များက ဆွေးနွေးမှုများ ပြုခဲ့ကြောင်း၊ ထို့ကြောင့် ယခု ဥပဒေ ကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိအောင် လိုအပ်သော ပြင်ဆင်သုံးသပ်မှုများကို ပြုလုပ်ရန် လိုအပ်ကြောင်း၊ ပြင်ဆင်မှုများ ဆောင်ရွက်ခြင်းမပြုဘဲ ဥပဒေပြင်ဆင်သည့်ပုဒ်မများကို မဲခွဲဆုံးဖြတ်ခြင်းများ ပြုလုပ်ပြီး အတည်ပြုမှုများ ဆက်လက်ဆောင်ရွက်မည်ဆိုပါက တပ်မတော်သား ကိုယ်စားလှယ်များအနေဖြင့် ဆက်လက်ပါဝင် ဆောင်ရွက်ရန် အခက်အခဲရှိမည်ဖြစ်ပြီး မဲပေးခြင်းများ ဆောင်ရွက်မည်မဟုတ်ကြောင်း တင်ပြသည်။

ထို့အတူ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သီဟကလည်း ယခုဥပဒေကြမ်းနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ပါ စကားရပ်များကို စိစစ်လေ့လာသည့်အခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီသည့်စကားရပ်ကို ပြင်ဆင်ပေးရန် အဆိုပြုဆွေးနွေးခဲ့ပါကြောင်း၊ ယင်းအဆိုပြုချက်များကို လက်ခံခြင်းမပြုဘဲ မဲခွဲဆုံးဖြတ်မည်ဆိုလျှင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆုံးဖြတ်ချက်ကိုကန့်ကွက်ပြီး မဲပေးခြင်းပြုလုပ်မည်မဟုတ်ကြောင်း တင်ပြသည်။

ပြင်ဆင်ချက်အဆို တင်သွင်းထားသူများ၏ ဆွေးနွေးချက်များနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း ထားရှိသင့်ကြောင်း သဘောထားမှတ်ချက်ပေးခဲ့သည်။

ထို့နောက် ဥပဒေကြမ်း၏ ပြင်ဆင်ချက်များနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် စက်ခလုတ်နှိပ်မဲခွဲဆုံးဖြတ်ရာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်မဲပေးခဲ့ခြင်းမရှိသော်လည်း ထောက်ခံဆန္ဒမဲများသည့်အတွက် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းတစ်ရပ်လုံးအား အတည်ပြုရန် လွှတ်တော်၏ ဆန္ဒရယူရာ သဘောတူသူများသည့်အတွက် အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူကြောင်း အတည်ပြုကြေညာသည်။

ယင်းဥပဒေကြမ်းတစ်ရပ်လုံးအား အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များက မတ်တတ်ရပ် ကန့်ကွက်ခဲ့ကြသည်။

ယင်းဥပဒေကြမ်းအား ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၉၉ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ပိုလန်နိုင်ငံ သံရုံးယာယီတာဝန်ခံအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ပိုလန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Miroslaw Zasada အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ပြည်သူများ စည်ပင်သာယာရေး၊ ကျန်းမာရေးနှင့် ပညာရေးကိစ္စများကိုမြှင့်တင်ပေးမည့် ကော်မတီသုံးခု စတင်ဖွဲ့စည်း




**ယနေ့အသစ်ဖွဲ့စည်းလိုက်သည့် လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှအဖွဲ့ဝင်များ၊ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့နှင့်အတူ တွေ့ရစဉ်**

**ရန်ကုန် ဧပြီ ၅**

ဒုတိယအကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး ခန်းမ၌ကျင်းပရာ ပြည်သူများ စည်ပင်သာယာရေး၊ ကျန်းမာရေးနှင့် ပညာရေးကိစ္စများကို အကောင်းဆုံးမြှင့်တင်ပေးမည့် လူမှုရေးနှင့် စီမံခန့်ခွဲရေး ကော်မတီအပါအဝင် ကော်မတီသုံးခုကို ယနေ့လွှတ်တော်သို့တင်ပြအတည်ပြု ဖွဲ့စည်းနိုင်ခဲ့သည်။

ယနေ့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ ဒုတိယအကြိမ် ပထမပုံမှန်အစည်းအဝေး (၁၂) ရက် မြောက်နေ့တွင် လူမှုရေးနှင့် စီမံခန့်ခွဲမှုကော်မတီအပါအဝင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် စက်မှုလက်မှုရေးရာကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတို့ကို အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအမည်စာရင်းများတင်သွင်းပြီး တိုင်းဒေသကြီးလွှတ်တော်၏ သဘောတူညီမှုရယူကာ အတည်ပြုပေးနိုင်ခဲ့သည်။

လွှတ်တော်တွင် ယနေ့အတည်ပြုပေးနိုင်ခဲ့သည့် လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးသာအောင် (အင်းစိန်မြို့နယ်မဲဆန္ဒနယ်အမှတ်-၁)၊ အဖွဲ့ဝင်များအဖြစ် ဦးသောင်းထွဋ် (ဗဟန်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၂)၊ဦးအောင်မင်းမင်း (ကွမ်းခြံကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၂)၊ ဦးလှဌေး (မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ် အမှတ် -၁)၊ဦးလှသိန်း (တာမွေမြို့နယ် မဲဆန္ဒနယ် အမှတ် -၁)၊ ဦးတင်ထွန်းနိုင် (ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မဲဆန္ဒနယ်အမှတ် -၁)၊ ဦးနေမျိုးကျော်(ခ) ဦးနေဘုန်းလတ် (သယ်န်းကျွန်းမြို့နယ် မဲဆန္ဒနယ် အမှတ် -၁)၊ ဦးအောင်နိုင် (ကိုကိုးကျွန်းမြို့နယ် မဲဆန္ဒနယ် အမှတ် -၂)၊ ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးထွန်း (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်)၊ ဗိုလ်မှူး ငြိမ်းချမ်းအောင် (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်)နှင့် အတွင်း ရေးမှူးအဖြစ် ဦးညီညီ ( ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ် -၁)တို့ ပါဝင်သည်။

“လူမှုရေးနဲ့စီမံခန့်ခွဲရေးကော်မတီကတော့ တိုင်းရင်းဆေးနဲ့ပတ်သက်တာတွေရော၊ ရှေးဟောင်းအမွေအနှစ်တွေနဲ့ပါ၊ ရုပ်ရှင်ရုံ စတဲ့ ပညာရေး၊ ကျန်းမာရေး၊ ပြည်သူတွေ စည်ပင်သာယာရေးအပါအဝင် ကဏ္ဍနယ်ပယ်တော်တော်လေးစုံပါတယ်။ ပတ်သက်တဲ့သက်ဆိုင်ရာဌာနတွေကိုလည်း စောင့်ကြည့်ရုံသာမဟုတ်ဘဲ တိုးတက်ဖို့ကိုလည်း ပူးပေါင်းဆောင်ရွက်သွားမှာပါ” ဟု လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးညီညီ (ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် မဲဆန္ဒနယ် အမှတ်-၁)က ယနေ့ လွှတ်တော်အပြီးတွင် မီဒီယာများအား ပြောကြားသည်။

ထို့အပြင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် စက်မှုလက်မှုရေးရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးသက်ထွန်းဝင်း (ဗိုလ်တထောင်မြို့နယ် မဲဆန္ဒနယ်အမှတ်-၂)၊ အဖွဲ့ဝင်များအဖြစ် ဒေါက်တာ ကျော်ဇင်ဦး (တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်-၁) ၊ ဦးအောင်မြတ်ကျော် ( ဗဟန်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၁)၊ ဒေါ်သီတာ(ခ) ဒေါ်သီတာမောင် (ရန်ကင်းမြို့နယ် မဲဆန္ဒနယ်အမှတ် -၁)၊ ဦးသန်းနိုင်ဦး အဖွဲ့ဝင်( ပန်းဘဲတန်းမြို့နယ် မဲဆန္ဒနယ်အမှတ် အမှတ်-၁)၊ဒေါ်မြလှစံ အဖွဲ့ဝင် (ကျောက်တံတားမြို့နယ် မဲဆန္ဒနယ်အမှတ်-၂)၊ ဦးလှတိုး (ခရမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် -၁)၊ ဗိုလ်မှူးအောင်သန်းဝင်း (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်)၊ ဗိုလ်မှူး သန်းနိုင် (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်)နှင့် ကော်မတီအတွင်းရေးမှူးအဖြစ် ဦးဝေဖြိုးဟန် (အင်းစိန်မြို့နယ် မဲဆန္ဒယ်အမှတ် -၁) တို့ကို အတည်ပြုခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင်လည်း ဥက္ကဋ္ဌအဖြစ် ဒေါ်အေးအေးမာ (လမ်းမတော်မြို့နယ် မဲဆန္ဒနယ် အမှတ် -၁)၊ အဖွဲ့ဝင်များအဖြစ် ဦးအောင်နိုင် (ကိုကိုးကျွန်းမြို့နယ် မဲဆန္ဒနယ် အမှတ် -၂)၊ ဦးရွှေယင်(ခ) ဦးထွန်းရင် (ဒလမြို့နယ် မဲဆန္ဒနယ် အမှတ် -၁)၊ ဦးမောင်မောင်သန်း (ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ် အမှတ် -၂)၊ ဦးသိန်းဇော် ( ရန်ကင်းမြို့နယ် မဲဆန္ဒနယ် အမှတ် -၂)၊ ဦးအောင်နိုင်ထွန်း (သန်လျင်မြို့နယ် မဲဆန္ဒနယ် အမှတ် -၂)၊ ဒေါ်ယဉ်ယဉ်မြင့် (အလုံမြို့နယ် မဲဆန္ဒနယ် အမှတ်-၁)၊ ဒေါ်မိုးမိုးစုကြည် (မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ် အမှတ်-၂)၊ ဗိုလ်မှူး ဟိန်းဇော် (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်)၊ ဗိုလ်မှူးသူရိန် (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်)တို့နှင့် အတွင်းရေးမှူးအဖြစ် ဒေါ်သစ်သစ်မြင့် (တောင်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ် အမှတ် -၁)တို့ကို ရွေးချယ်ဖွဲ့စည်း အတည်ပြုနိုင်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် ယခင်ဖွဲ့စည်းခဲ့သည့် ကော်မတီခုနစ်ခု၊ ယနေ့ အသစ်ဖွဲ့စည်းခဲ့သည့် ကော်မတီသုံးခုအပါအဝင် စုစုပေါင်း ၁၀ ခုတို့ကို တိုင်းဒေသကြီးလွှတ်တော်အနေဖြင့် အောင်မြင်စွာ အတည်ပြုဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်သည်။ ယင်းကော်မတီများမှာ တိုင်းဒေသကြီးလွှတ်တော်ဥပဒေကြမ်းကော်မတီ၊ တိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီ၊ တိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ တိုင်းဒေသကြီးလွှတ်တော် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကတိကဝတ်၊ အာမခံချက်များနှင့် လွှတ်တော်အခွင့်အရေးကော်မတီ၊ တိုင်းဒေသကြီး လွှတ်တော်တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊ တိုင်းဒေသကြီးလွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေး၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောရေးရာကော်မတီနှင့် တိုင်းဒေသကြီးလွှတ်တော် တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့်တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီတို့ ဖြစ်သည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- ဗညား(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၁/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**
**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနများတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးကြီးတင်အောင်ထွန်း | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) | ဦးမြင့်သောင်း | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၃) | ဦးဟံထွန်း | စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန |
| (၄) | ဒေါ်နီလာကျော် | လျှပ်စစ်စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| (၅) | ဦးမောင်မောင်စိုး | စည်ပင်သာယာရေးဝန်ကြီးဌာန |
| (၆) | ဦးနိုင်ငံလင်း | လူမှုရေးဝန်ကြီးဌာန |

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြို့တော်ဝန်များအဖြစ် တာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၂/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**
**မြို့တော်ဝန်များအဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါတိုင်းဒေသကြီးဝန်ကြီးများကို ယှဉ်တွဲဖော်ပြပါ မြို့တော်ဝန်များအဖြစ် တာဝန်ပေးအပ်လိုက်သည်-

(၁) ဦးမောင်မောင်စိုး — ရန်ကုန်မြို့တော်ဝန်
စည်ပင်သာယာရေးဝန်ကြီးဌာန

(၂) ဒေါက်တာရဲလွင် — မန္တလေးမြို့တော်ဝန်
စည်ပင်သာယာရေးဝန်ကြီးဌာန

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

*စာမျက်နှာ ၆ မှ*

ကျုံးပတ်ပတ်လည် ရိုးရာယဉ်ကျေးမှုသင်္ကြန်ကား မန္တလေးသင်္ကြန်သည်ကို အပီပြင်ဆုံးဖြင့် ညချမ်းအချိန်အခါ တန်ခူးလပြည့်လရောင်အောက်မှာ အလှသင်္ကြန်၊ အကသင်္ကြန်၊ ဂီတသင်္ကြန်ကို ထင်ဟပ်ပြနေ၏။ သင်္ကြန်မတိုင်မီ အောက်တိုဘာလလောက်ကတည်းက ရုပ်မြင်သံကြားမှ ဇာတ်လမ်းတွဲအစီအစဉ် မြန်မာ့ယဉ်ကျေးမှုသင်္ကြန်သရုပ်သဏ္ဌာန်ကို တင်ဆက်ပြသနေမှုကြောင့် တစ်နိုင်ငံလုံးသာမက ကမ္ဘာကပါ ဒီနှစ်မန္တလေးသင်္ကြန်ကို စိတ်ဝင်စားကြ. . .။ စိမ်းစိုစည်ကားသော မန္တလေးကန်တော်ကြီးမှာလည်း နေ့ခင်း၌ ရေပက်မဏ္ဍပ်များက မင်းသား မင်းသမီးများ၊ အဆိုတော်များ၊ တီးဝိုင်းများဖြင့် ရေပက်ကာ အော်ဟစ်မြူးထူး ကခုန်ကြဆဲ. . . .။ ရေပက်မဏ္ဍပ် အားလုံးလိုလိုကတော့ . . . ကြော်ငြာ ဗီနိုင်းဆိုင်းဘုတ်များဖြင့် ဝေဆာလို့. . . .။

နေ့ခင်း၌ ကန်တော်ကြီးတွင် ခေတ်ပေါ်ကြော်ငြာသင်္ကြန်ကိုခံစားပြီး ညပိုင်းကျုံးပတ်လည်၌ မန္တလေးသင်္ကြန် ရိုးရာယဉ်ကျေးမှု သရုပ်သကန်ကို လွမ်းဆွတ်ကြည်နူးစွာ ခံစားကြရတော့ သမိုင်းကြောင်းနှင့် အမွေအနှစ်ကို မျိုးဆက်သစ်များအား မျက်ဝါးထင်ထင် ပြသနိုင်ခဲ့၍ လူကြီးတွေကိုယ်နှိုက်က ဝမ်းသာမျက်ရည်ဝဲ. . .။

ကျုံးအတွင်းမှ မီးရှူးမီးပန်းရောင်စုံတို့ ဖြာထွက်သွားသည်။ "၁၃၇၈ ခုနှစ် မန္တလေး ၁၅၇ နှစ်မြောက်သင်္ကြန်"ဟူသော စာသားများ ကောင်းကင်ယံတွင် လင်းလက်သွားသည်။ ပြီးတော့ ဖြည်းဖြည်းချင်း ပျောက်ကွယ်. . .။

. . . . . . . . . . . . . . .

××××× ××××× ×××××

ကျွန်တော့် စိတ်ကူးအိပ်မက်က ဖျတ်ခနဲ နိုးသွားသည်။ အိပ်မက်က နိုးနိုးချင်း . . .

အင်း . . . .၊ ကြားရတဲ့ ကနဦးသတင်းအရတော့ မန္တလေးမြို့တော်ဝန် သင်္ကြန်မဏ္ဍပ်မှာ အရင်က အစိမ်းရောင်လွှမ်းတဲ့ မဏ္ဍပ်ကို ဦးဆောင်ပြီး အနုပညာဖန်တီးသူတွေကပဲ စိမ်းစိမ်းရွှင်အနုပညာတွေ နှစ်ပေါင်းဆယ်ချီ ဖန်တီးခဲ့ကြရာက နေ့ချင်းညချင်း"ပြောင်းလဲချိန်တန်ပြီ" မို့ အခုတော့ ရဲရဲနီလိုက်ပြန်ပြီတဲ့။ ဒီမိုကရေစီနိုင်းချင်း၊ ဗိုလ်ချုပ်အောင်ဆန်းနိုင်းချင်း၊ ပြောင်းလဲချိန်တန်ပြီ နိုင်းချင်း၊ ခွပ်ဒေါင်းနိုင်းချင်း၊ နိုင်ငံသူ နိုင်ငံသားများ နိုင်းချင်း၊ ဒါမျှမက "ပြည်တော်ပြန်မယ်ထွေး နန်းတက်မှအေး" ထိအောင် ရဲရဲတောက်လိုက်ကြဦးမှာ ဆိုလား . . .။

ဒီလိုဆိုရင်ဖြင့် ယခင် မန္တလေးမြို့တော်ဝန် သင်္ကြန်မဏ္ဍပ်၊ ယခု နာမည်ပြောင်း "မြို့တော်မဏ္ဍပ်" ကြီးရဲ့ ဒီနှစ် သင်္ကြန်အစီအစဉ်တွေကိုတော့ အစစအရာရာ အမြော်အမြင်ကြီးပြီး ဂုဏ်ဖော်ကြွားဝါမြှောက်ပင့်မှုကို ဘယ်တုန်းကမှ မလိုလားခဲ့တဲ့ လူထုခေါင်းဆောင်ကို ဂုဏ်တက်စေမှာလား၊ မျက်နှာပူစေမှာလားဆိုတာ သတိထားကြရပါမယ်။

အခုဟာ "အဘခေတ်"မှ မဟုတ်တာ. . .။ မြှောက်ပင့်စရာ၊ ဖားစရာမှ မလိုတော့တာ. . .။ သင်္ကြန်စစ်စစ်ကိုပဲ လိုချင်ကြတဲ့ဥစ္စာ. . . .။

# ရေနီး-ကညင်အိုင်-တံတားကြီးကျေးရွာချင်းဆက်လမ်း ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်

**ရေတာရှည် ဧပြီ ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စုအတွင်းရှိ ရေနီး၊ ကညင်အိုင်၊ တံတားကြီးကျေးရွာသုံးရွာကို ဆက်သွယ်ထားသည့်လမ်းကို ဧပြီ ၄ ရက်မှစ၍ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ပြုပြင်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာသုံးရွာမှာ ဖိုခနောက်ဆိုင်ပုံစံ တည်ရှိကာ ဆွာမြို့သို့သွားရာ၌ ရေနီးဆွာချောင်း အခမဲ့ကွန်ကရစ်တံတားမှတစ်ဆင့် သွားရောက်ကြရသည့်အတွက် ရာသီမရွေး သွားလာနိုင်ပြီး မော်တော်ယာဉ်များပါ ဝင်ရောက်နိုင်ရန် လမ်းသားချဲ့ထွင်ကာ မြေသားဖို့ခြင်း၊ ကျောက်မှုန့်များ ထပ်ဆောင်းခင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်လျက်ရှိသည်။

"ခုလိုလမ်းဖောက်လုပ်လိုက်တဲ့အတွက် ကျန်းမာရေးအရ အရေးအကြောင်းဆို ကားဝင်လို့ရပြီး ဆေးရုံ၊ ဆေးခန်းကို အမြန်ဆုံးပို့ပေးနိုင်မယ်။ နောက်ပြီးကျေးရွာတွေမှာ မီးဘေးအန္တရာယ် ကျရောက်လာရင် မီးသတ်ယာဉ်တွေ ဝင်နိုင်အောင်လို့ ကျွန်တော်တို့ ဒေသတွင်းမှာရှိတဲ့ ကျေးရွာတွေ စုပေါင်းတိုင်ပင်ပြီးမှ အိမ်ထောင်စုအလိုက် ထည့်ဝင်ငွေရယ်၊ အလှူခံလို့ရတဲ့ငွေတွေနဲ့ ဖောက်လုပ်တာပါ" ဟု ကညင်အိုင်ကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**



# လွှတ်တော်၌ ကျန်းမာရေးစောင့်ရှောက်မှုပေး



နေပြည်တော် ဧပြီ ၅

**ဒုတိယအကြိမ်မြောက်ကျင်းပလျက်ရှိသည့် လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်တွင်းတာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ ကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆေးပေးခန်းများ၌ အရေးပေါ်လူနာရှိလာခဲ့လျှင် အရေးပေါ်ကုသနိုင်ရေးအတွက် နှလုံးနှိုးစက်နှင့် အသက်ကယ်စက်များထားရှိကြောင်း သိရသည်။**

လွှတ်တော် ကိုယ်စားလှယ်များအတွက် သက်ဆိုင်ရာလွှတ်တော်အသီးသီးတွင် ဆေးပေးခန်းများထားရှိပေးရာ နေ့စဉ်ဆေးခန်းတစ်ခု၌ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးခန့် လာရောက်ပြသကြကြောင်း၊ ရန်ကုန်ဆေးရုံကြီးမှ လာရောက်တာဝန်ထမ်းဆောင်သည့် အထွေထွေရောဂါကုသမားတော် ဒေါက်တာ နှင်းဝတ်ရည်ဦးထံမှ သိရသည်။

ဆက်လက်၍ ၎င်းက "ပထမအကြိမ် လွှတ်တော်မှာတော့ တာဝန်မကျဘူး၊ ဒီလွှတ်တော်မှာမှ ပထမဆုံးတာဝန်ကျတာဖြစ်ပါတယ်။ များသောအားဖြင့်ကတော့ ဆီးချိုရောဂါ၊ သွေးတိုးရောဂါတို့ နောက်တစ်ခုက ရာသီအကူးအပြောင်းကာလဖြစ်တတ်တဲ့ နှာစေး၊ ချောင်းဆိုး၊ ဖျားနာတာလောက်ပဲ ရှိပါတယ်။ ဆရာမတို့က ပြင်ပလူနာဌာနအနေနဲ့ ဆောင်ရွက်ပေးတာဖြစ်တဲ့အတွက် အကြီးစားရောဂါကုသမှုအနေနဲ့တော့ ဆောင်ရွက်မသွားသေးပါဘူး။ နာတာရှည်ရောဂါရှင်တွေ ရှိလာခဲ့ရင်တော့ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးကို ပို့ပေးပါတယ်။

"ဒီမှာက သောက်ဆေးပဲပေးနိုင်တယ်။ အရေးပေါ် အခြေအနေအတွက်ကတော့ နှလုံးနှိုးစက်တို့ အသက်ကယ်စက်တို့ အကုန်အပြည့်အစုံ ရှိပါတယ်။ သွေးစစ်ဖို့၊ ဓာတ်မှန်ရိုက်ဖို့ လိုအပ်လာရင်တော့ နေပြည်တော်ကို ပို့ပေးပါတယ်။ အခုလောလောဆယ်အထိတော့ အရေးပေါ်လူနာမရှိသေးပါဘူး" ဟု ပြောသည်။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာဝန်များမှာ ရန်ကုန်ဆေးရုံကြီး၊ မန္တလေးဆေးရုံကြီး၊ ဆေးတက္ကသိုလ်များ နှင့် မြောက်ဥက္ကလာပဆေးရုံမှ ဆရာဝန်များက နှစ်ပတ်လျှင် တစ်ဦးနှုန်းဖြင့် အလှည့်ကျဆေးကုသမှုပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-သိမ့်သိမ့်မိုး (မြန်မာ့အလင်း)**
**ဓာတ်ပုံ-ကိုကိုနေ**

# ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် ဧပြီ ၅**

ထူးခြားသည့်နေ့အပူချိန်များမှာ ဘော်လခဲမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ရမည်းသင်းမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ တောင်ငူမြို့နှင့် ဟသ်ာတမြို့တို့ တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။
**(မိုး/ဇလ)**

# ဟယ်လင်ကလတ်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးအတွက် နယူးဇီလန် အဆိုပြု



**ဝယ်လင်တန် ဧပြီ ၅**
နယူးဇီလန်အစိုးရသည် ယခင်ဝန်ကြီးချုပ်ဟောင်း ဟယ်လင်ကလတ်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နေရာအတွက် အဆိုပြုခဲ့ကြောင်း ဝန်ကြီးချုပ်ဂျွန်ကီးက အင်္ဂါနေ့တွင် ပြောခဲ့သည်။

အသက် ၆၆ နှစ် ရှိပြီဖြစ်သော ကလတ်သည် ၁၉၉၉ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ဗဟိုလက်ဝဲအလုပ်သမားပါတီတွင် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၉ ခုနှစ် ဧပြီမှစ၍ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်တွင် ပထမဆုံး အမျိုးသမီးစီမံအုပ်ချုပ်သူတစ်ဦး ဖြစ်လာခဲ့သည်။

ထို့အပြင် ကလတ်သည် လုပ်ငန်းအတွက် အထောက်အကူဖြစ်စေသော အတွေ့အကြုံများနှင့် ကျွမ်းကျင်မှုများ ပေါင်းစပ်ထားသော အရည်အချင်းလည်းရှိကြောင်း ကီးက ပြောခဲ့သည်။ ကလတ်တွင် အခြားသူများအတွက် ခက်ခဲသော နိုင်ငံတကာကိစ္စရပ်များ၌ ဖြေရှင်းနိုင်သော အတွေ့အကြုံများစွာရှိသည်။ နားထောင်မှုစွမ်းရည်မြင့်မားပြီး ဆက်သွယ်ရေးကောင်းမွန်သူတစ်ယောက်လည်းဖြစ်သည်ဟု ပြောခဲ့သည်။

ယခုလက်ရှိ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် လာမည့်ဒီဇင်ဘာလတွင် တာဝန်ထမ်းဆောင်မှု သက်တမ်းကုန်ဆုံးမည် ဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ထောက်ခံမှုဖြင့် ယခုနှစ်တွင်ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အတွင်းရေးမှူးချုပ်အသစ်ကို ရွေးချယ်ခန့်အပ်ရမည်ဖြစ်သည်။

နယူးဇီလန်အနေဖြင့် ယခုလက်ရှိလုံခြုံရေးကောင်စီတွင် ယာယီတာဝန်ယူနေရပြီး အဖွဲ့အစည်းအတွင်း ပိုမိုပွင့်လင်းမှုရရှိစေရန် လိုအပ်ကြောင်း နယူးဇီလန်အစိုးရအနေဖြင့် တောင်းဆိုခဲ့ခြင်းဖြစ်သည်။
**(ဆင်ဟွာ)**

## ဩစတြေးလျနိုင်ငံ ကွင်းစလန်း၌ အကြမ်းဖက်မှုဆိုင်ရာ ဥပဒေသစ်ပြဋ္ဌာန်း

**ဆစ်ဒနီ ဧပြီ ၅**
ကွင်းစလန်းပြည်နယ် အစိုးရသည် အကြမ်းဖက်တိုက်ခိုက်မှုကို ရဲများကိုင်တွယ် ဖြေရှင်းရာတွင်လည်းကောင်း၊ ပြည်သူ့အရေးပေါ် ကိစ္စများဆောင်ရွက်ရာတွင်လည်းကောင်း လွယ်ကူစေရေးအတွက် ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ကွင်းစလန်းပြည်နယ် ဝန်ကြီးချုပ်က အယ်ခိုင်ဒါနှင့်အိုင်အက်စ်ကဲ့သို့သော အကြမ်းဖက်အုပ်စုများသည် အထူးသဖြင့် အနောက်နိုင်ငံများမှ ပြည်သူများကို ပစ်မှတ်ထား၍ မကြာခဏတိုက်ခိုက်လေ့ရှိကြောင်း၊ ၎င်းတို့အစိုးရအတွက် ပြည်သူလူထု၏ အသက်အိုးအိမ်ကာကွယ်စောင့်ရှောက်ရေးသည် အဓိက ဦးစားပေးလုပ်ငန်းဖြစ်ကြောင်း ပြောခဲ့သည်။

ယခုပြဋ္ဌာန်းရန် ဆောင်ရွက်နေသည့် ဥပဒေသည် အကြမ်းဖက်မှုများကို ကာကွယ်ရာ၌ ထိရောက်မည့် ဥပဒေဖြစ်ကြောင်း၊ ကွင်းစလန်းပြည်နယ်ကို ဘေးကင်းလုံခြုံအောင် စွမ်းဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

ကွင်းစလန်းပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲက ပြည်သူ့အရေးပေါ်ကိစ္စများဆောင်ရွက်ရာ၌ ရဲများ ရရှိရန်လိုအပ်သည့် လုပ်ပိုင်ခွင့်များကို အဆိုပါဥပဒေက ခွင့်ပြုပေးထား၍ ပြည်သူ့အရေးကိစ္စများကို လျင်မြန်လွယ်ကူစွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ပြောသည်။

အဆိုပါဥပဒေသည် လူ့အခွင့်အရေးကိုလည်း ထိခိုက်ခြင်းမရှိဘဲ ကွင်းစလန်းပြည်နယ်၏ လုံခြုံရေးကို အပြည့်အဝဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။
**(ဆင်ဟွာ)**

## မြောက်ကိုရီးယား ပလူတိုနီယံထုတ်လုပ်သောနေရာမှ မီးခိုးများထွက်လာသည်ဟု အမေရိကန်ပြော

**ဝါရှင်တန် ဧပြီ ၅**
မြောက်ကိုရီးယား၏ ပလူတိုနီယံထုတ်လုပ်သောနေရာမှ မီးခိုးများထွက်လာကြောင်းကို မကြာသေးမီက ဖမ်းယူရရှိခဲ့သော ဂြိုဟ်တုပုံရိပ်က ပြသခဲ့ကြောင်း အမေရိကန် သုတေသနပညာရှင်များကပြောခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး သံသယများကြီးထွားလာကြောင်း သိရသည်။

ဂျွန်ဟော့ကင်းတက္ကသိုလ်ရှိ အမေရိကန်-ကိုရီးယားအင်စတီကျူက တနင်္လာနေ့တွင် ၎င်း၏ ဝက်ဆိုက်ပေါ်တွင် ဓာတ်ပုံတစ်ပုံလွှင့်တင်ခဲ့သည်။ မတ်လ ၁၂ ရက်နေ့ နေ့စွဲပါ ယင်းဓာတ်ပုံတွင် ညွှန်ဗြွန် နျူကလီးယားအဆောက်အအုံနေရာ၏မီးခိုးခေါင်းတိုင်မှ မီးခိုးများထွက်လာသည်ကို ပြသခဲ့သည်ဟု သုတေသနပညာရှင်များက ပြောခဲ့သည်။

ထိုသို့မီးခိုးများထွက်လာခြင်းက ယင်းစက်ရုံတွင်ပလူတိုနီယံထပ်မံပြောင်းလဲထုတ်လုပ်နေခြင်း သို့မဟုတ် အနာဂတ်တွင် ထုတ်လုပ်ရန်ပြင်ဆင်နေခြင်းလားဆိုသည်ကို သေချာစွာမသိရသေးကြောင်း သုတေသနပညာရှင်များက ပြောခဲ့သည်။

မြောက်ကိုရီးယားသည် ရက်သတ္တပတ်အတော်ကြာ သို့မဟုတ် လအတော်ကြာထုတ်လုပ်နေပုံရှိသည်ဟု အမေရိကန်အမျိုးသားစုံစမ်းထောက်လှမ်းရေး ညွှန်ကြားရေးမှူး၏ ဖေဖော်ဝါရီလကဖော်ပြချက်ကို ၎င်းသုတေသနပညာရှင်များက ကိုးကားခဲ့သည်။

ညွှန်ဗြွန်အဆောက်အအုံနေရာတွင် ပုံမှန်အတိုင်းလည်ပတ်မှုများ ပြန်လည်လုပ်ဆောင်နေပြီဖြစ်ကြောင်း မြောက်ကိုရီးယားက ပြောခဲ့သည်။
**(အင်န်အိတ်ချ်ကေ)**

## ပေကျင်းမြို့ရှိ လမ်းမများပေါ်တွင် လျှပ်စစ်ဆိုင်ကယ်စီးနင်းမှု ပိတ်ပင်မည်

**ပေကျင်း ဧပြီ ၅**
ပေကျင်းမြို့ရှိလမ်း ၁၀လမ်းတွင် လျှပ်စစ်ဆိုင်ကယ်စီးနင်းခွင့်ကို လာမည့်သီတင်းပတ်မှစတင်၍ ပိတ်ပင်တော့မည်ဖြစ်သည်။ ယာဉ်သွားယာဉ်လာများ အဆင်ပြေချောမွေ့စေရေး၊ ယာဉ်မတော်တဆဖြစ်ပွားမှုများလျှော့ချရေးတို့အတွက် ထိုသို့ဆောင်ရွက်ခြင်းဖြစ်ကြောင်း ယာဉ်ထိန်းရဲအဖွဲ့က အင်္ဂါနေ့တွင် ပြောသည်။ ပေကျင်းယာဉ်အန္တရာယ်ကင်းရှင်းရေးဗျူရိုက အဆိုပါလမ်း ၁၀လမ်းမှာ ယာဉ်ကြောပိတ်ဆို့မှု မကြာခဏဖြစ်ပွားလေ့ရှိပြီး ယာဉ်တိုက်မှုနှုန်းလည်းမြင့်မားသည့်အပြင် အချို့လျှပ်စစ်ဆိုင်ကယ်များမှာလည်း လိုင်စင်မရှိသည့်အတွက် ယခုလိုပိတ်ပင်ရန် ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ပြောသည်။ ပေကျင်းမြို့၌ လျှပ်စစ်ဆိုင်ကယ် လေးသန်းဝန်းကျင်ရှိပြီး ယင်းတို့အထဲမှ အချို့မှာ လျှပ်စစ်ဆိုင်ကယ်ထက် မော်တော်ဆိုင်ကယ်များဖြစ်ကြသည်။ လွန်ခဲ့သောနှစ်အတွင်း လျှပ်စစ်ဆိုင်ကယ်ကြောင့် ယာဉ်တိုက်မှု ၃၁၄၀၄ မှုဖြစ်ပွားခဲ့ပြီး ၁၁၃ ဦး သေဆုံးကာ ၂၁၄၂၃ ဦး ဒဏ်ရာရရှိခဲ့သည်။
**(ဆင်ဟွာ )**

ဟန်ဂေရီနိုင်ငံရှိ နို့ထွက်ပစ္စည်းများ ထုတ်လုပ်သော လယ်သမားများသည် နို့ထွက်ပစ္စည်းများ ဈေးနှုန်းကျဆင်းခြင်းကို ကန့်ကွက်ရန်နှင့် သင့်တင့်မျှတသော ဈေးနှုန်းပြန်လည် ရရှိစေရေး ဘူဒါပက်မြို့လမ်းမပေါ်၌ ၎င်းတို့၏ နွားများကို ယူဆောင်ကာ ဆန္ဒပြစဉ်။ (ဆင်ဟွာ)




## ဗီယက်နမ်နိုင်ငံတွင် ဇီကာဗိုင်းရပ်စ်ရောဂါပိုးတွေ့ရှိ



**ဟန္နိုင်း ဧပြီ ၅**
ဗီယက်နမ်နိုင်ငံကျန်းမာရေးဝန်ကြီးဌာန၏ အင်္ဂါနေ့က သတင်းထုတ်ပြန်ဖော်ပြချက်တွင် ဗီယက်နမ်နိုင်ငံ၌ ပထမဆုံး ဇီကာဗိုင်းရပ်စ်ကူးစက်ခံရမှု နှစ်ခုရှိကြောင်း၊ ၎င်းတို့မှာ နိုင်ငံတောင်ပိုင်း ခန်ဟွာပြည်နယ်နှင့် ဟိုချီမင်းမြို့တို့တွင်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အသက် ၆၄ နှစ်ရှိ ပထမဆုံး အမျိုးသမီးလူနာမှာ ခန်ဟွာနာထရန်မြို့တွင်နေထိုင်သူဖြစ်ကြောင်း အင်္ဂါနေ့က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ကျန်းမာရေးဝန်ကြီးဌာနက ပြောခဲ့သည်။ ၎င်းသည် အဖျားရောဂါကို မတ်လ ၂၆ရက်ကစတင်ခံစားခဲ့ရပြီး ခေါင်းကိုက်ခြင်း၊ ခြေထောက်နှစ်ဖက်တွင် အဖုအပိမ့်များထွက်လာခြင်းတို့ဖြစ်ပွားပြီး မျက်လုံးများ နီရဲမှုများဖြစ်ပွားခဲ့သည်။ နှစ်ရက်ကြာ အိမ်တွင်ကုသပြီး ကောင်းမွန်သောအခြေအနေမရှိသောကြောင့် ခန်ဟွာဆေးရုံ အပူပိုင်းရောဂါများဌာနသို့ တင်ဆောင်ခဲ့ကြောင်း သိရသည်။

မတ် ၃၁ ရက်တွင်ရရှိသော ဆေးစစ်ဆေးမှုအဖြေက ၎င်းတွင် ရောဂါရှိကြောင်း ဖော်ပြခဲ့သည်။ ထို့နောက် ထပ်မံစစ်ဆေးမှုပြုလုပ်ရန် ဟန္နိုင်းအခြေစိုက်အမျိုးသားကျန်းမာရေးနှင့် ရောဂါဗေဒဌာနသို့ ပို့ဆောင်ခဲ့သည်။ ထပ်မံစစ်ဆေးမှုရလဒ်အရ ၎င်းအမျိုးသမီးတွင် ဇီကာဗိုင်းရပ်စ်ရောဂါရှိကြောင်း အတည်ပြုခဲ့သည်။ အခြား အသက် ၃၃နှစ်ရှိ ဟိုချီမင်းတောင်ပိုင်းတွင် နေထိုင်သော အမျိုးသမီးတစ်ဦးသည်လည်း မတ် ၂၉ ရက်က ဖျားနာခဲ့မှုကြောင့် ဆေးစစ်ဆေးကုသမှုခံယူရာနောက်ပိုင်းတွင် ဇီကာဗိုင်းရပ်စ်ရောဂါရှိကြောင်း သိခဲ့ရသည်။

ဗီယက်နမ်က ပြန်လာသော လူတစ်ဦးတွင် ဇီကာဗိုင်းရပ်စ်ရောဂါပိုးတွေ့ရှိခဲ့သည်ဟု ဩစတြေးလျနိုင်ငံက အတည်ပြုခဲ့သည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာခဲ့ပြီးနောက် ဇီကာဗိုင်းရပ်စ်ရောဂါဆိုင်ရာ တပ်လှန့်နှိုးဆော်မှုများကို ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြုလုပ်ခဲ့ကြောင်း သိရသည်။
**(ဆင်ဟွာ)**

## လက်နက်ပြစ်မှုဖြင့် ဖမ်းခံရသောကလေးများအား စာရင်းပြုစု

**မဲလ်ဘုန်း ဧပြီ ၅**
လက်နက်နှင့်ပေါက်ကွဲစေတတ်သော ပြစ်မှုများနှင့်စွဲချက်တင်ထားသော ဩစတြေးလျကလေးသူငယ်အရေအတွက်ကို၂၀၁၅ ခုနှစ်အတွက် စာရင်းပြုစုခဲ့သည်။

ဗစ်တိုးရီးယားရာဇဝတ်မှု ကိန်းဂဏန်းဆိုင်ရာအေဂျင်စီ (CSA)က အသက် ၁၀ နှစ်နှင့် ၁၄ နှစ်အကြားရှိ ကလေးငယ် ၁၁၆ ဦးကို လက်နက်ဆိုင်ရာပြစ်မှုဖြင့် ၂၀၁၅ ခုနှစ်တွင် ဖမ်းဆီးထားကြောင်း ဖော်ပြခဲ့သည်။ ၎င်းအပြင် ဆယ်ကျော်သက်အရွယ် ၇၆၈ ဦးတို့ကိုလည်း အလားတူပြစ်မှုမျိုးဖြင့် ဖမ်းဆီးထားကြောင်း ဖော်ပြခဲ့သည်။ စစ်ဘက်ဆိုင်ရာအရာရှိဂျွန်ပီဆူတိုက ကလေးသူငယ်များအနေဖြင့် ဓား၊ သေနတ်၊ ပေါက်ကွဲစေတတ်သော လက်နက်များ သယ်ဆောင်လာခြင်းကဲ့သို့သော စွန့်စားမှုများနှင့်ပတ်သက်ပြီး အသိပညာပေးရန် လိုအပ်ကြောင်း ပြောခဲ့သည်။
**(ဆင်ဟွာ)**

# မစ္စ အီနာ မာစီယို လီယိုညက်အား လစ်သူယေးနီးယားသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဧပြီ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ လစ်သူယေးနီးယားနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပေကျင်းမြို့အခြေစိုက် ပထမဆုံးသံအမတ်ကြီးအဖြစ် မစ္စ အီနာ မာစီယို လီယိုညက်အား ခန့်အပ်ရန် အဆိုပြုလာခြင်းကို သဘောတူညီပြီးဖြစ်သည်။

မစ္စ အီနာ မာစီယိုလီယိုညက်သည် ၁၉၈၁ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ဗီလ်နီယက်စ်တက္ကသိုလ်၌ လစ်သူယေးနီးယား ဘာသာစကားကို အင်္ဂလိပ်ဘာသာစကားမှ ဘာသာပြန်ဆိုခြင်း အထူးပြုဖြင့် စာပေလေ့လာသင်ယူခဲ့ပြီး ၂၀၀၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ပါရီမြို့ရှိ သံတမန်ရေးရာနှင့် မဟာဗျူဟာ လေ့လာမှုစင်တာတွင် နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာ ပါရဂူသင်တန်းသို့ တက်ရောက်ခဲ့သည်။ ၎င်းသည် ၁၉၈၆ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ သတင်းထောက်၊ ဒုတိယစာတည်းမှူး၊ စာတည်းမှူး စသည်ဖြင့်လုပ်ကိုင်ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ပွင့်လင်းလူ့အဖွဲ့အစည်း ရန်ပုံငွေအဖွဲ့၊ လစ်သူယေးနီးယား ပွင့်လင်းလူ့အဖွဲ့အစည်း ရန်ပုံငွေအဖွဲ့/ ဆိုရော့စ် ဖောင်ဒေးရှင်း စသည်တို့တွင် ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၉ ခုနှစ်မှ ၂၀၀၃ ခုနှစ် အထိ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ယူနက်စကိုဆိုင်ရာ လစ်သူယေးနီးယား အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၁ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ အရှေ့မိတ်ဖက်ဆောင်ရွက်မှုအဖွဲ့ဆိုင်ရာ သံအမတ်ကြီးအဖြစ်လည်းကောင်း၊ လစ်သူယေးနီးယားနိုင်ငံမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ဒီမိုကရေစီနိုင်ငံများအဖွဲ့တွင် ညှိနှိုင်းရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန လက်တင်အမေရိက၊ အာရှ၊ အာဖရိကနှင့် ပစိဖိတ်ဌာန ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ မစ္စ အီနာ မာစီယိုလီယိုညက်သည် ၂၀၁၅ ခုနှစ် စက်တင်ဘာလမှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ လစ်သူယေးနီးယား သံအမတ်ကြီးအဖြစ် တာဝန် ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် လစ်သူယေးနီးယား၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားနှင့် ပိုလန် ဘာသာစကားတို့ကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သည်။

**(သတင်းစဉ်)**

# (၇)ကြိမ်မြောက် အမျိုးသားအဆင့် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၅**




အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား သတင်းအချက်အလက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် အာဆီယံ၏ အခန်းကဏ္ဍနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများဆိုင်ရာ အထွေထွေဗဟုသုတ အချက်အလက်များကို လူငယ်များအကြား ပိုမိုသိရှိနားလည်နိုင်ရန်ရည်ရွယ်၍ ကွန်ပျူတာ ဂိမ်းပြိုင်ပွဲများ၊ အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ၂၀၀၉ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ (၇) ကြိမ်မြောက် အမျိုးသားအဆင့် အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Studio A ၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရွေးချယ်ထားသည့် ကျောင်းသား ကျောင်းသူ ၂၀ မှ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးပြီးနောက် ဆန်ခါတင် ၁၀ ဦးကို ရွေးချယ်ခဲ့သည်။ ယင်းရွေးချယ်ထားသည့် ကျောင်းသား ကျောင်းသူ ၁၀ဦးကို အမျိုးသားအဆင့် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲဝင်များအဖြစ် ရွေးချယ်ခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် ပထမဆုကို မောင်ပိုင်ကောင်းခန့်(အထက(၂) ဗဟန်း)က လည်းကောင်း၊ ဒုတိယဆုကို မခိုင်ဆုရည်အောင် (အထကပေါင်မြို့နယ်)ကလည်းကောင်း၊ တတိယဆုကို မောင်အောင်ကျော်မြင့် (အထက ၅ ဗိုလ်တထောင်)က လည်းကောင်း၊ အထူးဆုအဖြစ် မောင်သူရိန်ဇံ (အထက(၁)ဒဂုံ)နှင့် မသင်ဇာဆွေ (အထက(၃)ပဲခူး)တို့က အသီးသီး ရရှိခဲ့သည်။ လာအိုနိုင်ငံတွင် သွားရောက်ယှဉ်ပြိုင်မည့် ပထမ၊ ဒုတိယ၊ တတိယရရှိသည့် ကျောင်းသား ကျောင်းသူများသည် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် လာအိုနိုင်ငံ၌ ကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံပဟေဠိပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာဆီယံပဟေဠိပြိုင်ပွဲများကို ၂၀၀၉ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခဲ့သော ကျောင်းသား ကျောင်းသူများအနက် ၂၀၁၃ ခုနှစ်တွင် တတိယဆုနှင့် ၂၀၁၅ ခုနှစ်တွင် ပဥ္စမဆုများ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပါဠိပထမပြန် စာမေးပွဲကျင်းပ

**နေပြည်တော် ဧပြီ ၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌ဖြေဆိုကြရာ ပထမလတ်၊ ပထမကြီးစာရင်းသွင်းသံဃာ၊ သီလရှင်စုစုပေါင်း ၂၇၇၉၅ ပါးအနက် ၂၁၉၅၆ ပါးဖြေဆိုကြသဖြင့် ၇၈ ဒသမ ၉၉ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ❋ *ကျောဖုံးမှ*

ရန်ကုန် စတော့ရှယ်ယာဈေးသည် မတ်လ ၂၉ ရက်က အမြင့်ဆုံးငွေကျပ် ၄၁၀၀၀ အထိအမြင့်ဆုံးတက်ခဲ့ပြီး ရှယ်ယာရောင်းလိုသူများက ငွေကျပ် ၅၀၀၀၀ အထိ ဈေးအတက်ကို စောင့်ဆိုင်းနေကြစဉ် ပြုတ်ကျသွားခဲ့ခြင်းဖြစ်ကြောင်း ရှယ်ယာရောင်းဝယ်သူ ကိုဝင်းကျော်ဦးက ပြောသည်။

ဧပြီ ၅ ရက် နံနက်ပိုင်းက စုစုပေါင်းရှယ်ယာ အရောင်းအဝယ် ၂၂၀၉၆ ခု ဖြစ်ပေါ်ခဲ့ပြီး ရှယ်ယာ တစ်စုငွေကျပ် ၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယနေ့ဈေးတွင် ငွေကျပ် ၃၅၀၀၀ ဖြင့် ဖွင့်လှစ်ခဲ့၍ ငွေကျပ် ၄၀၀၀၀ အထိ ဈေးပြန်ရောက်ဖွယ်ရှိသည်။ ရှယ်ယာဈေးမှာ ဖွင့်သည့်ဈေးအပေါ် မူတည်သည်။ ဖွင့်သည့် ဈေးသည် ငွေကျပ် ၃၅၀၀၀ဖြင့် ဖွင့်ပါက ငွေကျပ် ၄၀၀၀၀ အထိ တက်နိုင်သည်။ ကျလျှင်လည်း ငွေကျပ် ၃၀၀၀၀ အထိသာ အနိမ့်ဆုံးဖြစ်သည်။ စတင်ဖွင့်သည့်ဈေး၏ အတက်အကျ မှာ ငွေကျပ် ၅၀၀၀ စီ ကွာခြားမှုရှိသည်။

ရှယ်ယာဈေးကွက်ကို ရုံးပိတ်ရက်များမှအပ နေ့စဉ် ဖွင့်လှစ်ထားရာ တစ်နေ့လျှင် နံနက် ၁၁ နာရီတစ်ကြိမ်နှင့် မွန်းလွဲ ၁ နာရီတစ်ကြိမ် စုစုပေါင်းနှစ်ကြိမ် ဖွင့်လှစ်ပေး လျက်ရှိသည်။ မွန်းလွဲ ၁ နာရီဖွင့်သည့်ဈေးသည် နောက်နေ့နံနက် ၉ နာရီခွဲတွင် ဖွင့်သည့်ဈေးနှင့် အတူတူ ဖြစ်သည်။

ရန်ကုန်စတော့အိတ်ချိန်းစတော့ရှယ်ယာများကို ပြီးခဲ့ သည့်လကုန်ပိုင်းက စတင်ဖွင့်လှစ်ရောင်းချခဲ့ရာ စတင် ဖွင့်လှစ်သည့်နေ့မှာပင် ငွေကျပ် ၃၁၀၀၀ အထိ ဈေးရှိခဲ့ သည်။ မတ် ၂၅ ရက်နောက်ပိုင်း စတော့ရှယ်ယာဝယ်လိုအားကောင်းလာခဲ့ပြီး လကုန်ပိုင်းတွင် အမြင့်ဆုံးငွေကျပ် ၄၁၀၀၀ အထိ မြင့်တက်ခဲ့သည်။ သို့သော်လည်း ဧပြီ ၅ ရက် နံနက်ပိုင်းက အဖွင့်ဈေးငွေကျပ် ၃၅၀၀၀ ဖြစ်ခဲ့သော် လည်း ဝယ်လိုအားကြောင့်ငွေကျပ် ၅၀၀၀ ပြန်ကျသွားခဲ့သည်။

စတော့ရှယ်ယာဈေးမှာ အမေရိကန်ဒေါ်လာဈေး အပေါ်တွင်လည်း အခြေခံကြောင်း စတော့ရှယ်ယာ ရောင်းဝယ်သူတစ်ဦးက ပြောသည်။ ဧပြီ ၅ ရက် နံနက်ပိုင်း က အမေရိကန်တစ်ဒေါ်လာလျှင်ငွေကျပ် ၁၂၀၅ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

## ခရမ်းလွန်ရောင်ခြည်ကျရောက်မှု

**တိုင်းထွာရရှိသည့် ခရမ်းလွန်ရောင်ခြည်ကျရောက်မှုအမြင့်ဆုံး ညွှန်းကိန်းများမှာ နေပြည်တော်တွင် ၇ ဒသမ ၈၊ ရန်ကုန်မြို့တွင် ၁၀ ဒသမ ၂ နှင့် မန္တလေးမြို့တွင် ၈ ဒသမ ၆ တို့ ဖြစ်ကြသည်။**

(မိုး/ဇလ)

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 9F/2775 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွှေသာကြီး)

**သနိုးဇွေးနှင့်ရောင်းရင်းများ ၏ မဟာသကြိ်န်ခရီးစဉ်များ**

✿ တောင်ကြီး၊ အင်းလေး၊ ပင်းတယ (အဆင့်မြင့်ခရီးစဉ်)
အဆင့်မြင့် Hotel အိပ်၊ Restaurant စား၊ SCANIA ကားဖြင့် (12-4-2016) ထွက်မည်
✿ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ (၇)ရက် (11-4-2016)
✿ ရွှေစက်တော်၊ ရခိုင်-မြောက်ဦး၊ စစ်တွေ၊ ငပလီ (၈)ရက် (12-4-2016)
✿ ထားဝယ်နယ်စပ်-ထီးခီး၊ ကန်ချနာပူရီ၊ မြဘုရား (၇)ရက် (12-4-2016)
အမှတ်(၄၂၄)၊ ရွှေဘုံသာလမ်း Ph: 01-241863, 01-380141, 09-43043109

**အမည်ပြောင်း**

သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏနေ ဦးနိုင်ဝင်းသိန်း၏သား မောင်အောင်ကောင်းမြတ်အား မောင်ရဲရင့်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရဲရင့်နိုင်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်သိန်းထွန်းဦး(ဘ)ဦးမြင့်လှိုင် ၁၂/ဗဟန(နိုင်)၀၉၁၆၆၄ (CDC-57870) ၏ AOT သင်တန်းလက်မှတ် အမှတ်SOT-3972/10 သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၈၉၁၃၄၇**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ဌ/၁၃၂၅၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

**ကန့်ကွက်နိုင်ပါကြောင်း**

ဟသ်ာတမြို့၊ ပတ္တမြားရပ်ကွက်၊ ပတ္တမြား ၂လမ်း၊ အမှတ်၂၁၇ဟုခေါ်တွင်သော ဟသ်ာတခရိုင်၊ ဟသ်ာတမြို့၊ပတ္တမြားရပ်ကွက်၊အကွက်အမှတ်၃၄၊ ပတ္တမြားချောင်ရပ်၊ ဦးပိုင်အမှတ်၆၄၊ မြေဧရိယာ ၀ဒသမ၀၃၇ ဧကရှိ နှစ်၃၀ ဂရန်မြေကွက်မှာ ဒေါ်ကြည်လေး+ဒေါ်မြင့်ရီ အမည်ပေါက်ဖြစ်ပါသည်။ ဒေါ်ကြည်လေးမှာ ၂၆-၉-၁၉၉၉ ရက်တွင် ကွယ်လွန်သွားပြီးဖြစ်သဖြင့် သမီးဖြစ်သူ ဒေါ်မြင့်ရီက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံ၍ လက်ဝယ်ရရှိနေထိုင်လျက်ရှိပါသည်။ ဂရန်စာချုပ်မူရင်းမှာ လွန်ခဲ့သော ၅နှစ်ခန့်က ခြကိုက်ပျက်စီးသွားပါသဖြင့် ကျွန်မ ဒေါ်မြင့်ရီက ဂရန်မိတ္တူပြန်လည် လျှောက်ထားမည့်အပေါ် ကန့်ကွက်ရန်ရှိပါကဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

ဒေါ်မြင့်ရီ ၁၄/ဟသတ(နိုင်)၀၅၀၇၃၈

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သာယာဝတီမြို့နယ်တရားရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၁၃**

ဦးစံမြင့် **နှင့်** ဦးဇော်ဇော်ဟန်
**တရားလို** **တရားပြိုင်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်း မြို့နယ်၊ ၅လမ်း၊ အမှတ် ၁၇နေ ဦးဇော်ဇော်ဟန်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဦးစံမြင့်က စိုက်ပျိုးရေးဆေးနှင့် ဓာတ်မြေဩဇာအိတ်ဖိုးကြွေးကျန်ငွေ ၁၆၇၁၇၆၀ ကျပ် ပြန်ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဧပြီ၂၉ ရက် (၁၃၇၈ခုနှစ်တန်ခူးလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့တည်းမဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးလင်းအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**သာယာဝတီမြို့နယ်တရားရုံး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3A/5273 Toyota Corolla EE98 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးရဲကျော်သူ ၇/ဇကန(နိုင်)၀၀၀၇၂၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

**ကျေးဇူးဆပ်ပါမည်**



ပုံပါ စိတ်မကျန်းမာဖြစ်နေသော ကိုကျော်လွင်ဦး၊ အသက် ၄၅ နှစ်သည် ၇-၃-၂၀၁၆ ရက်မှစ၍ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများမှ အကြောင်းကြားပေးပါရန် အကူအညီ တောင်းခံအပ်ပါသည်။

ထင်ရှားသည့်အမှတ်အသား- မျက်ခုံးအလွန်ထူ၊ အရပ် ၅ပေ ၉လက်မ

**ဆက်သွယ်ရန်လိပ်စာ-**
ဒေါ်အေမီအောင် ဖုန်း-၀၉-၄၄၈၀၃၃၀၉၈
ဦးစိုးလွင် ဖုန်း-၀၁-၅၇၁၇၀၈၊ ၀၉-၅၀၁၉၁၇၁

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ကွင်းအမှတ်(၄၁၆-ဃ)၊ ယခင်မြင်းပြိုင်ကွင်းဟောင်းတွင် ဆောက်လုပ်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး နောက်ဆက်တွဲလုပ်ငန်း (၁၇)မျိုး ဆောက်လုပ်ခြင်းအတွက် လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ရရှိထားသည့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ ဆောင်ရွက်လိုသော လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၆-၄-၂၀၁၆ ရက်မှ ၈-၄-၂၀၁၆ ရက်အထိ (၂၄×၆၅)လမ်းထောင့်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဤရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၂-၅-၂၀၁၆ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ဤလွှတ်တော်ရုံးတွင် ပြန်လည်တင်သွင်းရမည်။ ၄-၅-၂၀၁၆ ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများနှင့်အတူ အဆောက်အအုံဆောက်လုပ်ခွင့် လိုင်စင်၊ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ညွှန်ကြားရေးမှူး ဖုန်း-၀၉-၉၇၆၅၀၄၅၆၁၊ ရုံးဖုန်း-၀၂-၃၆၉၁၅၊ ၀၂-၃၆၉၁၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကြီးကြပ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

# သေနတ်ကို တစ်ဦးနှင့်တစ်ဦးပေးကြည့်ရာမှ ကျည်ထွက်၍ ဒဏ်ရာရရှိ

တာချီလိတ် မေ ၅

**တာချီလိတ်မြို့ ဟောင်လိတ်လမ်းဆုံအနီး မေ ၅ ရက်နေ့ နံနက် ၉ နာရီက အမှိုက်သိမ်းလုပ်သားများ သေနတ်ကို တစ်ဦးနှင့်တစ်ဦး ပေးအပ်ကြည့်ရာမှ သေနတ်ကျည်ထွက်၍ အမှိုက်သိမ်းလုပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။**



ဖြစ်စဉ်မှာ တာချီလိတ်မြို့ ဟောင်လိတ်လမ်းဆုံအနီး လမ်းကြားအတွင်းရှိ အမှိုက်ပုံနားတွင် SKAT အမျိုးအစား၊ ခြောက်ဘီးယာဉ်ဖြင့် အမှိုက်သိမ်းကြရာ မောင်ရွှေ(၂၂ နှစ်)၊ ဦးတင်ထွန်း (၅၄ နှစ်) အပါအဝင် ကျန်လေးဦးတို့သည် အတူရှိနေကြစဉ် မောင်ရွှေက လွန်းကျိုင်းရွာ ပါဆတ်ရပ်ကွက်အတွင်းမှ ရရှိလာသော နံပါတ်ပါ ၉ မမ ပစ္စတို သေနတ်တစ်လက်ကို ၎င်း၏လွယ်အိတ်ထဲသို့ ထည့်၍ သိမ်းထားရာမှ ထုတ်ယူပြသရာ ဦးတင်ထွန်းမှ ကိုင်ကြည့်ပြီး ခလုတ်နှိပ်လိုက်ရာ ကျည်ထွက်ပြီး မောင်ရွှေ၏ ရင်ညွန့်အား ထိမှန်ကာ နောက်ကျောမှ ဖောက်ထွက်သွားသဖြင့် မောင်ရွှေအား ဆေးရုံသို့ လိုက်လံပို့ဆောင်ခဲ့ပြီး ဆေးကုသမှု ခံယူခဲ့ကြောင်း သိရသည်။

အမှုမှာ သေနတ်ဖြင့် ပစ်ခတ်သူ ဦးတင်ထွန်းအား တာချီလိတ်မြို့မ ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ၂၀၁၆ ခုနှစ် သုံးလအတွင်း လူကုန်ကူးမှု ၃၄ မှုဖြစ်ပွားရာ ရှမ်းပြည်နယ်မှ အများဆုံးဖြစ်ပွား

**နေပြည်တော် မေ ၅**

၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် လူကုန်ကူးမှု ၁၂ မှု၊ ဖေဖော်ဝါရီလတွင် ၁၂ မှု၊ မတ်လတွင် ၁၀ မှု၊ သုံးလအတွင်း စုစုပေါင်း လူကုန်ကူးမှုပေါင်း ၃၄ မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ လူကုန်ကူးမှုများကြောင့် စုစုပေါင်း တရားခံ ၆၂ ဦး ဖမ်းဆီးရမိပြီး တရားခံပြေး ၄၃ ဦး ရှိခဲ့သည်။ လူကုန်ကူးမှုခံရသူပေါင်း ၁၀၁ ဦး ရှိခဲ့ရာ ၈၆ ဦး ပြန်လည်ကယ်တင်နိုင်ခဲ့သည်။

လူကုန်ကူးမှုများတွင် သုံးလအတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် လေးမှု၊ မန္တလေးတိုင်းဒေသကြီးတွင် နှစ်မှု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် တစ်မှု၊ တနင်္သာရီတိုင်းဒေသကြီးတွင် တစ်မှု၊ မကွေးတိုင်းဒေသကြီးတွင် တစ်မှု၊ ဧရာဝတီတိုင်းဒေသကြီးတွင် တစ်မှု၊ ကရင်ပြည်နယ်တွင် တစ်မှု၊ မွန်ပြည်နယ်တွင် တစ်မှု၊ ရခိုင်ပြည်နယ်တွင် တစ်မှု၊ ကချင်ပြည်နယ်တွင် သုံးမှု၊ ရှမ်းပြည်နယ်တွင် ၁၈ မှုဖြစ်ပြီး လူကုန်ကူးမှုများတွင် ရှမ်းပြည်နယ်၌ အများဆုံးဖြစ်ပွားခဲ့ကြောင်း သိရသည်။

လူကုန်ကူးမှုဖြစ်ပွားရာ ဦးတည်နိုင်ငံများမှာ တရုတ်နိုင်ငံသို့ လူကုန်ကူးမှု ၂၆ မှု၊ ထိုင်းနိုင်ငံသို့ သုံးမှု၊ မလေးရှားနိုင်ငံသို့ တစ်မှု၊ ပြည်တွင်း၌ လေးမှု ဖြစ်ပွားခဲ့သည်။

လူကုန်ကူးမှု အမျိုးအစားများမှာ အဓမ္မလက်ထပ်ခွင့် ၂၆ မှု၊ အဓမ္မခိုင်းစေမှု ငါးမှု၊ ပြည့်တန်ဆာအဖြစ် ခိုင်းစေမှု သုံးမှုဖြစ်သည်။

အဆိုပါလူကုန်ကူးမှုများတွင် များသောအားဖြင့် ရိုးသား၍ ယုံကြည်လွယ်သူများကို ပစ်မှတ်ထားပြီး လိမ်လည်လှည့်ဖျား သွေးဆောင်ဖျားယောင်း၍ ရောင်းစားခံရခြင်းပင်ဖြစ်သည်။ တရုတ်နိုင်ငံသို့ လူကုန်ကူးခံရသူများမှာ အများအားဖြင့် တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ရခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ ငွေကြေးမက်လုံးပေးပြီး စည်းရုံးကြသည့် လူပွဲစားများကို အထူးရှောင်ရှားရန် လိုအပ်ပေသည်။

**သန်းဦး(လေးမျက်နှာ)**

## လုယက်မှု ကျူးလွန်သူအား အရေးယူထား

**နေပြည်တော် မေ ၅ -** မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်နေ မမျိုးမျိုးလှိုင်(၄၂)နှစ်သည် မေ ၄ ရက် ည ၈ နာရီက မဝေဝေသင်းနှင့်အတူ ၂၂ယ/---- CZI ဆိုင်ကယ်ဖြင့် ၈၄ လမ်းအတိုင်း မောင်းနှင်လာစဉ် ၈၄လမ်း ၃၃×၃၄ လမ်းကြားအရောက် ဆိုင်ကယ်မောင်းနှင်လာသည့် လူငယ်တစ်ဦး ၎င်းတို့ ဆိုင်ကယ်အနီးသို့ ကပ်လာပြီး မဝေဝေသင်း၏ လက်ထဲတွင်ကိုင်ထားသော လက်ကိုင်ဖုန်းကိုလုယူခဲ့ရာ မဝေဝေသင်းက ပြန်လည်ဆွဲသဖြင့် ဆိုင်ကယ်နှစ်စီးလုံး လဲကျတိမ်းမှောက်ခဲ့သည်။ အခင်းဖြစ်နေရာသို့ လှည့်ကင်းဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များ ရောက်ရှိလာသဖြင့် လုယူသူအား ဖမ်းဆီးစစ်ဆေးရာ ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ်ကွက်နေ သက်နောင်နောင်(၂၅ နှစ်)ဖြစ်ပြီး ၎င်းအား ချမ်းအေးသာစံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**ကိုရဲ**

# အင်ဂျင်စက်တစ်လုံးနှင့် ကျွန်းသစ်များ ဖမ်းဆီးရမိ

**ကသာ မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီးကသာခရိုင်အင်းတော်မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးခိုင်မွန်နှင့်အဖွဲ့သည် နှစ်မြို့နယ်ဆက်စပ်နေသည့် မံမှော် သစ်တောကြိုးဝိုင်းအကွက်အမှတ်(၇၃)တွင် မေ ၄ ရက် မွန်းလွဲ ၁ နာရီခွဲက တရားမဝင် အင်ဂျင်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ကျွန်းသစ်အလုံး ၂၀၊ ကျွန်းတိုင်တစ်လုံး စုစုပေါင်း ၅ ဒသမ ၀၈၄ တန်တို့ကို ဖမ်းဆီးမိခဲ့ ကြောင်း သိရသည်။ မံမှော်ကြိုးဝိုင်းအတွင်း၌ ဖမ်းဆီးမိခဲ့သော ပစ္စည်းများကို ပိုင်ရှင်မဲ့အဖြစ် သိမ်းဆည်းကာ အင်းတော်မြို့နယ် သစ်တောဦးစီးဌာနမှ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး**

# ဆိုင်ကယ်နှစ်စီးတိုက်ရာမှ တစ်ဦးသေဆုံး

**ကျိုင်းတုံ မေ ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ တောင်ကြီး-ကျိုင်းတုံလမ်းမကြီး ပြည်နယ်အားကစားကွင်းအနီး၌ ဆိုင်ကယ် နှစ်စီးတိုက်မိရာ တစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၄ ရက် နံနက် ၈ နာရီက ကလေးကစားစရာမိုးပျံပူဖောင်းအရုပ်များကို မော်တော်ဆိုင်ကယ်၌ ချိတ်ဆွဲတပ်ဆင်၍ လှည့်လည်ရောင်းချနေသော ကျိုင်းတုံတက္ကသိုလ်ဝင်းအတွင်း နေထိုင်သူ မောင်အားညွန့်(၃၄)နှစ်သည် အဆိုပါ ပစ္စည်းရောင်းဆိုင်ကယ်ဖြင့် ကျိုင်းတုံမြို့အတွင်းမှ မောင်းနှင်လာပြီး ပြည်နယ်အားကစားကွင်းအနီးအရောက် တစ်ဖက်ယာဉ်ကြော လမ်းဘေးရှိ ကျိုင်းတုံတက္ကသိုလ်သဇင်ဆောင်လမ်းကြားသို့ မီးအချက်မပြဘဲ ကွေ့ဝင်လိုက်ရာ နောက်မှအရှိန်ပြင်းစွာဖြင့် မောင်းနှင်လာသော ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက် ကျိုင်းအင်းရပ်နေ သိန်းကိုလတ်(၃၇)နှစ်၏ ဆိုင်ကယ်ဖြင့် တိုက်မိပြီး မောင်အားညွန့်သည် အခင်းဖြစ်နေရာ၌ သေဆုံးသွားသည်။ မောင်အားညွန့်သည် ကျိုင်းတုံတက္ကသိုလ်၌ သန့်ရှင်းရေးလုပ်သားတာဝန်ထမ်းဆောင်နေသူဖြစ်သည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# လူတစ်ဦး နွားလှည်းပေါ်မှပြုတ်ကျကာ လှည်းဘီးဖြင့် ကြိတ်မိ၍ သေဆုံး

**ကသာ မေ ၅**

ကသာမြို့နယ် ကျောက်ထုံးကြီးရဲကင်းစခန်းမှူး ရဲအုပ်မြတ်စိုးသည် မေ ၄ ရက် နံနက် ၁ နာရီက ရဲကင်းစခန်းမှူးတာဝန်ဆောင်ရွက်နေစဉ် ရဲစခန်းအရှေ့ ရှစ်မိုင်ခန့်အကွာ ကျောက်ထုံးကြီးရွာ ရပ်ကွက်(၅)နေ မျိုးထူးထက်(၁၅ နှစ်)သည် လှည်းပေါ်တွင် ဝါးများတင်ဆောင်၍ ၎င်း၏ဖခင်နှင့်အတူ ကိုယ်တိုင်လှည်းမောင်းပြီး ပြန်လာစဉ် ကျောက်ထုံးကြီးရွာအဝင် အတက်လမ်းအရောက်၌ လှည်းရပ်ပြီးဆင်းစဉ် နွားလန့်၍ ဝါးလှည်းပေါ်မှ ပြုတ်ကျကာ လှည်း၏ ညာဘက်ဘီးဖြင့်ကြိတ်မိကာ ဒဏ်ရာရရှိ၍ နေအိမ်အရောက် သေဆုံးသွားခဲ့ကြောင်း သိရသည်။

မျိုးထူးထက် သေဆုံးရခြင်းမှာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် သိရှိနိုင်ရန် ကသာမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အာဆီယံပညာသင်ဆုလျှောက်ထားနိုင်ကြောင်းကြေညာခြင်း

၁။ ၂၀၁၇ခုနှစ် ပညာသင်နှစ်အတွက် စင်ကာပူအစိုးရက ပညာရေးတွင်ထူးချွန်သော မြန်မာကျောင်းသား ကျောင်းသူများကို အာဆီယံပညာသင်ဆု ရွေးချယ်ပေးအပ်ရန် မြန်မာနိုင်ငံသို့ ကမ်းလှမ်းလာပါသည်။ ရွေးချယ်ခံရသူများသည် စင်ကာပူအစိုးရကျောင်းများတွင် Secondary Three မှ Pre-University Two Level အဆင့်အထိ (၄)နှစ်တာ ပညာသင်ကြားခွင့်ရရှိမည် ဖြစ်ပါသည်။

၂။ အာဆီယံပညာသင်ဆုအတွက် အောက်ပါအရည်အချင်းများနှင့်ကိုက်ညီသည့် ကျောင်းသား ကျောင်းသူများလျှောက်ထားနိုင်ပါသည်-

(က) မြန်မာနိုင်ငံသားဖြစ်ရမည်။
- နိုင်ငံသားကတ်ပြားမူရင်း မှန်/မမှန်စိစစ်၍ လျှောက်လွှာတွင် မိတ္တူပူးတွဲတင်ပြရမည်။

(ခ) ၂၀၀၀ပြည့်နှစ်မှ ၂၀၀၂ခုနှစ်အတွင်း မွေးဖွားသူဖြစ်ရမည်။
- မွေးစာရင်း/သန်းခေါင်စာရင်း/သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ အသက်ထောက်ခံချက်တစ်ခုခု ပူးတွဲတင်ပြရမည်။

(ဂ) တိုင်းဒေသကြီး/ပြည်နယ်ရှိ အခြေခံပညာအလယ်တန်း/အထက်တန်းကျောင်း/ဘုန်းတော်ကြီးသင်ပညာရေးကျောင်း/ပုဂ္ဂလိကကျောင်း (ပညာရေးသင်ရိုးညွှန်းတမ်း/နိုင်ငံတကာသင်ရိုးညွှန်းတမ်းဖြင့်သင်သည့် ကျောင်းအားလုံး)တို့မှ အနိမ့်ဆုံးအဌမတန်း (Grade-9) အောင်မြင်ပြီးသူဖြစ်ရမည်။
- အဌမတန်း (Grade-9) အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်မူရင်းကို လျှောက်လွှာတွင် ပူးတွဲတင်ပြရမည်။

(ဃ) အင်္ဂလိပ်စာအထူးကောင်းမွန်ပြီး သင်္ချာနှင့် သိပ္ပံထူးချွန်သောသူဖြစ်ရမည်။

၃။ အထက်ပါ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသူများသည် တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများသို့ ၂၇-၄-၂၀၁၆ ရက် နောက်ဆုံးလျှောက်ထားနိုင်ပါသည်။

၄။ အာဆီယံပညာသင်ဆု ပဏာမ ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုချိန် | ဖြေဆိုရမည့်ဘာသာရပ်များ | ဖြေဆိုရမည့်စာစစ်ဌာန |
|---|---|---|---|
| ၁၀-၅-၂၀၁၆ | ၁၀း၀၀-၁၀း၃၀ | English | သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးကသတ်မှတ်ပေးသည့်နေရာ |
| | ၁၀း၄၀-၁၁း၁၀ | Mathematics | |
| | ၁၁း၂၀-၁၁း၅၀ | Science | |

၅။ စာဖြေသူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများက စီစဉ်ပေးထားသော ကျောင်းရှိ စာစစ်ဌာနတွင် ဖြေဆိုကြရမည်။

၆။ အာဆီယံပညာသင်ဆု ပဏာမ ရေးဖြေစာမေးပွဲအောင်စာရင်းကို ၂၀-၅-၂၀၁၆ရက်တွင် ထုတ်ပြန်ပေးမည်။

၇။ အာဆီယံပညာသင်ဆု ပဏာမ ရေးဖြေစာမေးပွဲအောင်မြင်သူများသည် ၁-၆-၁၆ ရက်မှ ၃-၆-၁၆ ရက်အတွင်း မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန (ရန်ကုန်ရုံးခွဲ) အမှတ် ၄၂၆၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၌ အာဆီယံပညာသင်ဆု လျှောက်လွှာပုံစံများ ဖြည့်သွင်းရပါမည်။

၈။ ပဏာမ ရေးဖြေစာမေးပွဲအောင်မြင်သူများသည် ရန်ကုန်မြို့တွင် ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း စင်ကာပူနိုင်ငံမှ လာရောက်စစ်ဆေးမည့် ရေးဖြေစာမေးပွဲကိုလည်းကောင်း၊ ထပ်မံရွေးချယ်ခံရသူများသည် ၂၀၁၆ခုနှစ် စက်တင်ဘာလတွင် စစ်ဆေးမည့် လူတွေ့စစ်ဆေးခြင်းကိုလည်းကောင်း ထပ်မံဖြေဆိုကြရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**၂၀၁၇ခုနှစ် အာဆီယံပညာသင်ဆုရွေးချယ်ရေးလုပ်ငန်းအဖွဲ့**



## စစ်တက္ကသိုလ်အမှတ်စဉ်(၄၁)ဗိုလ်လောင်းသင်တန်း (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား အလှူတော် မင်္ဂလာနှင့် မိတ်ဆုံညစာစားပွဲ ဖိတ်ကြားလွှာ

အမှတ်စဉ်(၄၁)ဗိုလ်လောင်းသင်တန်းသည် အမိစစ်တက္ကသိုလ်တွင် လေးနှစ်တာကာလ စာပေပညာ၊ စစ်ပညာသင်ကြားခဲ့ပြီး တိုင်းပြည်တာဝန်ကို ကျရာအခန်းကဏ္ဍအလိုက် ထမ်းဆောင်ခဲ့ရာ ၂၀၁၆ခုနှစ် ဧပြီလ ၇ရက်တွင် (၁၆)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများစုစည်းပြီး ရန်ကုန်မြို့တွင် အောက်ဖော်ပြပါနေ့ရက်အလိုက် အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

* ၇-၄-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် လှူဒါန်းထားသော ကျောက်ဆင်းတုတော်ဘုရားအား အနေကဇာတင်ခြင်းနှင့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း။
* ၉-၄-၂၀၁၆ရက်(စနေနေ့) နံနက် ၈နာရီတွင် မင်္ဂလာဒုံခရေပင်လမ်းခွဲ ဘောလုံးကွင်း၌ ချစ်ကြည်ရေးဘောလုံးပွဲကျင်းပခြင်း၊ မွန်းတည့် ၁၂နာရီတွင် တပ်မတော် ဂေါက်ကွင်းတွင် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပခြင်း၊ ည ၇နာရီမှ ၁၀နာရီအထိ မြရိပ်ညိုဟိုတယ်မြက်ခင်းပြင်၌ မိတ်ဆုံညစာစားပွဲကျင်းပခြင်း။

**ဆက်သွယ်ရန် ဖုန်း-၀၉-၈၇၇၈၉၉၁၈၈၊ ၀၉-၄၀၁၅၉၇၉၇၇၊ ၀၉-၉၇၇၂၆၄၉၄၇၊ ၀၉-၉၇၁၉၇၉၄၉၁**



## ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၂၀၉၁ ယာဉ်လက်ဝယ်ရှိသူ Sweetly November Co., Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကော့ဘိန်းကျေးရွာနေ ဦးဘကျော်၏သား ဦးမင်းအောင်ကျော် ၃/ကကရ(နိုင်)၀၁၄၁၇၁သည် နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း၀၉-၉၇၃၈၆၆၅၇၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ကချင်ပြည်နယ်၊ ဗန်းမော်မြို့ (၃)မိုင်၊ ရွှေပြည်သာကွက်သစ်၊ အကွက်အမှတ်(၈၅၁)၊ အလျားပေ ၅၀၊ အနံပေ ၁၀၀ ရှိ ဒုအရာခံဗိုလ်မျိုးအောင် ၁၄/မအပ(နိုင်)၀၂၀၉၂၇ ဗန်းမော်မြို့ အမည်ပေါက်မြေကို ဒေါ်ပိုက်ပိုက်မြင့်သိန်း ၁/ဗမန(နိုင်)၀၄၁၈၃၀က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီးဖြစ်ပါသည်။ ဒေါ်ပိုက်ပိုက်မြင့်သိန်း အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ် အမည်ပြောင်း မြေငှားဂရန်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ပိုက်ပိုက်မြင့်သိန်း**
**မင်းကုန်းရပ်၊ ဗန်းမော်မြို့**
**ဖုန်း-၀၉-၄၇၀၁၇၉၃၆**

# ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ညောင်ရွှေမြို့သည် အင်းတိုင်းရင်းသားအများစုနှင့် ရှမ်း၊ ပအိုဝ့်၊ ဗမာလူမျိုးများ စုစည်းနေထိုင်ရာ တောင်ပေါ်မြို့ဖြစ်ပြီး အင်းလေးကန်နှင့် ဆက်စပ်တည်ရှိနေသော်လည်း နွေအခါတွင် ရေခမ်းခြောက်သည့် ပြဿနာကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပါသည်။ **“ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း”** မှ ညောင်ရွှေမြို့၊ ပြည်သူ့ဆေးရုံတွင် ခေတ်မီရေတွင်းတူးစက်ကြီးဖြင့် တူးဖော်လှူဒါန်းပေးမှုကြောင့် ဆေးရုံတက်ရောက်ကုသသည့် ရဟန်းသံဃာများနှင့် တိုင်းရင်းသားပြည်သူများအတွက် သောက်သုံးရေအခက်အခဲအား ဖြေရှင်းပေးနိုင်ခဲ့ပြီဖြစ်ပါ၍ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ယူဖော်ပြအပ်ပါသည်။

**မြို့မိမြို့ဖများနှင့် မြို့သူမြို့သားများ**
**ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)**

# အထူးကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်းတယမြို့နယ်အတွင်းရှိ ဓနုနှင့်တောင်ရိုးတိုင်းရင်းသားများ စုပေါင်းနေထိုင်ရာ သစ်အယ်ပင်ကျေးရွာသည် မိုးရေကိုသာ ခံယူသုံးစွဲနေရသဖြင့် သောက်သုံးရေရှားပါးသည့် အခက်အခဲဖြစ်ပေါ်လျက်ရှိရာ **“ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း”** မှ စက်ရေတွင်းကြီးတူးဖော်ပေးပြီး ဒေသခံပြည်သူများ၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့်အတွက် အထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့်**
**ဒေသခံတိုင်းရင်းသားပြည်သူများ**

# ကျေးဇူးတင်ဝမ်းမြောက်ခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့သည် ရှမ်း၊ ယင်း၊ ဗမာလူမျိုးများ စုစည်းနေထိုင်ရာ တောင်ပေါ်ဒေသမြို့ဖြစ်ပြီး သောက်သုံးရေရှားပါးသည့် အခက်အခဲကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ယခုအခါ မြို့ပေါ်ရှိရပ်ကွက်(၅)ခုတွင် တစ်ရပ်ကွက်လျှင် စက်ရေတွင်း(၁)တွင်းနှုန်းဖြင့် အောင်မြင်စွာ တူးဖော်လှူဒါန်းပေးသည့် **“ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း”** အား နမ့်စန်မြို့သူမြို့သား၊ တိုင်းရင်းသားပြည်သူများမှ အထူးပင်ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**မြို့မိမြို့ဖများနှင့် မြို့သူမြို့သားများ**
**နမ့်စန်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)**

# ကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နောင်တရားမြို့နယ်အတွင်းရှိ လွယ်ဖောင်းကျောင်းနားကျေးရွာအပါအဝင် ပတ်ဝန်းကျင်ကျေးရွာများသည် စိမ့်စမ်းရေထွက်ကိုသာ အားကိုးနေရပြီး နွေအခါတွင် မြေသားရေကန်များမှလည်း ရေခမ်းခြောက်သွားသဖြင့် သောက်သုံးရေ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါသည်။ **“ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း”** မှ မေတ္တာ၊ စေတနာရှေ့ထားပြီး စက်ရေတွင်းကြီးများ တူးဖော်လှူဒါန်းပေးမှုကြောင့် သန့်ရှင်းသောသောက်သုံးရေရရှိပြီး ပအိုဝ်းအမျိုးသားဓလေ့ထုံးတမ်းအရ နွေအခါတွင်သာ ကျင်းပလေ့ရှိသည့် အလှူအတန်း၊ ပွဲလမ်းသဘင်များအတွက်ပါ အဆင်ပြေသွားပါကြောင်းနှင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**ဆရာတော်နှင့်ကျေးရွာသူ၊ ကျေးရွာသားများ**
**လွယ်ဖောင်းကျောင်းနားကျေးရွာ၊ နောင်တရားမြို့နယ်**

# လေနာရောဂါ သတိပြုစရာ

ကြည်လွင်မြင့်(မုံရွာ)



လေထိုးလေအောင့် လေနာရောဂါသည် အလွန်ကြောက်စရာကောင်းသည်။ စာရေးသူငယ်စဉ်က အိမ်နီးချင်းဖြစ်သည့် ဦးလေးအရွယ် အသက် ၅၀ ခန့် လူကြီးတစ်ဦး လေထိုးလေအောင့်ဖြစ်သည်။ ညအချိန်မတော်ဖြစ်သဖြင့် ရပ်ကွက်အတွင်းရှိ ဆေးခန်းနှစ်ခန်းမှာ ပိတ်သွားပြီဖြစ်သည်။ အချို့ဆေးခန်းတွင် ဆရာဝန်က အချိန်ပိုင်းနှင့်လာထိုင်ပြီး ညအချိန်တွင် ပိတ်သွားပြီဖြစ်သည်။

ထိုလေနာသူကို ဆေးရုံသို့ပို့သည်။ ဆေးရုံတွင်လည်း ဆရာဝန်ကြီးများမရှိပေ။ လက်ထောက်ဆရာဝန်နှင့် သူနာပြုများက လူနာအခြေအနေကို စောင့်ကြည့်ရမည်ဟုဆိုကာ စကြံလမ်းပေါ်ရှိ တန်းလျားတစ်ခုပေါ်တွင် ခေတ္တလှဲခိုင်းထားသည်။ လူနာသည် ချွေးစေးများပြန်လာပြီး နောက်တစ်နာရီခန့်အကြာတွင် အနာသက်သာသွားသည်။ ဘာဆေးမျှမသောက်ရဘဲ ဆေးရုံမှပြန်လာခဲ့ရသည်။

လေနာရောဂါအချို့သည် ဤသို့ပင် အလူးအလဲခံရအောင်ဖြစ်ပြီး ထူးဆန်းစွာ သက်သာပျောက်ကင်းသွားတတ်သည်။ ဆရာများကလည်း လေနာရောဂါနှင့် အူအတက်ပေါက်ရောဂါ မမှားယွင်းရအောင် သတိပြုကြရသည်။ အူအတက်ရောင်လျှင် ဝမ်းဗိုက်တစ်ပြင်လုံးမနာဘဲ ညာဘက်ခြမ်း ပေါင်ထိပ်နှင့်ချက်တိုင်အနီးတွင် အထိမခံအောင် နာကျင်လေ့ရှိသည်။

လေနာရောဂါဖြစ်သူ၏ ဝမ်းဗိုက်ကို နားမလည်ဘဲ အရမ်းမဲ့မနှိပ်သင့်ပေ။ လေနာဟုဆိုကာ မှောက်ပြီးတက်နင်းသဖြင့် အူပေါက်ပြီး အသက်ဆုံးရှုံးရသည့် တောရွာမှလူနာတစ်ဦးကို တွေ့ဖူးသည်။ ကျန်းမာရေးဗဟုသုတနည်းသည့် ကျေးလက်တောရွာများတွင် ဤသို့ အဖြစ်ဆိုးများစွာ ရှိသည်။

လေနာ၏ မူလအကြောင်းအရင်းခံမှာ အစားအသောက်မဆင်ခြင်ခြင်း၊ အလွန်အကျွံစားခြင်းကြောင့် အစာမကြေဖြစ်ကြရာမှ ဖြစ်သည်ကများသည်။ လေချုပ်စာ အစားများခြင်း၊ အစာစားပြီးနောက် လှုပ်ရှားမှုမရှိဘဲ ဝမ်းဗိုက်ကို ခေါက်ထိုင်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

လေနာလေအောင့်ဖြစ်စေနိုင်သော အခြားအကြောင်းတစ်ခုမှာ ဝမ်းချုပ်ပြီး စမြင်းခံခြင်းဖြစ်သည်။ အချို့က စမြင်းထိုးသည်ဟုခေါ်သည်။ စာရေးသူ လေနာရောဂါနှင့်ပတ်သက်၍ ရှေးက မြန်မာဆေးဆရာကြီးများ မည်ကဲ့သို့ ကုသခဲ့ကြသည်ကို လေ့လာကြည့်သောအခါ စစ်ပြီးခေတ်ကထုတ်ဝေခဲ့သော မြန်မာဆေးဆရာကြီး ဦးဘသင်၏ 'ရှုတော်မူဆေးအဘိဓာန်ကျမ်း'တွင် တွေ့ရသည်မှာ-

လူတို့စားသောက်သော အာဟာရတို့သည် ကျင်ကြီးဖြစ်ပြီး အချိန်မှန်မစွန့်ရလျှင် အူအတွင်း၌ ရက်ကြာကိန်းအောင်းနေရသောအခါ တေဇောဓာတ်အခိုးအရှိန်ကြောင့် ထိုကျင်ကြီးသည် မီးဖြင့်ကင်သောအသားတစ်ကဲ့သို့ အရည်ပျစ်ပြီး တဖြည်းဖြည်းတင်းမာ၍ စမြင်းဖြစ်၏။ ထိုစမြင်းသည် အူအတွင်း ဒွါရပေါက်၌ ဆို့ပိတ်နေသောအခါ အူအတွင်း၌ သွားလာစုန်ဆန်နေသော (အန္တာနုသယ)ခေါ်သော လေလည်း သွားလာနှင့်ထုတ်ခြင်းမပြုရဘဲ အူအတွင်း၌သာ တောင့်တိရစ္ဆာန်များကို ဖမ်းဆီး၍ လှောင်အိမ်အတွင်း၌ လှောင်ထားသောအခါ ထွက်ပေါက်ရှာသောအားဖြင့် တိုးဝှေ့သကဲ့သို့ ထိုအချုပ်အနှောင်ခံရသော လေသည်လည်း ထွက်ပေါက်မရသဖြင့် တိုးဝှေ့သောအခါ နာခြင်း၊ အောင့်ခြင်းဖြစ်ရသည်။ ထိုသို့နာသည်ကို လေနာ၊ အောင့်နာဟုဆိုသည်။ ရင်ဘတ်ဆီသို့ တိုးဝှေ့သောအခါ ရင်ဘတ်နာဟု ဆို၏။ ဘေးသို့တိုးဝင်သောအခါ အဆုတ်သည် ဖောင်းပွလာသဖြင့် အသက်ရှူကျပ်၏။ ထိုသို့ဖြစ်သောရောဂါကို 'ဘေးထိုးရင်ကျပ်'ဟု ဆိုသည်။

လေနာ၊ အောင့်နာ၊ ရင်ဘတ်နာ၊ ဘေးထိုးရင်ကျပ်ဟူသော ရောဂါမျိုးတို့သည် လေ၏အစွမ်းချည်း ဖြစ်သည်။ ထိုလေချုပ်သောသူတို့၌ များသောအားဖြင့် ဝမ်းကြောတင်းခြင်း၊ ဝမ်းချုပ်ခြင်းတို့ ဖြစ်တတ်၏။

လေဆေး တစ်နည်း-

| | | |
|---|---|---|
| ၁။ | ကျောက်ချဉ် | - ၁ ကျပ်သား |
| ၂။ | ဆားခါး | - ၂ ကျပ်သား |
| ၃။ | ဇဝက်သာ | - ၂ ကျပ်သား |

ဤသုံးပါးကို အမှုန့်ပြု၍ ရှောက်ရည်နှစ်ကျပ်သားနှင့်ရော၊ ဆေးငါးခွက်စာဖြစ်၏။ (လေနာဖြစ်ပုံ အကြောင်းနှင့် ကုထုံးကိုပြခြင်းမှ)

လေနာရောဂါဖြစ်သူတို့သည် အစားမှား၍ဖြစ်သည်ဟု အစဉ်အမြဲမှတ်ယူ၍မရပေ။ အစားအသောက်မမှားဘဲ ရုတ်တရက်ထဖြစ်သော လေနာရှိသည်။ ကံကြောင့်ဖြစ်သော လေနာဟု ခေါ်ဆိုနိုင်သည်။ အစာအိမ်လေနာဖြစ်သူ အတော်များများသည် စိတ်ပူပန်သောကများသူများဖြစ်သည်ကို တွေ့ရသည်။ စိတ်တိုင်းမကျစိတ်မောရသောသူများတွင်ဖြစ်သည့် လေနာရောဂါသည် စိတ်ကြောင့်ဖြစ်သည်။

ဥတုကြောင့်ဖြစ်သော လေနာရောဂါမှာ မိုးတွင်းအခါ ရေစိုတစ်ပိုင်းဖြင့်သွားလာရင်း ခြေအေးဝမ်းရောင် ဖြစ်ရာမှ စသည်။ ခြေထောက်ရေစိုခြင်းကြောင့် လေနာရောဂါ ရုတ်တရက်ဖြစ်နိုင်သည်။ ခြေထောက်ရေစိုနှင့် အပြင်မှပြန်လာလျှင် ဒူးအထက်မှအောက်သို့ ရေလောင်း၍ ခြေဆေး၊ အပူများ အောက်သို့ဆင်းသွားအောင်ပြုလုပ်ပြီးမှ အဝတ်ခြောက်ဖြင့် သုတ်ရမည်။ နွေးထွေးအောင်ပြုလုပ်ရမည်ဟု ရှေးလူကြီးများပြောကြသည်။

ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးပါးတွင် နောက်ဆုံးဖြစ်သော 'အာဟာရ'ကြောင့်ဖြစ်သော လေနာမှာ မသင့်သောအစာကိုစားခြင်း၊ ပူလွန်းစပ်လွန်းသောအစာကို စားခြင်း၊ အေးစက်သောအစာကိုစားခြင်း၊ မာကြောသောအစာကို စားခြင်းတို့ကြောင့် ဖြစ်သည်။

ကောက်ညှင်းပေါင်းစားပြီး လေနာသူတစ်ဦးကို တွေ့ဖူးသည်။ ထိုသူကို မြန်မာဆေးဆရာကြီးတစ်ဦးက နှမ်းဆီကိုမီးဖြင့်နွေးပြီး ဝမ်းဗိုက်တွင် လိမ်းသည်။ ထိုနှမ်းဆီကိုပင် ဟင်းစားဇွန်းဖြင့် သုံးဇွန်းသောက်ခိုင်းသည်။ ခဏကြာသောအခါ လေနာဝေဒနာ သက်သာသွားသည်ကို တွေ့ရဖူးသည်။ ကောက်ညှင်းပေါင်းစားလျှင် အေးစက်နေပါကမစားရ။ ပူပူနွေးနွေးကို ဆီဆမ်းပြီးစားလျှင် လေနာခြင်းဘေးမှ ကင်းဝေးနိုင်သည်။ ဓာတ်စာအဖြစ် လေကို အောက်သို့သက်အောင်စားလိုလျှင် ကောင်ညှင်းဆန်အနက်(ငချိပ်)ပေါင်းကို နှမ်းဆီဆမ်း၊ နှမ်းထောင်းဖြူးစားလျှင် လူကြီးများ လေချုပ်အညောင်းများခြင်းကို သက်သာစေနိုင်သည်။ အစာဟောင်းအိမ်မှ လေကိုလည်း အောက်သို့သက်စေနိုင်သည်ဟု ဆိုသည်။ ဤသည်မှာ ရှေးလူကြီးများ၏ ဘေးမဖြစ်အောင် ကောက်ညှင်းပေါင်းစားနည်းဖြစ်သည်။ ကောက်ညှင်းစားပြီး အစာမကြေမဖြစ်စေသောနည်းဖြစ်သည်။

ဝမ်းနုတ်ဆေးကို စွဲစားလေ့ရှိသူများတွင် လေနာဖြစ်လေ့ရှိသည်ကို တွေ့ရသည်။ ထိုသို့ဖြစ်ရခြင်းမှာ အူအတွင်းရှိ အချွဲအမြှေးများပါးသွားခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့် ပွေးကိုင်းပါသော ဝမ်းမှန်ဆေးများကို စွဲစားသူများ၏အူအတွင်း သက်စောင့်အချွဲအမြှေးများ တဖြည်းဖြည်းပါးသွားပြီး အူမကြီးအတွင်းတွင် လေပွကာ လေနာရောဂါဖြစ်နိုင်သည်။

နေ့စဉ် ဆေးသောက်မှ ဝမ်းသွားရခြင်းသည် နည်းမှန်၊ လမ်းမှန် ဝမ်းသွားရခြင်းမျိုးမဟုတ်ပေ။ ချို၊ ချဉ်၊ ငန်၊ စပ်၊ ဖန်၊ ခါး ရသာခြောက်ပါးကို မျှတစွာစားသုံးသူသည် ဝမ်းမှန်သည်။ လေသည် အောက်သို့သက်သည်။ ယနေ့ခေတ် လူအတော်များများသည် ချို ဖန် အရသာနှစ်မျိုးကို ပို၍စားသုံးနေကြသည်။ တစ်နေ့လျှင် နှစ်ကြိမ်၊ သုံးကြိမ်၊ လက်ဖက်ရည်ဆိုင်ထိုင်ပြီး ရေနွေးကြမ်း၊ အဖန်ရည်အသောက်များသူများ ဝမ်းချုပ်ကြသည်။ ဝမ်းချုပ်၍ ဝမ်းနုတ်ဆေးစားသည်။ ရောင်းတမ်းဝမ်းနုတ်ဆေးများတွင် ပွေးကိုင်းနှင့် ကနခိုများ ပါဝင်သဖြင့် ကြာသောအခါ အစာအိမ်နှင့် အူလမ်းကြောင်း အားနည်းမှု၊ ချို့ယွင်းမှုများ ဖြစ်လာရသည်။ အနောက်တိုင်း ဝမ်းနုတ်ဆေးများလည်း ရှိသည်။ ဓာတုပစ္စည်းများပါဝင်သဖြင့် ရေရှည်စွဲသောက်လျှင် အသည်းကို ထိခိုက်ပျက်စီးစေနိုင်သည်ဟုဆိုသည်။

သတိပြုရန်မှာ-

၁။ လေဆေး၊ အစာကြေဆေးများသည် အမြဲစွဲသောက်ရန်မသင့်ပါ။ လိုအပ်သောအခါမှသာ သောက်ရပါမည်။

၂။ ဝမ်းနုတ်ဆေးကို နေ့စဉ်စွဲသောက်ခြင်းသည် မသင့်ပါ။ အစာအိမ်နှင့် အူလမ်းကြောင်းကို ကြီးစွာဒုက္ခပေးနိုင်ပါသည်။

၃။ လက်ဖက်ရည်အချို၊ အဖန်ရည်အသောက်များခြင်းကြောင့် ဝမ်းချုပ်ပြီး လေနာရောဂါ ဖြစ်စေနိုင်ပါသည်။

၄။ အေးစက်မာကြောသောအစာ၊ အချိန်အခါမဟုတ် စားသောအစာကြောင့် လေနာရောဂါ ဖြစ်စေနိုင်ပါသည်။

**လေနာရောဂါအချို့သည် ဤသို့ပင် အလူးအလဲခံရအောင်ဖြစ်ပြီး ထူးဆန်းစွာ သက်သာပျောက်ကင်းသွားတတ်သည်။ ဆရာများကလည်း လေနာရောဂါနှင့် အူအတက်ပေါက်ရောဂါ မမှားယွင်းရအောင် သတိပြုကြရသည်။ အူအတက်ရောင်လျှင် ဝမ်းဗိုက်တစ်ပြင်လုံးမနာဘဲ ညာဘက်ခြမ်း ပေါင်ထိပ်နှင့်ချက်တိုင်အနီးတွင် အထိမခံအောင် နာကျင်လေ့ရှိသည်။ လေနာရောဂါဖြစ်သူ၏ ဝမ်းဗိုက်ကို နားမလည်ဘဲ အရမ်းမဲ့ မနှိပ်သင့်ပေ။ လေနာဟုဆိုကာ မှောက်ပြီးတက်နင်းသဖြင့် အူပေါက်ပြီး အသက်ဆုံးရှုံးရသည့် တောရွာမှလူနာတစ်ဦးကို တွေ့ဖူးသည်။ ကျန်းမာရေးဗဟုသုတနည်းသည့် ကျေးလက်တောရွာများတွင် ဤသို့ အဖြစ်ဆိုးများစွာရှိသည်။**

## ရပ်ကွက်သောက်သုံးရေအတွက် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေလှောင်ကန်တည်ဆောက်

**ငါ့သရောက် မေ ၅**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ အမှတ်(၂)ဈေးကုန်းရပ်ကွက်နေပြည်သူများ နွေရာသီကာလတွင် သောက်သုံးရေလုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် ရွှေမြင်သင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေလှောင်ကန်ကို ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၀၀ ဖြင့် ရွှေမြင်သင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ လေးလက်မ အဝီစိစက်ရေတွင်းတစ်တွင်းကို တူးဖော်ပေးခဲ့ပြီးဖြစ်သဖြင့် ရေစက်ရုံနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းများကို မေ ၁ ရက်မှစ၍ ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်သည်။

ယခုနှစ်တွင် အယ်နီညိုရာသီဥတုအပူဒဏ်ကြောင့် ငါ့သရောက်မြို့ အမှတ်(၂) ဈေးကုန်းရပ်ကွက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေအခက်အခဲမရှိစေရန်အတွက် လေးလက်မအဝီစိစက်ရေတွင်း တူးဖော်ခြင်းနှင့် ရေလှောင်ကန်တည်ဆောက်ခြင်းများကို ဆောင်ရွက်ပေးခြင်းဖြစ်ကာ လုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေးအတွက်လည်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## ကျေးရွာ ဓမ္မစကူးသင်တန်းဆင်း လက်မှတ်များပေးအပ်

**ဆိပ်ဖြူ မေ ၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ရှောက်ပင်အင်းကျေးရွာ၌ ဖွင့်လှစ်ခဲ့သော ၂၀၁၄-၂၀၁၅ ခုနှစ် ဓမ္မစကူးသင်တန်း၏ သင်တန်းဆင်းလက်မှတ်များပေးအပ်ပွဲကို မေ ၄ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ဆရာတော်များက ဩဝါဒများ မြွက်ကြားပြီး ဓမ္မစကူးနည်းပြဆရာ ဦးညိုဝင်းက သင်တန်းပို့ချသင်ကြားမှု အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ၊ သင်တန်းနည်းပြဆရာ ဆရာမများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဓမ္မစကူးသင်တန်းတက်ရောက်ခဲ့သည့် ကျောင်းသားကျောင်းသူ ၁၃၅ ဦးအတွက် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါဓမ္မစကူးသင်တန်းကို ပြည်ပသာသနာပြုဆရာတော်များ၏ ဦးဆောင်မှုဖြင့် ရှောက်ပင်အင်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍ ဆရာ ဆရာမသုံးဦးဖြင့် သင်ကြားခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကျောင်းသား ကျောင်းသူ ၂၀၀ အထိ တိုးမြှင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် "၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချီညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# လမ်းလျှောက် အရှေ့ကျုံးလမ်း

**ဆူးငှက်**



*(ယခင်အပတ်မှအဆက်)*

"စောစောအိပ်လို့ စောစောထလို့ " တဲ့။

သီချင်းသံကတော့ အခုထိလွင့်ပျံ့နေဆဲ။

ဟော. . . အခုလည်း အရှေ့ကျုံးလမ်းမှာ တစ်ခါတစ်ရံ လမ်းလျှောက်ထွက်မိတော့ အမြဲပုံမှန်လမ်းလျှောက်နေကြသူတွေကို သတိထားမိသည်။

သြော်. . . စောစောအိပ်နိုင်တဲ့လူတန်းစားပေကိုး။

ဒါကြောင့်စောစောထပြီး စောစောလမ်းလျှောက်နိုင်တာပေါ့။

ဟောဟိုတောင်ဘက် မြို့သစ်များဆီက နံနက်လင်းလျှင် စက်ဘီးအုပ်ကြီးများဖြင့် ၆၂ လမ်းမှာ သိပ္ပံလမ်းမှာ ၇၈ လမ်းမှာ မြို့ထဲအလုပ်လာသူတွေကျုံးဘေးမှာလမ်းမလျှောက်ကြ။ ကျုံးဘေးလမ်းလျှောက်နေသူတွေထဲမှာ စက်ဘီးနှင့် အလုပ်လာသူတွေထဲ မပါဝင်ကြ။

မြို့သစ်က စက်ဘီးနှင့် လာသူတွေကလည်း စောစောထ လမ်းလျှောက်စရာမလိုအောင် ကျန်းမာနေ၊ စောစောစီးစီးချွေးစို့နေ ကြလို့ဖြစ်မှာပေါ့။ ကျုံးဘေးမှာလမ်းလျှောက်ကြသူများတွင် နှစ်ရှည်လများ စွဲစွဲမြဲမြဲလျှောက်ကြသည့် ပုဂ္ဂိုလ်များလည်းရှိကြပါသည်။ သူတို့သည် မန္တလေးသူ၊ မန္တလေးသားကြီးများဖြစ်ကြ၏။ နံနက်လင်းလျှင်ပင် အချင်းချင်းမတွေ့မဆုံရလျှင် မနေနိုင်ကြသူများဖြစ်သည်။ စောစောထလမ်းလျှောက်ဖော်ချင်းနှီးကာ ကျုံးဘေးရောက်တော့ လေ့ကျင့်ခန်းအထိုက်အလျောက်လုပ်ကြသည်။ ထို့နောက် စကားဝိုင်းဖွဲ့ကြသည်မှာ မိုးစင်စင်လင်းရော၊ သူတို့ပြောကြသောစကားတွေမှာ မန္တလေးလွမ်းချင်းတွေအများဆုံးပါမှာပေါ့။ ဤသို့သော မန္တလေးအစွဲကြီး ပုဂ္ဂိုလ်များကလွဲလျှင် အများစုသော လမ်းလျှောက်သမားများက "စောစောအိပ်"၊ "စောစောထ" နိုင်သူတွေချည်းဖြစ်၏။ ကျုံးဘေးပလက်ဖောင်းပေါ် ကက်ဆက်မှ ဖိုးဖိုးတိုင်ပင်တီးလုံးဖွင့်ပြီး အေရိုးဗစ်ကစားကြသည့် အုပ်စုကြီးတွေရှိသည်။ အသက် ၄၀ နီးပါးမှ ၆၀ ကျော် ၇၀ နီးပါးအထိ အရွယ်စုံ အမျိုးသမီးများဖြစ်သည်။ သူတို့မှာ ဆွဲခြင်းတွေလည်းကိုယ်စီပါသည်။ ကျုံးဘေးမှာ အေရိုးဗစ်ကစားပြီးတရုတ်တန်းဈေးဝင်ကာ ဈေးဝယ်ကြရုံပါပဲ။

လူထုလမ်းလျှောက်ပွဲကာလတုန်းက ဘယ်လိုပင်အားခဲသော်ငြား ကင်းဘတ်ဖိနပ်ပေါက်သောကြောင့် အကြော်နှင့် ကောက်ညှင်းပေါင်းထုပ်ကိုပဲယူကာ ပန်တျာကျောင်းဘေးရေနီမြောင်းရောက်တော့ ဘတ်စ်ကားစီးလှည့်ပြန်ခဲ့ရတာ သတိရနေမိပါသည်။ ရပ်ကွက်ထဲပြန်ရောက်တော့နံနက် ၈ နာရီထိုးလုပေါ့။

အရပ်ထဲမှာ လမ်းမကြီးကိုပိတ်ပြီး ထုံးဖြူမျဉ်းတွေတားကာ မီတာ ၅၀ ၊မီတာ ၁၀၀ အပြေးပြိုင်ပွဲတွေစနေပြီ။ ကောင်စီရုံးအပေါ်ထပ်မှလည်း အသံချဲ့စက်ကြီးဖြင့် ပြိုင်ပွဲအစီအစဉ်တွေကြေညာနေ၏။ ပြိုင်ပွဲဝင်တွေနာမည်ကို ကြေညာသံနားစွင့်ပြီး တဝါးဝါးတဟားဟားရယ်မောနေကြရသည်။

ပြိုင်သူတွေက အိမ်တွင်းပုန်း၊ အပျိုကြီးတွေ၊ လူပျိုကြီးတွေလည်း ပါသလို၊ အဘိုး အဘွားရွယ်တွေပင်ပါ၍ဖြစ်သည်။ ဘာကြောင့်ရယ်မဟုတ်၊ ပျော်လို့ပြိုင်ကြတာပဲဖြစ်သည်။ ရောင့်ရဲတင်းတိမ်နိုင်ကြတာကိုး။ ရပ်ကွက်ထဲလူရာဝင်သူကလည်း လျှပ်စစ်မီးမီတာလေးနှင့် ဆန်ဖွပ်စက်ကလေးလောက်ပိုင်ဆိုင်တာကိုး။ အခုလို မြေ ၄၊ ၅၊ ၁၀ ကွက်၊ တိုက်၄၊ ၅၊ ၁၀ လုံး၊ ကား ၄၊ ၅၊ ၁၀ စီးပိုင်ပြီး ဆယ်လူလာကို မိသားစုစေ့ကိုင်ကြတာ မဟုတ်တော့။ ကျန်လူတွေမှာ လောဘမရှိ၊ မောဟမရှိ၊ ဒေါသမရှိ။

ထို့ကြောင့် မြို့နယ်ကဦးစီးကျင်းပသောပွဲဖြစ်စေ၊ ရပ်ကွက်ကဦးစီးကျင်းပသောပွဲဖြစ်စေ စားစရာရှိတာ၊ မရှိတာနောက်ထား၊ ပျော်၍ပင်နွှဲကြခြင်းဖြစ်သည်။

ထို့အတူ နှစ်စဉ်ကျင်းပသော လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အလုပ်သမားနေ့၊ တောင်သူလယ်သမားနေ့စသော လူထုစည်းဝေးပွဲကြီးများကိုလည်း မန်းရာပြည့်ကွင်းမှာ ရဲသိပ္ပံကွင်းမှာကျင်းပတော့ မနက်၄ နာရီထပြီး အလံတလူလူလွှင့် ချီတက်သွားကြတော့လည်း သည်လိုပဲလိုက်ကြသည်။

ယခုတီဗွီမှ ပြန်လွှင့်နေသော အဆိုတော်ကိုမောင်မောင်ကြီး၏ တို့ပြည်ထောင်စုသားသီချင်း၊ အပင်ချင်းယှက်အခက်ချင်းနွယ် သီချင်းများသည်လည်း ထိုသို့သောလူထုစည်းဝေးပွဲကြီးများကာလမှာ ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။ ဒီဇင်ဘာလူထုအားကစားလမှာ လှုံ့ဆော်ဂျစ်ကားပေါ်ရှိ အသံချဲ့စက်က "စောစောအိပ်လို့၊ စောစောထလို့၊ စောစောလမ်းလျှောက်ကြပါစို့"ဟူသော သီချင်းဖွင့်သလို. . .

လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့များတွင် မနက် ၃ နာရီလောက်ကတည်းက လှုံ့ဆော်ဂျစ်ကားသည်

"လာလာလေ လာကြပြီလေ
ရေမြေတောအနှံ့က တို့ညီအစ်ကိုတွေ
ရပ်ဝေးကဆွေ၊ ရပ်နီးကဆွေ
စုပေါင်းညီညာပေ ဝေလေလေ၊ ဝေလေလေ"ဟူ

သည့်ချိုမြသီချင်းသံကဆောင်းလယ်အအေးဓာတ်တွင် စိမ့်ခနဲ နားထဲဝင်လာတတ်၏။ စုရပ်မှာ လူစုံနေပြီး သတ်မှတ်ချိန်စောင့်နေခိုက်တွင်မှ အသံချဲ့စက်မှ. . .

"တစ်ပင်ကို တစ်ပင်စက် နွယ်ယှက်၍သာ
တစ်ပင်ရိပ် တစ်ပင်ခိုကာ စုပေါင်းညီညာ
ရှိကြသောအခါ ထာဝစဉ်စိမ်းလန်းစိုပြည်ကာ
လေပြင်းမုန်တိုင်းတိုက်ခတ်သော်လည်း မကွဲကွာ"

ဆိုတဲ့သီချင်းလေးကို ငြိမ့်ငြိမ့်လေးဖွင့်ထားသည်။

အဲဒီအချိန်မှာ လမ်းမကြီးပေါ် မာကျူရီမီးတွေ မငြိမ်းသေး။ အရုဏ်လည်းမပျို့သေး။ မှောင်ကောင်းတုန်း။

စုရပ်မှာ တစ်ယောက်နဲ့တစ်ယောက် ကွေးကွေးလေး၊ ကုပ်ကုပ်လေးစုထိုင်ရင်း သီချင်းကို နားထောင်ကြရသည်။ သည်သီချင်းက လမ်းတစ်လျှောက်လည်း ဖွင့်ကာလိုက်ပါလာသည်။

အလုပ်သမားနေ့ရောက်တော့"မောင်အလုပ်သမားဆိုရင် ပျိုကပင်စတင်ချစ်ပါရစေရှင်" ဆိုတဲ့ သီချင်း၊ "ဟိုဘက်က အလုပ်သမား ချစ်စရာကြီးပါလားနော်၊ ဒီဘက်ကအလုပ်သမား ချစ်စရာကြီးပါလားနော်" ဆိုသည့် သီချင်းများ ဖွင့်လှစ်တတ်ပါသည်။

ကျွန်တော်သည် အရှေ့ကျုံးလမ်းပေါ်တွင် လမ်းလျှောက်ရင်း သည်လမ်းမတွေပေါ်မှာ ကြားခဲ့သည့် သီချင်းများနှင့်မြင်ကွင်းတွေကို ပြန်ကြားလာ ပြန်မြင်လာတော့သည်။

အခုတော့ အရှေ့ကျုံးလမ်းပေါ်မှာ အင်းဝဟိုတယ်ဆိုတာ အသစ်ပေါ်လာပြီ။ ရွှေခိုင်အသားကင်နှင့် စည်ဘီယာဆိုင်အသစ်ပေါ်လာပြီ။ အင်းဝဟိုတယ်ဝင်းထဲမှာပဲ မြနန္ဒာပျိုးဥယျာဉ်ဆိုတာပေါ်လာသည်။ အရင်နေကြာပန်းခင်းတွေနေရာမှာ အစားထိုးမယ့် Kiss Me Quick တွေ၊ အုန်းပဒေသာတွေ၊ တောထန်းပင်တွေ အများကြီးပျိုးပေးနေတာပေါ့။

ဟောကြည့် ထူးထူးခြားခြားပြောင်းလဲလာတာကက အရှေ့ကျုံးထောင့် ကျုံးရေပြင်မှာ ပြည်ကြီးမွန်ဖောင်တော်အဆောက်အအုံကြီး ရွှေရောင်တဝင်းဝင်းပေါ်ထွန်းလာခဲ့ဖူးပြီ မဟုတ်ပါလား။

တကယ်တော့ ပြည်ကြီးမွန်ဖောင်တော်သည် အမရပူရရွှေမြို့တော် မြို့တည်နန်းတည် မင်းတရားကြီးလက်ထက် (၁၁၅၁) ခုနှစ်တွင် တောင်သမန်အင်းထဲ၌ တည်ဆောက်ခဲ့သည်ဟု ဆို၏။ ဖောင်တော်ဦး၌ နဂါးကို ဂဠုန်သုတ်ဟန်၊ ဝဲယာတွင် သိကြားမင်းခရုသင်းကိုင်လျက် စွယ်ရန်းပေါ်တွင် ရပ်ဟန်ထုလုပ်ထားပြီး ပွဲ့ကိုလှော်ကားပွဲ့ လုပ်ဆောင်ထား၏။ အဆောင်ပြာသာဒ် ဘုံခုနစ်ဆင့်တွင် ဇေတဝန်ဆောင်တည်ထားပြီး ပြာသာဒ်ဆောင်ရှေ့၌ အဆောင်မပါရှိပါ။ စမုတ်ဆောင်သာ ထည့်တည်ဆောက်ထားသည်။ မင်းတုန်းမင်းလက်ထက်တွင် အရှေ့ဇေတဝန်ဆောင်၊ အရှေ့စမုတ်ဆောင်၊ အနောက်စမုတ်ဆောင်များကို တိုးချဲ့ခဲ့သည်။ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးပန်းတောင်းမှ အမရပူရသို့ သယ်ဆောင်သောအခါ ဤသို့သော ပြည်ကြီးမွန်ဖောင်တော်ဖြင့် သယ်ဆောင်ခဲ့လေသည်။

သီပေါဘုရင် နန်းတက်ပြီး "လေးနှစ်မြောက်သောအခါက ရာဇဘိသေက၊ မုဒ္ဒါဘိသိက်ကို သွန်းခံတော်မူမြဲ ကျမ်းဂန်ထုံးစံနှင့်အညီ ရွှေနန်းတော်ဦးမြေနန်းတော်ရှေ့တွင် အခမ်းအနား ကြီးကျယ်စွာစီရင်ဆောက်လုပ်တော်မူ၍ ရတနာမျိုးအပေါင်းတို့ဖြင့် ခြယ်လှယ်အပ်သော အဘိသေကနန်း ရေသဖန်းပြာသာဒ်တော်အလယ်တွင် ပွင့်ချပ်တစ်ရာ အရေးရှိသော ဘဒ္ဒပိဋ္ဌအင်းပျဉ် ပလ္လင်တော်ထက် မင်းသာမန်တို့ ခံဝန့်ခဲ့သော ရာဇဘိသေက မုဒ္ဒါဘိသိက်ကို အရှင်မိဖုရားခေါင်ကြီးနှင့်တကွ ဦးထိပ်၌ စိုက်၍ သွန်းအပ်သော ခရုသင်းလုံးရေတို့ဖြင့် သွန်းခံတော်မူ၍ ကျုံးတော်အတွင်း ရတနာရွှေဖောင်ဝယ် အရှင်မိဖုရားခေါင်ကြီးနှင့်တကွ စံပယ်တော်မူလျက်ကြည်းဖက်ရေဖက် တပ်ဝင်းအခမ်းအနား ကြီးကျယ်စွာဖြင့် ရွှေမြို့တော်ကို လက်ယာရစ်လှည့်လည်ထွက်တော်မူ၍ သိမ်းတော်မူသည်" ဟု မန္တလေးရတနာပုံမဟာရာဇဝင်တော်၌ပါရှိရာ ကျုံးအတွင်း ရတနာဖောင်တော်နှင့်အတူ ပြည်ကြီးမွန်ဖောင်တော်လည်း ပါဝင်ခဲ့သည်။

ယခုလက်ရှိတည်ဆောက်ထားသော ပြည်ကြီးမွန်ဖောင်တော်မှာ ပုံစံတူ ကွန်ကရစ် အဆောက်အအုံဖြစ်ပြီး အလျား ၁၂၂ ပေ၊ အနံ ၄၉ ပေ၊ ပိုင်တိုင်ပေါင်း ၂၁၅ တိုင်၊ ကုန်းပတ်အမြင့် ရေပြင်ထက်သုံးပေ၊ ပြာသာဒ်စိန်ဖူးထိပ်ထိ အမြင့်ပေ ၆၀၊ နဂါးဦးခေါင်းထိပ်ထိ အမြင့် ၁၂ ပေ၊ လှေမြီးအမြင့် ၂၉ ပေရှိသည်။ (၁၈-၉-၉၀) နေ့က ဖွင့်လှစ်ခဲ့ ပြီး ၇၁၉ သိန်း ကုန်သည်ဆို၏။

ပြည်ကြီးမွန်ဖောင်တော် ဖွင့်လှစ်ပြီးနောက် စားသောက်ဆိုင်တစ်ခုအဖြစ် ဆက်လက်ဖွင့်လှစ်ခဲ့သည်။ အလှူမင်္ဂလာအခမ်းအနားများလည်း ကျင်းပခဲ့၏။ အခုတော့ ပြည်ကြီးမွန်ဖောင်တော်သည် အနုပညာပစ္စည်းများနှင့် စိန်ရွှေရတနာပစ္စည်းများ အရောင်းဆိုင်အဖြစ် ပြောင်းလဲဖွင့်လှစ်ထားပါသည်။

ညအချိန်တွင် ယခင်က မီးရောင်စုံဖြင့် စည်ကားခဲ့သည့် ပြည်ကြီးမွန်ဖောင်သည် အခုတော့ ကျုံးရေပြင်တွင် ငြိမ်သက်တိတ်ဆိတ် မီးရောင်စုံမဲ့စွာဖြင့် စောစောအိပ်ရာ ဝင်လေပြီ။

ပြည်ကြီးမွန်ဖောင်တော်ပေါ်မှာ မြန်မာအနုပညာလက်ရာ ပြခန်းပြကွက်များအပြင် ညအချိန်၌လည်း မြန်မာ့အနုပညာအက၊ ဆိုင်းဝိုင်း၊ ရုပ်သေးများ စီစဉ်ထားလေသော် အရှေ့ကျုံးရေပြင်နှင့် ပန်းရပေမည်ဟု တွေးထင်နေမိပါ၏။

အခုတော့ ပြည်ကြီးမွန်ဖောင်တော်သည် မန္တလေးအနောက်ခြမ်းကန်တော်ကြီးဆီ ပြောင်းရွှေ့သွားပြန်ပြီ။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း အခန်းဆက် ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# နွေရာသီနှင့် ဓာတ်အားချွေတာသုံးစွဲမှု

ဆောင်းပါး - ဝေယံ

"နွေရာသီ ရောက်လာပြီ. . . အယ်နီညိုကလည်း ရှိသည်. . လျှပ်စစ်ဓာတ်အားသုံးစွဲမှုတွေကလည်း များလာသည်. . နွေကာလ ဘယ်လောက်ကြာမလဲ. . . ဓာတ်အားပေးတာတွေ လုံလောက်ပါ့မလား. . " စသည်ဖြင့် အများပြည်သူများ ပြောနေသံများကို ကြားနေရသည်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလအတွင်း ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသလို ဓာတ်အားသုံးစွဲသူများကလည်း ဓာတ်အားချွေတာသုံးစွဲမှုဖြင့် ဓာတ်အားလုံလောက်စေရန် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

**ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားဖြန့်ဖြူးမှု**

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးရာတွင် နွေ၊ မိုး၊ ဆောင်း ကာလအပေါ် မူတည်၍ ထုတ်လုပ်မှုများ ဆောင်ရွက်ပေးရပါသည်။ မိုးတွင်းကာလတွင် ရာသီဥတုမျှတမှု၊ စိုက်ပျိုးရေး၊ သောက်သုံးရေရရှိနိုင်မှု အခြေအနေအရ ဓာတ်အားသုံးစွဲမှု နည်းပါသည်။ ဆောင်းတွင်း ကာလတွင် အေးသောဒေသများ၌ အပူပေးစက်များ အသုံးပြုမှု၊ စိုက်ပျိုးရေးအတွက် သုံးစွဲရမှုတို့ကြောင့် မိုးတွင်းကာလထက် ဓာတ်အားသုံးစွဲမှု ပိုများလာပါသည်။

နွေကာလတွင်ကား ရာသီဥတုအပူရှိန် ပြင်းထန်မှုကြောင့် လေအေးပေးစက်၊ ပန်ကာများ သုံးစွဲမှုများပြားခြင်း၊ စိုက်ပျိုးရေများ၊ သောက်ရေသုံးရေများအတွက် ဓာတ်အားပိုမို သုံးစွဲလာခြင်းတို့ကြောင့် ဓာတ်အား သုံးစွဲမှုတွင် အများဆုံးဖြစ်ပါသည်။ ရာသီအလိုက် ဓာတ်အားသုံးစွဲမှုကို ကြည့်ပါက ၂၀၁၅ ခုနှစ် မိုးတွင်းကာလဖြစ်သော ဇူလိုင်လတွင် ဓာတ်အားအမြင့်ဆုံးသုံးစွဲသောနေ့သည် ၂၃၃၃ ဒသမ ၁ မဂ္ဂါဝပ်ရှိပါသည်။ ဆောင်းတွင်းကာလဖြစ်သော နိုဝင်ဘာလတွင် ဓာတ်အား အမြင့်ဆုံးသုံးစွဲသောနေ့သည် ၂၄၉၇ ဒသမ ၂ မဂ္ဂါဝပ် ရှိပါသည်။ ယခု ၂၀၁၆ ခုနှစ် နွေရာသီကာလ မတ်လတွင် အမြင့်ဆုံး ဓာတ်အားသုံးစွဲသောနေ့သည် ၂၆၇၂ ဒသမ ၇ မဂ္ဂါဝပ်အထိ ရှိနေပါသည်။

၂၀၁၆ ခုနှစ် ကျန်နွေရာသီလများဖြစ်သော ဧပြီ၊ မေလများတွင် ဓာတ်အားသုံးစွဲမှု ဆက်လက်များနေဦးမည် ဖြစ်ပါသည်။ ဓာတ်အားသုံးစွဲမှုအပေါ် မူတည်ပြီး ရေအားစက်ရုံ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံများ၏ ဓာတ်အားကို ထိန်းညှိထုတ်ပေးရပါသည်။

**လျှပ်စစ်မီး ချွေတာသုံးစွဲဖို့ လိုအပ်ပြီ**

နွေရာသီတွင် လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ပေးလျက်ရှိရာ ပုံမှန်မိုးကျချိန်တွင် မိုးရွာသွန်းပါက နွေရာသီအတွက် လျှပ်စစ်ဓာတ်အားပေးမှုကို ထိခိုက်နိုင်ခြင်း မရှိပါ။ မိုးခေါင်၍ နွေကာလတာရှည်ပါက ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ထိခိုက်လာမည်ဖြစ်ပါသည်။ မိုးဘယ်တော့ရွာမလဲ. . . သေချာတပ်အပ်ပြော၍ မရပါ. . . လျှပ်စစ်ဓာတ်အားကို ချွေတာသုံးစွဲခြင်းဖြင့် နေ့စဉ်ထုတ်လုပ်မှုဓာတ်အားကို လျှော့ချကာ ရေအားစက်ရုံများ၏ရေကို ချွေတာသုံးစွဲနိုင်မည်ဖြစ်ပါသည်။ ဓာတ်အားချွေတာသုံးစွဲရာ၌ အလင်းရောင်အသုံးပြုရာတွင် ချွေတာခြင်း၊ ချက်ပြုတ်ရာတွင် ချွေတာခြင်း၊ လျှပ်စစ်အသုံးအဆောင်များတွင် ချွေတာခြင်း စသည်ဖြင့် ကဏ္ဍအလိုက် ချွေတာသုံးစွဲကြရပါမည်။



နေရောင်ခြည်စွမ်းအင်(Solar System)ကို အသုံးပြုထားသော လမ်းမီးတိုင်တစ်တိုင်

**အလင်းရောင် အသုံးပြုရာတွင် ချွေတာခြင်း**

အိမ်များ၊ အဆောက်အအုံများတွင် အလင်းရောင်ရရှိရန်အတွက် ဆောင်ရွက်ရာတွင် လျှပ်စစ်ချွေတာမှုနည်းလမ်းများဖြင့် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ နေ့အချိန်တွင် နေ့အလင်းရောင်ကို အသုံးပြုပါ။ နေရောင်ခြည်စွမ်းအင်(Solar System)အလင်းရောင်ကို သုံးပါ။

- လမ်းမီးများကို Solar စနစ် အသုံးပြုပါ။ မလိုအပ်ပါက ပိတ်ထားရန်၊ အိမ်အပြင်ဘက်မီးများကို အလိုအလျောက် အဖွင့်အပိတ်စနစ်ကို အသုံးပြုပါ။
- ပုံမှန် မီးလုံး၊ မီးချောင်းများ မသုံးဘဲ ဝပ်အားနည်းသော မီးချောင်း(Compact Fluorescent)များ နှင့် LED မီးလုံး၊ LED မီးချောင်းများကို အသုံးပြုပါ။
- အိမ်ရှိ အသုံးမလိုသော မီးများကို ပိတ်ထားခြင်း၊ အခန်းအပြင်ထွက်ပါက အခန်းတွင်းရှိ မီး၊ ပန်ကာ၊ လေအေးပေးစက်များ ပိတ်ပါ။

**ချက်ပြုတ်ရာတွင် ချွေတာခြင်း**

မီးဖိုချောင် ချက်ပြုတ်ဆောင်ရွက်မှုသည် တစ်အိမ်လုံး လျှပ်စစ်သုံးစွဲမှု၏ ၃၀ ရာခိုင်နှုန်းခန့် ရှိပါသည်။ ချက်ပြုတ်ရာတွင် ဓာတ်အားချွေတာသုံးစွဲနိုင်မှုတို့ဖြင့် သုံးစွဲကြရပါမည်-

- လျှပ်စစ်မီးဖိုကို မချက်ပြုတ်ခင် ဖွင့်မထားရ။ လျှပ်စစ်မီးဖို အသုံးပြုရာတွင် ဝပ်အားများသော မီးဖိုကွိုင်များ အသုံးပြုချင်းအစား မီးအားအနည်းအများဖြင့် ပြောင်းလဲအသုံးပြုနိုင်သော လျှပ်စစ်မီးဖိုကို အသုံးပြုပါ။
- Microwave မီးဖို အသုံးပြုခြင်းကို လျှော့ပါ။ အသုံးပြုရာတွင်လည်း မီးအားအလယ်အလတ် ခလုတ်နေရာတွင် နှစ်မိနစ်မှ လေးမိနစ်အတွင်းသာ အသုံးပြုပါ။
- ရေနွေးပူအမြဲရရှိရန် အသုံးပြုသော ဓာတ်ဘူး (Tea Pot)ကို ရေနွေးဆူပါက ခလုတ်ကို ပိတ်ထားပါ။
- စားသောက်ဖွယ်ရာ ဟင်းလျာအမယ်များစွာ ချက်ပြုတ်ခြင်းကို လျှော့ပါ။ မနက်စာ ညစာ ထမင်းဟင်းကို ပေါင်းချက်နိုင်ပါက ချက်ပြုတ်ချိန်လျှော့ကျပါမည်။
- ချက်ပြုတ်ရာတွင် မြန်ဆန်ပြီး စွမ်းအားအပြည့်အဝ အသုံးပြုနိုင်သော Gas မီးဖိုများကို အသုံးပြုပါ။

**လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ အသုံးပြုရာတွင် ချွေတာခြင်း**

လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို အသုံးပြုရာတွင်လည်း ဓာတ်အားချွေတာသုံးစွဲနိုင်သော နည်းလမ်းများကို အသုံးပြုခြင်းဖြင့် ဓာတ်အားသုံးစွဲမှု များစွာလျှော့နည်းစေပါသည်။

- ရေပူစက်များအတွက် နေရောင်ခြည်စွမ်းအင်သုံး Solar စနစ်ကို အသုံးပြုပါ။
- လေအေးပေးစက်၊ အပူပေးစက်များ အသုံးပြုပါက သင့်တော်သော အအေးဓာတ်၊ အပူဓာတ် ရရှိနိုင်သော Temperature တွင် Remote Control ခလုတ်ကို ချိန်ညှိထားပါ။ ဂျပန်နိုင်ငံတွင် နွေရာသီကာလ၌ လေအေးပေးစက်များအတွက် ၂၈ ဒီဂရီစင်တီဂရိတ်နှင့် ဆောင်းရာသီကာလတွင် အပူပေးစက်များကို ၂၀ ဒီဂရီစင်တီဂရိတ်တွင် အသုံးပြုကြရန် သတ်မှတ်ထားပါသည်။
- အသုံးမပြုသည့် ပန်ကာ၊ တီဗွီ၊ ရေဒီယို၊ ကွန်ပျူတာ အခြားလျှပ်စစ်အသုံးအဆောင်များ၏ မီးခလုတ်များကို ပိတ်ထားရန်လိုပါသည်။ Remote Control ဖြင့် ပိတ်ခြင်းသည် စက်ပစ္စည်းအတွင်း လျှပ်စစ်ဓာတ်အား အသုံးပြုမှု ကျန်ရှိနေသေးသဖြင့် မီးခလုတ်ကိုပိတ်ခြင်း၊ မီးပလပ်ကိုဖြုတ်ထားခြင်း ဆောင်ရွက်ရပါမည်။
- အဝတ်လျှော်စက်အသုံးပြုရာတွင် သတ်မှတ်အထည်အရေအတွက်အပြည့်ဖြင့် လျှော်ပါ။
- အဝတ်များ မီးပူတိုက်ရာတွင် အဝတ်အားလုံးကို တစ်ချိန်တည်းပြီးစီးအောင် မီးပူတိုက်ပါ။ အဝတ်စိုများကို မီးပူမတိုက်ရပါ။
- အဝတ်အခြောက်ခံစက်(Dryer)မသုံးဘဲ အဝတ်လှန်းစင်၊ အဝတ်လှန်းကြိုးတန်းတို့ဖြင့် အခြောက်ခံပါ။
- စွမ်းရည်အပြည့်အဝ အသုံးပြုနိုင်သော လျှပ်စစ်ပစ္စည်းများကို အသုံးပြုပါ။
- ရေပူစက်၏ခလုတ်ကို အချိန်ကြာမြင့်စွာဖွင့်ထားခြင်း မပြုဘဲ အသုံးပြုပြီးသည်နှင့် ချက်ချင်းပြန်ပိတ်ခြင်း၊ ရေ၏ အပူချိန်ကို လျှော့သုံးခြင်း ဆောင်ရွက်ပါ။ အရွယ်အစားသေးသော ရေပူစက်များကို အသုံးပြုပါ။

**ရေရှည်တွက်ခြေကိုက်သော LED မီးလုံးကိုသုံးပါ**

ဓာတ်အားသုံးစွဲရာတွင် ရိုးရိုး ၆၀ ဝပ် မီးသီး (Incandescent)၊ ၁၄ ဝပ် CFL မီးချောင်း(Compact Fouorescent)၊ ၆ ဝပ် LED(Light Emitting Diode)မီးသီးတို့သည် အလင်းအားတူညီကြပါသည်။ ဈေးနှုန်းအရ LED မီးသီးသည် ဈေးများသော်လည်း သက်တမ်းနာရီ ၅၀၀၀၀ အထိ ကြာမြင့်စွာ အသုံးပြုနိုင်ခြင်းကြောင့် အစားထိုးလဲလှယ်မှုစရိတ် သက်သာခြင်း၊ ဓာတ်အားခကုန်ကျငွေ သက်သာခြင်း စသော အကျိုးကျေးဇူးများ ရရှိပါသည်။

**Incandescent & CFL & LED မီးလုံးများ၏ သုံးစွဲမှု နှိုင်းယှဉ်ချက်**

| အကြောင်းအရာ | Incandescent | CFL | LED |
|---|---|---|---|
| အသုံးပြုသက်တမ်း(နာရီ) | ၁၅၀၀ | ၁၀၀၀၀ | ၅၀၀၀၀ |
| ပစ္စည်း တန်ဖိုး(ကျပ်) | ၂၅၀ | ၃၀၀၀ | ၂၂၀၀ |
| ဝပ်အား(ဝပ်) | ၆၀ | ၁၄ | ၆ |
| တစ်နာရီ ဓာတ်အားခ(၃၅ကျပ်) | ၂. ၁ | ၀. ၄၉ | ၀. ၂၁ |
| နာရီ ၅၀၀၀၀ သုံး ဓာတ်အားခ | ၁၀၅၀၀၀ | ၂၄၅၀၀ | ၁၀၅၀၀ |
| နာရီ ၅၀၀၀၀ အတွက် မီးသီး လိုအပ်မှု | ၄၀ | ၅ | ၁ |
| ပစ္စည်းအစားထိုး ကုန်ကျစရိတ်(ကျပ်) | ၁၀၀၀၀ | ၁၅၀၀၀ | ၀ |
| စုစုပေါင်း နာရီ ၅၀၀၀၀ အတွက် ကုန်ကျငွေ (ကျပ်) | ၁၁၅၀၀၀ | ၃၉၅၀၀ | ၁၀၅၀၀ |

လမ်းမီးများတွင် LED များတပ်ဆင်ခြင်း၊ စားသောက်ဆိုင်များ၊ အိမ်များတွင် LED များ တပ်ဆင်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားကို ချွေတာရာ ရောက်သည့်အပြင် ဓာတ်အားခကုန်ကျမှုကိုလည်း သက်သာစေပါသည်။ စာရေးသူ၏အသိ စားသောက်ဆိုင်တစ်ဆိုင်သည် ဆိုင်ခန်းအတွင်းနှင့် ဆိုင်ခန်းပြင်ပမြက်ခင်းများပေါ်ရှိ မီးများအတွက် ပါဝါမီတာဖြင့် ဓာတ်အားပေးရာ မီးအားမနိုင်တော့သဖြင့် ထရန်စဖော်မာ ပြောင်းလဲတပ်ဆင်ရမည့် အနေအထားသို့ ရောက်ရှိလာပါသည်။ ထရန်စဖော်မာမတပ်ဆင်ဘဲ LED မီးသီးများဖြင့် ပြောင်းလဲတပ်ဆင်ရန် အကြံပေးခဲ့ရာ LED မီးသီးများတပ်ဆင်ပြီးနောက် ပါဝါမီတာတွင် ယခင်သုံးစွဲဓာတ်အား၏ တစ်ဝက်အောက်သို့ ကျဆင်းသွားပြီး တစ်လ ဓာတ်အားခများစွာ သက်သာမှုရရှိသည့်အပြင် ထရန်စဖော်မာတပ်ဆင်မှုစရိတ် ကုန်ကျမှုမရှိတော့ပါ။

**ဓာတ်အားကို ဘယ်လောက်ချွေတာသုံးနိုင်သလဲ**

အိမ်တစ်အိမ်အတွက် ဓာတ်အားအသုံးပြုသော နေရာအလိုက် ဓာတ်အားချွေတာသုံးစွဲမှုကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်ကြောင်း စမ်းသပ်ဖော်ထုတ်ချက်များအရ သိရှိရပါသည်။

- အိမ်တွင်း အိမ်ပြင် အလင်းရောင် ဓာတ်အားသုံးစွဲမှု၏ ၂၂ ရာခိုင်နှုန်းကို ချွေတာနိုင်ပါသည်။
- လျှပ်စစ်ပစ္စည်း အသုံးမပြုပါက မီးခလုတ်ပိတ်၊ ပလပ်ပေါက်များ ဖြုတ်ထားခြင်းများသည် ယင်းလျှပ်စစ်ပစ္စည်းများ ဓာတ်အားသုံးစွဲမှု၏ ၇ ရာခိုင်နှုန်းခန့်ကို ချွေတာနိုင်ပါသည်။
- အပူပေးစက်၊ လေအေးပေးစက်များ၏ ဓာတ်အားသုံးစွဲမှုကို ၁၂ ရာခိုင်နှုန်း ချွေတာနိုင်ပါသည်။
- မီးဖိုချောင် ချက်ပြုတ်ခြင်းများ၏ ဓာတ်အားသုံးစွဲမှုအရ ၁၄ ရာခိုင်နှုန်း ချွေတာနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အား(ဗို့အား)ကောင်းမွန်အောင် ကူညီရမည်**

ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနှင့် သုံးစွဲမှုမျှတပါက ဗို့အားကျဆင်းမှုနည်းပြီး ဓာတ်အားပြတ်တောက်မှုလည်း နည်းမည်ဖြစ်ပါသည်။ နွေရာသီကာလတွင် တစ်အိမ်ချင်းဓာတ်အားသုံးစွဲမှု တိုးတက်လာခြင်းကြောင့် ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများတွင် ခံနိုင်ရည်ဝန်အားထက် ကျော်လွန်ပြီး ဗို့အားကျဆင်းမှုများ ဖြစ်ပေါ်ရပါသည်။ အထူးသဖြင့် အများပြည်သူ ဓာတ်အားသုံးချိန်ဖြစ်သော နံနက် ၇ နာရီမှ ၁၀ နာရီအတွင်း၊ ညနေ ၄ နာရီ မှ ၁၁ နာရီအတွင်း ဗို့အားကျဆင်းမှုများ ဖြစ်ပေါ်လေ့ရှိရာ ရေတင်မော်တာများ၊ လေအေးပေးစက်များ အလုပ်မလုပ်တော့ခြင်း၊ မီးချောင်းများမလင်းတော့ခြင်းများ ဖြစ်လာပါသည်။ ထရန်စဖော်မာများ၊ ကြိုးများ ဝန်အားပြည့်အသုံးပြုချိန်များလာသောအခါ ထရန်စဖော်မာ ဖျူ(စ်)များ ပြတ်ခြင်း၊ လိုင်းကြိုးများပြတ်ခြင်း၊ ထရန်စဖော်မာများ လောင်ကျွမ်းခြင်း များဖြစ်ကာ ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိပါသည်။ နွေရာသီတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံများကလည်း စွမ်းအားပြည့်ထုတ်လုပ်ပေးထားပြီးဖြစ်၍ လျှပ်စစ်ဓာတ်အား ထပ်မံတိုးတက်ထုတ်လုပ်ရန် ခက်ခဲမှုရှိနေပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိ ဓာတ်အားသုံးစွဲသော အိမ်ထောင်စု ၃ ဒသမ ၇ သန်းခန့်ရှိရာ အိမ်တစ်အိမ်တွင် ၄၀ ဝပ် မီးသီးတစ်လုံး ချွေတာသုံးစွဲပါက အိမ်ထောင်စု ၃ ဒသမ ၇ သန်းအတွက် လျှပ်စစ်ဓာတ်အား ၁၅၀ မဂ္ဂါဝပ်ခန့် ချွေတာသုံးစွဲရာ ရောက်ပါသည်။ နေ့စဉ်ဓာတ်အား ၁၅၀ မဂ္ဂါဝပ် ထုတ်လုပ်မှုကို လျှော့ချနိုင်ပါသည်။ တစ်အိမ်ချင်း လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲခြင်းဖြင့်၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုကို အထောက်အကူပြုနိုင်သည့်အပြင် လျှပ်စစ်ဓာတ်အား (ဗို့အား) ကောင်းမွန်ရေးကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် တစ်အိမ်ချင်းအနေဖြင့် လျှပ်စစ်ပစ္စည်းများကို တစ်ပြိုင်တည်း အသုံးမပြုဘဲ အလှည့်ကျစနစ်ဖြင့် အသုံးပြုရပါမည်။ ဥပမာအားဖြင့် ထမင်းဟင်းချက်ချိန်တွင် ရေတင်ခြင်း၊ မီးပူတိုက်ခြင်း၊ လေအေးပေးစက်များဖွင့်ခြင်းတို့ကို ရှောင်ကြဉ်ရပါမည်။

တစ်ယူနစ် ဓာတ်အားခနှုန်းထား ဈေးမြင့်သော ဗီယက်နမ်၊ ဖိလစ်ပိုင်၊ တရုတ်စသည့် နိုင်ငံများတွင် ဓာတ်အားခချွေတာသည့်အနေဖြင့် အလင်းရောင်မီးများကို CFL မီးချောင်းခွေ၊ LED မီးများဖြင့် အစားထိုးတပ်ဆင်ခြင်း၊ လိုအပ်သောနေရာသာ မီးဖွင့်သုံးခြင်းများကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် အများပြည်သူ အခြေခံဓာတ်အားအသုံးပြုခမှာ တစ်ယူနစ်လျှင် ၃၅ ကျပ်မှ ၅၀ ကျပ်အတွင်းသာ ပေးဆောင်ရသဖြင့် ဓာတ်အားခသက်သာမှုကြောင့်လည်း လျှပ်စစ်ဓာတ်အားကို ချွေတာသုံးစွဲမှု မရှိကြခြင်း ဖြစ်ပါသည်။

အချုပ်အားဖြင့် လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲမှု အကျင့်ကောင်းများကို လူတိုင်း၊ အိမ်ထောင်စုတိုင်း လိုက်နာကျင့်သုံးပါက မိမိအတွက် ဓာတ်အားခကျသင့်ငွေ လျော့နည်းသက်သာခြင်းအပြင် ဓာတ်အားဖြန့်ဖြူးရေးကိုလည်း အထောက်အကူပြုရာ ရောက်ပါသည်။ ဓာတ်အား ချွေတာသုံးစွဲခြင်းမှ ပိုထွက်လာသော ဓာတ်အားသည် လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်သကဲ့သို့ပင် ဖြစ်ပါသည်။ ဓာတ်အား မရရှိသေးသော ပြည်သူများအတွက်လည်း မျှဝေခံစားပေးနိုင်မည် ဖြစ်ပါသည်။

စွမ်းအင်ချွေတာသုံးစွဲခြင်းသည် ငွေကိုချွေတာသုံးစွဲရာ ရောက်သည့်အပြင် ကမ္ဘာ့ပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းလည်းဖြစ်သည့်အတွက် အနာဂတ်မျိုးဆက်သစ်များဘဝ သာယာရေးကို အထောက်အကူပြုရန်အတွက် ဓာတ်အားအသုံးပြုသူတိုင်းအနေဖြင့် စနစ်တကျဖြင့် ချွေတာသုံးစွဲကြရမည် ဖြစ်ပါသည်။ ။

# သရက်သီးပေါ်ချိန်တွင် အထွက်နှုန်းနည်းသဖြင့် အမြင့်ဈေးရရန် သရက်ခြံပိုင်ရှင်များ မျှော်မှန်းနေ



**စစ်ကိုင်း မေ ၅**
ယခုနှစ်တွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ သရက်ခြံများမှ သရက်သီးအထွက်နှုန်းနည်းနေ၍ ထွက်ရှိသောသရက်သီးများ အမြင့်ဈေးရမည်ဟု သရက်ခြံပိုင်ရှင်များက မျှော်မှန်းနေကြကြောင်း သိရသည်။

"ဒီနှစ်က သရက်ပင်များစတင်ဖူးပွင့်ချိန်ကနေ အသီးကင်းကျော်လွန်တဲ့အရွယ်ရောက်မှ အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားပြီး လေမတိုက်ဘဲနဲ့ အသီးကြွေကျမှုများတယ်။ နောက်ပြီး မိုးကြိုကာလဖြစ်တဲ့အတွက် လေပြင်းတိုက်ခတ်လာရင် အသီးကြွေကျတယ်။ ဒီနောက်ပိုင်းမှ အောင်သီးကိုရတာပါ။ အတွေ့အကြုံအရပြောရမယ်ဆိုရင် သရက်သီးပေါ်ချိန်မှာ အထွက်နှုန်းနည်းပေမယ့် အမြင့်ဈေးရမယ်လို့ မျှော်မှန်းထားပါတယ်။ ကျွန်တော်တို့သရက်ခြံသမားများဟာ အချို့ကဖူးပွင့်ချိန်မှာ ခြံပြတ်ရောင်းကြသလို အချို့ကလည်း အသီးအဆင့်ရောက်မှ မျက်မြင်စိတ်ကြိုက်ဈေးနဲ့ ခြံပြတ်ရောင်းကြတယ်။ လက်လီစိတ်ပြီး နောက်ဆုံးအဆင့်အထိ လုပ်ကိုင်နိုင်သူကတော့ ကိုယ်တွက်ပိုကျန်တယ်"ဟု စီတီးကျေးရွာအုပ်စုမှ သရက်ခြံပိုင်ရှင် ဦးကျော်မျိုးရှိန်က ပြောသည်။

စစ်ကိုင်းမြို့နယ်အတွင်း၌ သရက်ပင်များကို စိုက်ပျိုးရာတွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးသည့် သရက်ခြံများရှိသကဲ့သို့ ညောင်ပင်ဝန်းနှင့် ဒိပဲယင်းကွဲကျေးရွာများတွင် စီးပွားဖြစ်စိုက်ပျိုးကြသော သရက်ခြံများရှိသည်။

ယခုနောက်ပိုင်းတွင် မြို့နယ်အတွင်းရှိ အချို့သော ကျေးရွာများ၌ သက်ဆိုင်ရာ စိုက်ပျိုးရေးဌာနများက သရက်ခြံပိုင်ရှင်များအား နိုင်ငံခြားဈေးကွက်ဝင်သရက်သီးများ ရွေးခြယ်စိုက်ပျိုးရန် ပညာပေးဟောပြောခြင်းနှင့် စိုက်ပျိုးရေးအသိပညာပေးခြင်းများ ပြုလုပ်ပေးခဲ့ကြသဖြင့် စစ်ကိုင်း-မုံရွာ-ရွှေဘို ကားလမ်းဘေး ဝဲယာနှင့် မင်းကွန်းကားလမ်းဘေး ဝဲယာတစ်လျှောက်တို့ရှိ အိမ်ခြံဝင်းများတွင် နိုင်ငံခြားဈေးကွက်ဝင် သရက်မျိုးများကို စိုက်ပျိုးလာကြသည်ကို တွေ့ရသကဲ့သို့ မြေလပ်သည့်နေရာများ၌လည်း သရက်ပင်များ တိုးချဲ့စိုက်ပျိုးလာကြသည်ကို တွေ့ရသည်။
**မျိုးဝင်း(စစ်ကိုင်း)**

# ကလေးငယ်နှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ်ပုံမှန်ကာကွယ်ဆေး အခမဲ့တိုက်ကျွေးထိုးနှံပေး

**နေပြည်တော် မေ ၅**
မိခင်များ၏ ကျန်းမာရေးမြှင့်တင်ရေးနှင့် ငါးနှစ်အောက်ကလေးသေဆုံးမှု လျော့နည်းကျဆင်းရေးအတွက် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ လက်ပံခါးလှ၊ တောက်ထိန်၊ တဲကြီးကုန်း၊ ရှားတောနှင့် ဂုံးမင်းအင်းကျေးရွာများ၌ တစ်နှစ်ခွဲအောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ်ပုံမှန်ကာကွယ်ဆေးများကို မေ ၄ ရက်က တိုက်ကျွေးခဲ့ကြောင်း သိရသည်။



ကာကွယ်ဆေး တိုက်ကျွေးထိုးနှံပေးရေးလုပ်ငန်းများကို အလျင်လိုကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများအဖွဲ့က ကျေးရွာများသို့ ကွင်းဆင်းတိုက်ကျွေးနေခြင်းဖြစ်ပြီး ဝက်သက်၊ ပိုလီယို၊ Penta ငါးမျိုးစပ်၊ ဦးနှောက်တီဘီနှင့် လူးစေ့တီဘီပိုးကာကွယ်နိုင်ရန် BCG ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

ရှားတောကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတွင်လည်း ငါးနှစ်အောက်ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကိုယ်ဝန်ဆောင်များကို အခမဲ့စမ်းသပ်ပေးခြင်းနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို အခမဲ့ ဆောင်ရွက်ပေးခြင်းတို့ကို အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ပြုလုပ်လျက်ရှိကြောင်း သိရသည်။
**သန့်မောင်(ပြန်/ဆက်)**

## သတင်းတိုများ

### စဉ့်ကူးမြို့နယ်တွင် နွေရာသီအပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်

စဉ့်ကူးမြို့နယ်အတွင်း ပြည်သူများ အသွားအလာများသည့်နေရာဖြစ်သော စဉ့်ကူးမြို့လယ်လမ်းဆုံနှင့် အခြားလူစည်ကား အသွားအလာများသောနေရာများတွင် နွေရာသီအပူဒဏ်အန္တရာယ်ကာကွယ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးစာတမ်းပါ မြေစိုက်ဗီနိုင်းတို့အား ပြည်သူများ ကြိုတင်သိရှိနိုင်ရန် အသိပေးနှိုးဆော်ကြေညာထားကြောင်း သိရသည်။

နှိုးဆော်ချက်တွင် အပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားကြောင်း၊ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်အယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေများ ဖြစ်ပေါ်တတ်ကြောင်း စသည်ဖြင့် အချက်(၁၂)ချက်တို့ကို မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီမှ နှိုးဆော်ထားကြောင်း သိရသည်။
**ဝင်းမောင်**

### ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်း မြို့နယ်အဆင့်သင်တန်းဖွင့်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်တွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်ချည်း(CCA) မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲကို မေ ၄ ရက်က လက်ပန်လှကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူက အမှာစကားပြောကြားပြီး သင်တန်းတာဝန်ခံ ဦးကျော်ကျော်ဝင်းက ငါးရက်သင်တန်းဖွင့်လှစ်ပို့ချသွားမည့် လုပ်ငန်းအစီအစဉ်များ သင်တန်းသား သင်တန်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။
**ဝင်းမောင်**

# ကျေးရွာများတွင် ရေရရှိရေးအတွက် ပရဟိတအဖွဲ့များ ပူးပေါင်းဆောင်ရွက်ပေးနေ



**ပခုက္ကူ မေ ၅**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်နှင့် မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် စက်ရေတွင်းများ တူးဖော်ခြင်းအပါအဝင် ရေရရှိရေးလုပ်ငန်းများကို ပရဟိတအဖွဲ့များနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပခုက္ကူမြို့နယ် ဇီးတောတိုက်ကျေးရွာ၌ သောက်သုံးရေပြတ်လပ်မှု မဖြစ်စေရေးအတွက် အနက် ပေ ၃၈၀ ရှိ လေးလက်မခွဲစက်ရေတွင်းသစ်တစ်တွင်းကို ပခုက္ကူခရိုင် အနာဂတ်အလင်းရောင် လူငယ်ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ မတ် ၂၄ ရက်ကတူးဖော်ခဲ့ရာ မတ် ၂၆ ရက်တွင် ပြီးစီးခဲ့သဖြင့် ယခုအခါ သောက်သုံးရေများ ရရှိနေပြီဖြစ်ကြောင်း သိရသည်။ စက်ရေတွင်းနှင့်အတူ အလျား၊ အနံ ၁၂ ပေ ပတ်လည်ရှိ ရေကန်ကိုလည်း ဆောက်လုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

အနာဂတ်အလင်းရောင် လူငယ်ဖွံ့ဖြိုးရေးအသင်းနှင့်အတူ မူဆယ်မြို့မှ အောင်နန်းထက်ကုမ္ပဏီနှင့် စေတနာရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် မြိုင်မြို့နယ် ဆယ်ပြားကျေးရွာ၌လည်း ပါဝါမီတာတပ်ဆင်ရန် မီးကြိုး၊ မီးတိုင်များ၊ ဒိုင်နမိုများ ပံ့ပိုးလှူဒါန်း၍ ချောင်းနားကမ်းကျေးရွာ၌ ပေ ၉၂၀ ရေပိုက်တပ်ဆင်ပေးခြင်း၊ ဇီးတောတိုက်ကျေးရွာတွင် အနက် ပေ ၄၀၀ ရှိ စက်ရေတွင်းအသစ် တူးဖော်ပေးခြင်း၊ ပခုက္ကူမြို့နယ် သစ်ပုလွေကုန်းကျေးရွာ၌ မြင်းကောင်ရေ ၃၂ ကောင်အားရှိ အင်ဂျင်အသစ်တစ်လုံး ဝယ်ယူလှူဒါန်းခြင်း စသည်ဖြင့် ရေရရှိရေးနည်းလမ်းများကို ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ မြို့နယ်အတွင်းရှိ ရေရှားပါးပြတ်လပ်သော ကျေးရွာများသို့ ရေများ သွားရောက်လှူဒါန်းနိုင်ရန်အတွက်လည်း ပခုက္ကူ ရေအလှူတော်ကား၊ အာယုသုခ ရေအလှူတော်ကား၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ခရိုင်မီးသတ်တပ်ဖွဲ့မှ ရေသယ်ယာဉ်များဖြင့် ချိတ်ဆက်၍ မိတ်ဖက်ပရဟိတအသင်းများ ဖြစ်ကြသော စံပြမေတ္တာ လူငယ်လူမှုဖူလုံရေးအသင်း(ကမ္မမြို့)၊ ကြယ်စင်မောင်နှမ၊ ပခုက္ကူလူငယ်ကွန်ရက်၊ ကမ္မလူငယ်ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်နာယက ဦးရဲထွဋ်ထံမှ သိရသည်။

မြိုင်မြို့နယ်အတွင်းမှ ကျေးရွာများ၌ ယခင်က ကိုင်းတောမကျေးရွာအုပ်စုမှ ရေကိုသာ ကျေးရွာ ၁၀ ရွာပေါင်း၍ သုံးစွဲခဲ့ရသောကြောင့် ရေလုံလောက်စွာ မသုံးစွဲနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ တစ်ရွာလျှင် ရေတွင်းတစ်တွင်း သုံးစွဲနိုင်အောင် တူးဖော်ပေးသဖြင့် ရေသုံးစွဲရန် အဆင်ပြေလာပြီး စားဝတ်နေရေးနှင့် အခြားအလုပ်အကိုင်များအတွက် ပိုမိုအချိန်ပေးလုပ်ကိုင်လာနိုင်ကြောင်း ရွာတန်းရှည်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းညို၏ ပြောကြားချက်အရ သိရသည်။
**ဆလိုင်းကိုကီး**

# အမှတ်ပြည့်ရဖို့ ခြေကုန်ထုတ်ပြရဦးမယ့် ပရီမီယာလိဂ်ပွဲစဉ် (၃၃)

မိုးမြင့်လင်းလက်



ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဧပြီ ၉ရက်နဲ့ ၁၀ရက်တွေမှာ ပရီမီယာလိဂ်ပွဲစဉ် (၃၃)ကို ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်တွေဟာ ထိပ်တန်းအသင်းတွေရော၊ တန်းမဆင်းရရေး ကြိုးစားနေရတဲ့ အသင်းတွေအတွက်ပါ နိုင်ပွဲတွေရမှဖြစ်မယ့် ပွဲစဉ်တွေ ဖြစ်လာတာမို့ ကစားသမားတွေ အလေးအနက်ထားပြီး အားထုတ်ကြပါလိမ့်မယ်။ ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်မှန်းနေတဲ့ ထိပ်တန်းအသင်းတွေအတွက်ကလည်း အမှတ်ပြည့်ရမှဖြစ်မယ့် ပွဲတွေဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်ဦးမယ့် ခြေစွမ်းတွေကို မြင်တွေ့ရပါဦးမယ်။

**ဆွမ်ဆီးနှင့်ချယ်လ်ဆီး**

ချယ်လ်ဆီးဟာ အမှတ်လိုအပ်နေပြီး ပွဲတိုင်းအနိုင်ရရေးဦးတည်နေပါတယ်။ ချယ်လ်ဆီးတို့က ဆွမ်ဆီးနဲ့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ ရလဒ်ကို ကြည့်ရင် တစ်ပွဲသာသရေဖြစ်ခဲ့ပြီး နှစ်ပွဲနိုင်ထားပါတယ်။ ဆွမ်ဆီးရဲ့ ခြေစွမ်းက ပုံမှန်မဟုတ်တာမို့ ဒီပွဲမှာ အိမ်ကွင်းလည်း ဖြစ်တာကြောင့် ခံစစ်အခြေပြု တိုက်စစ်နဲ့ကစားမှာပါ။ ချယ်လ်ဆီးတို့ကတော့ အစဉ်အလာအရ ဆွမ်ဆီးကိုဖိအားပေးပြီး တိုက်စစ် ရဲရဲဖွင့်ကစားကာ နိုင်ပွဲရယူဖို့ အားထုတ်ပါလိမ့်မယ်။

**မန်စီးတီးနှင့်ဝက်စ်ဘရွန်း**

မန်စီးတီးတို့က ဝက်စ်ဘရွန်းနဲ့ ဆုံတိုင်း အသာစီးရခဲ့တာများတာမို့ အခုပွဲဟာ အိမ်ကွင်းလည်းဖြစ်တာကြောင့် အမှတ်ပြည့်ရယူရေး ကြိုးစားမှာပါ။ ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုကိုကြည့်ရင် မန်စီးတီးတို့ကချည်း ဂိုးပြတ်နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာလည်း အဲဒီအစဉ်အလာကောင်းကို ဆက်ထိန်းပါလိမ့်မယ်။ မန်စီးတီးနဲ့ဝက်စ်ဘရွန်းတို့ ပရီမီယာလိဂ်မှာ စုစုပေါင်းဆုံတွေ့ခဲ့မှုကိုကြည့်ရင် မန်စီးတီးက ၅၁ ပွဲနိုင်ပြီး ဝက်စ်ဘရွန်းက ၄၅ ပွဲနိုင်ကာ သရေ ၂၂ ပွဲ ဖြစ်ခဲ့ပါတယ်။ လက်ရှိခြေစွမ်းကလည်း အိမ်ရှင်က အားသာချက်ရှိနေတာမို့ မန်စီးတီးတိုက်စစ်မှူးတွေရဲ့ သွင်းဂိုးတွေအောက်မှာ ဝက်စ်ဘရွန်းခံစစ်ကျိုးပေါက်ပါလိမ့်မယ်။

**ဝက်စ်ဟမ်းနှင့်အာဆင်နယ်**

ဝက်စ်ဟမ်းတို့ကလည်း ဒီနှစ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာ မျှော်မှန်းနေတာမို့ အိမ်ကွင်းမှာ သေသေချာချာပြင်ဆင်ကစားပါလိမ့်မယ်။ အာဆင်နယ်ဟာ ဝက်စ်ဟမ်းနဲ့ဆုံတိုင်း ခက်ခက်ခဲခဲကစားခဲ့ရတာချည်းဖြစ်ပြီး အမှတ်ရအောင် ရုန်းကန်ခဲ့ရတာပါ။ ဒါပေမယ့်အခုနောက်ဆုံးသုံးပွဲ ကစားခဲ့တဲ့ရလဒ်တွေကိုကြည့်ရင် အာဆင်နယ်တို့ကချည်း နိုင်ပွဲရထားပါတယ်။ မန်ယူနဲ့ချယ်လ်ဆီးတို့ကို သရေပွဲရအောင်ကစားခဲ့တဲ့ ဝက်စ်ဟမ်းဟာ ဒီပွဲမှာလည်း အနိမ့်ဆုံး တစ်မှတ်ရအောင်ယူပါလိမ့်မယ်။

**ဝက်ဖို့ဒ်နှင့်အဲဗာတန်**

ဝက်စ်ဖို့ဒ်တို့က အဲဗာတန်ကို ခြေရည်တူကစားနိုင်ပေမယ့် အခုတလော အဲဗာတန်ရဲ့ခြေစွမ်းက ပုံမှန်ပြန်ရနေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုမှာတော့ အဲဗာတန်က နှစ်ပွဲနိုင်ခဲ့ပြီး သရေတစ်ပွဲဖြစ်ခဲ့ပါတယ်။ ပရီမီယာလိဂ်မှာ ဒီနှစ်သင်းဆုံတွေ့မှုကိုကြည့်ရင် အဲဗာတန်တို့က အသာစီးရခဲ့တာများတာမို့ အခုပွဲမှာလဲ အိမ်ရှင်တို့ အခြေအနေမကောင်းနိုင်ပါဘူး။

**ဆောက်သမ်တန်နှင့်နယူးကာဆယ်**

ဆောက်သမ်တန်ဟာ ခြေစွမ်းပြန်ထိန်းနေတာမို့ ပြိုင်ဘက်တွေကို သေသေချာချာ ပြင်ဆင်ကစားနေပါတယ်။ ဆောက်သမ်တန်နဲ့နယူးကာဆယ်တို့ နောက်ဆုံးတွေ့ဆုံခဲ့မှုကို ကြည့်ရင် နှစ်ဂိုးစီသရေပွဲဖြစ်ထားပြီး ခြေစွမ်းလည်းမကွာတာမို့ အိမ်ရှင်တို့ သတိထားပြီးကစားမှ အမှတ်ပြည့်ရနိုင်မှာပါ။ ဒါပေမယ့် တန်းဆင်းဇုန်က လွတ်မြောက်ဖို့အတွက် နယူးကာဆယ်ရဲ့ပြင်းထန်တဲ့ ရုန်းထအားကလည်း အိမ်ရှင်ကိုအမှတ်လက်မဲ့ဖြစ်သွားစေနိုင်ပါတယ်။


**ဗီလာနှင့်ဘုန်းမောက်**

နည်းပြလက်မဲ့ဖြစ်နေတဲ့ ဗီလာတို့လည်း အိမ်ကွင်းမှာဆိုပေမယ့် ဘုန်းမောက်ကို ခက်ခက်ခဲခဲကစားရပါလိမ့်မယ်။ ဘုန်းမောက်တို့ကလည်း ခြေစွမ်းပိုင်းအားရစရာတွေ မရှိပေမယ့် အသင်းလိုက် စိတ်ဓာတ်ကောင်းကောင်းကစားနိုင်တာမို့ အခုပွဲမှာ ဘုန်းမောက်တို့အမှတ်မျှော်လင့်နိုင်တဲ့ ပွဲပါပဲ။ ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ဘုန်းမောက်တို့ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့ပေမယ့် ဒီပွဲမှာ အဲဒီရှုံးကြွေးကိုပြန်ဆပ်လာလိမ့်မယ်။

**ခရစ္စတယ်ပဲလေ့စ်နှင့်နော့ဝှစ်ချ်**

ခြေရည်တူပြီး တစ်လှည့်စီအနိုင်ယူနေကြတဲ့အသင်းတွေမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ ဒီနှစ်သင်းရဲ့ လက်ရှိခြေစွမ်းတွေကတော့ တည်ငြိမ်မှုမရှိပေမယ့် ပဲလေ့စ်တို့က အိမ်ကွင်းမှာခြေစွာပါတယ်။ နော့ဝှစ်ချ်တို့ဟာ ဒီပွဲမှာ အဝေးကွင်းဆိုပေမယ့် အမှတ်ပြည့်ရယူရေး တိုက်စစ်ဖွင့်ကစားမှာဖြစ်လို့ ပဲလေ့စ်တို့ပွဲကျပ်ဖြစ်နိုင်ပါတယ်။ ဒီနှစ်သင်းရဲ့ စုစုပေါင်းတွေ့ဆုံမှုကိုကြည့်ရင် ပဲလေ့စ်က ၁၉ ပွဲနိုင်ပြီး နော့ဝှစ်ချ်တို့က ၃၁ ပွဲနိုင်ကာ သရေ ၁၈ ပွဲ ဖြစ်ထားတာမို့ အခုပွဲ မှာ အမှတ်ခွဲယူရကိန်းဖြစ်သွားနိုင်ပါတယ်။ ။

## ရီးရဲမက်ဒရစ်နည်းပြအဖြစ် ဆက်လက်ရှိနေမယ့် ဇီဒန်း



ရီးရဲမက်ဒရစ်အသင်းဟာ နည်းပြဘင်နီတက်ဇ်လက်ထက်မှာ အောင်မြင်မှုမရခဲ့ပေမယ့် ဇီဒန်းလက်ထက်မှာတော့ အောင်မြင်မှုတွေဆက်လက်ရရှိနေပါတယ်။ ဒီအတွက် နည်းပြဇီဒန်းဟာ ရာသီအကုန်မှာထွက်ခွာဖို့ ဖိအားပေးခံနေရပေမယ့် လာမယ့်ရာသီမှာတော့ ဘာနေဗျူးမှာ ဆက်ရှိဖို့ သေချာနေပါတယ်။ ရီးရဲမက်ဒရစ်က ဘာစီလိုနာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်ပြီးတဲ့နောက် ဇီဒန်းကို လာမယ့်ရာသီမှာ ဆက်လက်ကိုင်တွယ်ဖို့ သေချာနေပါတယ်။ ပွဲစဉ် ၃၁ အပြီး ဘာစီလိုနာအသင်းနောက်မှ ခုနစ်မှတ်ခွာပြီး လိုက်နေရပေမယ့် ဖလားရရေးအတွက် လက်လျှော့မှာမဟုတ်ဘူးလို့ နည်းပြဇီဒန်းက ဆိုပါတယ်။ ကျွန်တော်က ကျွန်တော့်အသင်းကစားသမားတွေအတွက် ဂုဏ်ယူပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘယ်အသင်းမှ အနိုင်မရတဲ့အသင်းကို အနိုင်ရလိုက်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်လို့ ဇီဒန်းကဆိုပါတယ်။ ရီးရဲနည်းပြတွေဖြစ်တဲ့ မော်ရင်ဟို၊ ရာမို့စ်၊ ပယ်လီဂရီနီ၊ အန်ဆယ်လော့တီနဲ့ ဘင်နီတက်ဇ်တို့လက်ထက်မှာ ကလပ်စီယိုမှာ မနိုင်ခဲ့တဲ့ဘာစီလိုနာကို ပထမဆုံးအနိုင်ရတဲ့ နည်းပြဖြစ်လာခဲ့တာပါ။

## စတာရစ်နဲ့ ပြဿနာမရှိဘူးဆိုတဲ့ ဂျာဂျင်ကလော့

စပါးနဲ့ပွဲမှာ ဒေါသထွက်ပြီး စတာရစ်ကို လူစားလဲ ကစားခဲ့ပေမယ့် ပြဿနာတစ်စုံတစ်ရာမရှိဘူးလို့ နည်းပြဂျာဂျင်ကလော့က အခိုင်အမာပြောဆိုလိုက်ပါတယ်။ လီဗာပူးနဲ့စပါးတို့ ကစားတဲ့ပွဲမှာ ပွဲချိန် ၇၂ မိနစ်မှာ အိုရီဂျီနဲ့လူစားလဲကစားခဲ့ပါတယ်။ လီဗာပူးတိုက်စစ်မှူး စတာရစ်ဟာ စပါးနဲ့ပွဲမှာ အကောင်းဆုံးဂိုးသွင်းခွင့် အခွင့်အရေးနဲ့လွဲချော်သွားခဲ့ပြီးနောက် စတာရစ်ရဲ့ဒေါသဟာ ကျွန်တော့်အတွက်တော့ ဘာမှပြဿနာမရှိပါဘူး လို့ဆိုပါတယ်။ စတာရစ်ဟာ ပထမပိုင်းမှာ အပိုင်ဂိုးသွင်းခွင့်ရခဲ့ပေမယ့် အခွင့်အရေးကောင်းကို အသုံးမချနိုင်ခဲ့ပါဘူး။ လီဗာပူးဟာ ဒီပွဲမှာ နိုင်ခြေရှိခဲ့ပေမယ့် တစ်ဖက်တစ်ဂိုးစီနဲ့ သရေပွဲနဲ့ပဲ ကျေနပ်ခဲ့ရပါတယ်။ စတာရစ်ဟာ ခြေစွမ်းရှိတဲ့ကစားသမားဖြစ်ပေမယ့် ဒီပွဲမှာတော့ အခွင့်အရေးကောင်းနဲ့ လွဲချော်သွားခဲ့ပါတယ်။



## တတိယနေရာမျှော်မှန်းတဲ့ ဗန်ဟားလ်



မန်ယူအသင်းအနေနဲ့ ရာသီအစမှာ ရလဒ်တွေမကောင်းခဲ့ပေမယ့် ရာသီအကုန်မှာတော့ ချန်ပီယံလိဂ်ဝင်ခွင့်နေရာကိုရဖို့ တောင့်ခံထားခဲ့ပါတယ်။ ပွဲစဉ် ၃၂အပြီးမှာ ဗန်ဟားလ်ရဲ့မန်ယူဟာ နံပါတ် ၅နေရာရှိနေပြီး တတိယနေရာရောက် အာဆင်နယ်နဲ့ငါးမှတ်ကွာနေပါတယ်။ လာမယ့်ပြိုင်ပွဲတွေမှာ မန်ယူအသင်းအနေနဲ့ နိုင်ပွဲတွေဆက်လက်ရဖို့ရှိနေတာကြောင့် နည်းပြဗန်ဟားလ်က တတိယနေရာနဲ့အဆုံးသတ်ဖို့မျှော်လင့်ထားတယ်လို့ဆိုပါတယ်။ ကျွန်တော့်အသင်းအနေနဲ့ အကောင်းဆုံးမကစားနိုင်သေးဘူးဆိုတာ လက်ခံပါတယ်။ ဒါပေမယ့် စတုတ္ထနေရာမှ မန်စီးတီးနောက်မှ တစ်မှတ်သာကွာနေတဲ့အတွက် တတိယနေရာရဖို့ ယုံကြည်ထားတယ်လို့ ဗန်ဟားလ်က ဆိုပါတယ်။ မန်ယူအသင်းဟာ အဲဗာတန်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရလိုက်ပြီးတဲ့နောက် တတိယနေရာရဖို့ မျှော်လင့်ထားခဲ့တာပါ။ အဲဗာတန်အသင်းဟာ တောင့်တင်းတဲ့အသင်းကောင်းဖြစ်ခဲ့ပေမယ့် မန်ယူတစ်လုံးတည်းသောဂိုးနဲ့ အနိုင်ရလိုက်တဲ့အတွက် ရာသီကုန်မှာ တတိယနေရာကို မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။

ကောင်းမြတ်သူ စုစည်းသည်။

# ညောင်ဦးတွင် ထွန်စက်မလုံလောက်သဖြင့် သီးနှံစိုက်ပျိုးမည့်တောင်သူများ စောင့်ဆိုင်းနေရ



**ညောင်ဦး မေ ၅**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးရန်အတွက် လယ်ယာမြေများကို ထွန်ယက်ရာတွင် လယ်ထွန်စက်များ ငှားရမ်းထွန်ယက်ကြရာ ထွန်စက်ရှားပါးခြင်းကြောင့် သီးနှံစိုက်ပျိုးမည့်တောင်သူများ စောင့်ဆိုင်းနေရကြောင်းသိရသည်။

"ကျွန်တော်တို့ အရင်တုန်းကဆိုရင် နွေရာသီရောက်ရင် ထွန်တုံးပိတ်တယ်။ အခု မြစ်ရေတင်ကြီးများနဲ့ စိုက်ပျိုးတဲ့အခါကျတော့ မိုးစပါးပြီးရင် ဆောင်းပဲစိုက်ပါတယ်။ ဆောင်းမြေပဲပြီးရင် နွေပဲတီစိမ်းစိုက်ပါတယ်။ အချို့လည်း စီပီပြောင်းဖူးနဲ့ ကုလားပဲအမျိုးမျိုး စိုက်ပျိုးကြပါတယ်။ အဲဒီလို သုံးသီးအမီစိုက်ပျိုးရာမှာ ထွန်စက်တွေ အငှားခေါ်ထွန်ပါတယ်။ ထွန်စက်ထွန်ခက တစ်နာရီကို ၂၃၀၀၀ ကျပ် ပေးရတယ်။ တစ်နာရီထွန်ရင် တစ်ဧကတော့ပြီးပါတယ်။ ထွန်စက်ကရှားတော့ ရက်ချိန်းစောင့်ရတယ်။ ထွန်စက်တစ်စီး တန်ဖိုးကလည်းများလွန်းတော့ တောင်သူတိုင်းမဝယ်နိုင်ကြဘူး"ဟု လက်ပန်ခြေပေါ် မြစ်ရေတင်မှရေဖြင့် ကုလားပဲစိုက်ရန် မြေပြင်နေသည့်တောင်သူတစ်ဦးကပြောသည်။

ညောင်ဦးမြို့နယ်အတွင်းမှ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြစ်ရေတင်ကြီး ငါးခုကို တည်ဆောက်ပေးခဲ့ပြီး စိုက်ပျိုးရေပေးဝေခဲ့ရာ ယခင်က မိုးကောင်းကြိုက် လယ်ယာမြေများ ဖြစ်ခဲ့သော ညောင်ဦးမြို့နယ်အတွင်းမှ လယ်ယာမြေများမှာ ယခုအခါတွင် မြစ်ရေဖြင့် အချိန်မရွေး သီးနှံများ စိုက်ပျိုးနိုင်လာပြီး တောင်သူများမှာလည်း တစ်နှစ်လျှင် သုံးသီးအထိ စိုက်ပျိုးနိုင်ရန် လိုလားလာနေကြသည်။ ထိုသို့ သုံးသီးစိုက်ပျိုးနိုင်ရန်အတွက် လယ်ယာလုပ်ငန်းခွင်တွင် လယ်ထွန်စက်ကြီးများဖြင့် ထွန်ယက်ရသောကြောင့် သုံးသီးစိုက်ပျိုးလိုသူများလာချိန်တွင် လယ်ထွန်းစက်မလုံလောက်ခြင်းများ ဖြစ်လာခြင်းဖြစ်သည်။

"ကျွန်တော်တို့တွေ ဒီကုလားပဲပြီးရင် နွေပဲတီစိမ်းစိုက်မယ်။ နွေပဲတီစိမ်းစိုက်ပြီးရင် မိုးစပါးစိုက်ပါတယ်။ ကုလားပဲရယ်၊ နွေပဲတီစိမ်းရယ်၊ မိုးစပါးရယ် စိုက်ပျိုးပါတယ်။ အားလုံးအဆင်ပြေပါတယ်။ ထွန်စက်ငှားသုံးရတာ မလွယ်လှဘူး။ တော်တော်ချမ်းသာတဲ့ တောင်သူတစ်ဦးနှစ်ဦးလောက်ပဲ ဝယ်နိုင်တယ်။ ထွန်စက်တွေ တအားအသုံးတည့်ပေမယ့် တောင်သူတိုင်း မဝယ်နိုင်ကြဘူး။ တောင်သူတိုင်း ဝယ်ယူသုံးနိုင်မယ်ဆိုရင်တော့ ကောင်းတာပေါ့။ အခုတော့ ထွန်စက်တွေက တစ်ရွာမှ တစ်စီးနှစ်စီးလောက်ပဲ ရှိနေတာဆိုတော့ မြစ်ရေတင်စိုက် ကျေးရွာတွေကလည်း များလာတော့ တစ်နှစ်သုံးသီးစား စိုက်မယ်ဆိုရင် လယ်ထွန်စက်များလည်း လိုအပ်နေပါတယ်"ဟု ဒေသခံတောင်သူများက ပြောသည်။

လက်ရှိအချိန်တွင် ညောင်ဦးမြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် လောကနန္ဒာ မြစ်ရေတင်၊ ကျောက်ကူးမြစ်ရေတင်၊ သူကောင်းတည်မြစ်ရေတင်၊ လက်ပန်ခြေပေါ်မြစ်ရေတင်နှင့် ငါ့သရောက်မြစ်ရေတင်တို့မှ မြစ်ရေများဖြင့် တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးနေကြပြီး ထွန်စက်မလုံလောက်သည့်အခက်အခဲ ကြုံနေရသော်လည်း စောင့်ဆိုင်းလုပ်ကိုင်လျက်ရှိကြကြောင်း သိရသည်။

**ကျော်ဌေး(ညောင်ဦး)**

# သင်္ကြန်ရက်အတွင်း ရန်ကုန်-ရေး-ထားဝယ် ရထားခရီးစဉ်များ ပုံမှန်ပြေးဆွဲမည်

**ရေး မေ ၅**
မွန်ပြည်နယ် ရေးမြို့မှ ရန်ကုန်နှင့် ထားဝယ်မြို့များသို့ တိုက်ရိုက်ပြေးဆွဲနေသော မြန်မာ့မီးရထား ခရီးစဉ်များကို အတာသင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် ပုံမှန်ပြေးဆွဲနေသော ခရီးစဉ်များအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။



"အတာသင်္ကြန်ရက်တွေမှာလည်း ယခင်က ပြေးဆွဲ ပေးနေတဲ့ ရန်ကုန်-ရေး-ထားဝယ် (၁၇၅) အဆန်ရထားနဲ့ ထားဝယ်-ရေး-ရန်ကုန် (၁၇၆) အစုန်ရထား တိုက်ရိုက်ခရီးစဉ်များကို လက်မှတ်နှုန်းထားရော ခရီးစဉ်များပါ ပုံမှန်အတိုင်း ရောင်းချပြေးဆွဲပေးသွားပါမယ်"ဟုမြန်မာ့မီးရထားရေးဘူတာရုံမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

သင်္ကြန်ရက်များ နီးကပ်လာသော ယခုရက်ပိုင်းတွင် ရန်ကုန်-ရေး-ထားဝယ် ခရီးစဉ်၌ ခရီးသွားများမှာ ပိုမိုသွားလာကြပြီး ပါဆယ်ကုန်ပစ္စည်းတင်ပို့သယ်ယူမှုလည်း ပုံမှန်အတိုင်းရှိနေကြောင်း သိရသည်။ ယခုရက်များတွင် ရေးမြို့မှ ခရီးသည်များ အများဆုံးသွားလာသောမြို့မှာ ကျိုက်ထိုမြို့ဖြစ်ပြီး ပဲခူးမြို့သို့သွားလာမှုက ဒုတိယအများဆုံးဖြစ်ကာ ရန်ကုန်မြို့သို့ သွားလာမှုက တတိယအများဆုံးဖြစ်နေကြောင်း သိရသည်။

အတာသင်္ကြန်ရက်အတွင်း ရေး-ထားဝယ်-ရန်ကုန် ခရီးစဉ်များကို မြန်မာ့မီးရထားမှ ပုံမှန်အတိုင်း ပြေးဆွဲမည်ဖြစ်သော်လည်း မှန်လုံယာဉ်လိုင်းအချို့မှာ မူသင်္ကြန်ရက်များအတွင်း ရပ်နားကြမည်ဖြစ်ကြောင်း သိရသည်။ ရေး-ရန်ကုန်တိုက်ရိုက် ခရီးစဉ်ပြေးဆွဲနေကြသည့် အဆင့်မြင့်မှန်လုံ ယာဉ်လိုင်းများဖြစ်သော ရွှေပြည်စိုးနှင့်သန်မြန်သူ ယာဉ်လိုင်းများက ခရီးစဉ်များကို ဧပြီ ၁၀ရက် နောက်ဆုံးထားပြီး ပြေးဆွဲမည်ဖြစ်ကာ ကျန်သော ယာဉ်လိုင်းများဖြစ်သည့် ရွှေစင်စကြာ၊ မာန်မျိုးဆက်သစ်၊ အာကာမင်းနှင့် ယူနီဗာဆယ် ယာဉ်လိုင်းများမှာ ခရီးစဉ်များကို ဧပြီ ၁၁ ရက်အထိ နောက်ဆုံး ထား၍ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)၊ ဓာတ်ပုံ-တင်လှမောင်**

# ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

**ညောင်လေးပင် မေ ၅**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စမ်းကလေးကျေးရွာအုပ်စု ကောက်ကွေ့ကျေးရွာ၌ ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် ဆောင်ရွက်ခဲ့သော ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးလုပ်ငန်းဖွင့်ပွဲကို ဧပြီ ၄ ရက်က ပြုလုပ်ခဲ့သည်။

မီးလင်းရေးလုပ်ငန်းအတွက် ဒေသခံပြည်သူများက ဓာတ်တိုင်၊ ကြိုးနှင့် ဆက်စပ်ပစ္စည်းများအတွက် ငွေကျပ် ၃၂၈ သိန်း ထည့်ဝင်ခဲ့ပြီး လိုအပ်နေသော ၂၀၀ ကေဗွီအေ ထရန်စဖော်မာကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းခဲ့သည်။ မီးလင်းရေးလုပ်ငန်းများပြီးစီးသဖြင့် ကောက်ကွေ့ကျေးရွာတွင်ရှိသော အိမ်ခြေ ၁၆၁ လုံးမှ လူဦးရေ ၆၀၀ နီးပါးအတွက် လျှပ်စစ်မီး ရရှိသုံးစွဲနိုင်ပြီဖြစ်သည်။

ဖွင့်ပွဲတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကိုယ်စား ဦးဇင်မင်းက ထရန်စဖော်မာ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မီးလင်းရေးလုပ်ငန်းဆိုင်းဘုတ်ကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဦးဇင်မင်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန်းလွင်၊ မြို့နယ်လျှပ်စစ်မှူးဦးကြည်သိန်း၊ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

**နေလင်း(ညောင်လေးပင်)**

# သောက်သုံးရေအခက်ကြုံနေသောကျေးရွာသို့ ရေသွယ်တန်းပေး

**ပခုက္ကူ မေ ၅**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် မြစ်ခြေအုပ်စုအတွင်းမှ သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရသည့် ရေချိုကျေးရွာသို့ တစ်မိုင်ကျော်ဝေးသည့် ရေစုကန်မှသောက်သုံးရေသွယ်တန်းပေးဝေရန် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသခံပြည်သူများနှင့် ညှိနှိုင်း၍ ဧပြီလဆန်းမှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေချိုကျေးရွာသည် မြေအောက်ရေတွင်းများမှတစ်ဆင့် သောက်သုံးရေရရှိသော်လည်း ရရှိသည့်မြေအောက်ရေများသည် ခါး၍ ငန်သောကြောင့် ကျေးရွာနှင့်တစ်မိုင်ကျော်ဝေးကွာသောနေရာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် လေးလက်မ အဝီစိရေတွင်း အနက် ၃၈၀ ပေကို တူးဖော်ပြီး ရေစုကန်မှတစ်ဆင့် ကျေးရွာသို့ ရေသွယ်တန်းဖြန့်ဝေပေးနိုင်ရန် ပခုက္ကူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ရေသွယ်တန်းပေးဝေသည့် လုပ်ငန်းများ အမြန်ဆုံးပြီးစီးကာ ရေရရှိရေးအတွက် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် ဦးစီးအရာရှိ(နည်းပညာ)တို့က ကျေးရွာသို့ကွင်းဆင်းကာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

# ကလေးမြို့ တိုင်းရင်းဆေးရုံကြီးပင်မဆောင်နှင့် ဝန်ထမ်းအိမ်ရာများ ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီး

**ကလေး မေ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တောင်ဖီလာရပ်ကွက်တွင်တည်ဆောက်လျက်ရှိသော (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ပင်မဆောင်နှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများကို တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ပင်မဆောင်သည် အလျား ၁၂၄ ပေ၊ အနံ ၆၄ ပေ ရှိ RC တစ်ထပ်အဆောက်အအုံဖြစ်ပြီး ဝန်ထမ်းအိမ်ရာမှာ အလျား ပေ ၈၀၊ အနံ ပေ ၄၀ ရှိ လေးခန်းတွဲ လေးထပ်အဆောက်အအုံဖြစ်သည်။ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံပင်မအဆောက်အအုံကို ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၁၅၇ သန်း အကုန်အကျခံကာ မန်းမျိုးဆက်သစ်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ပြီး ဝန်ထမ်းအိမ်ရာ လေးခန်းတွဲလေးထပ်အဆောက်အုံကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၇၇ ဒသမ ၆၄ သန်းဖြင့် ဘုန်းမြတ်ဖြိုးကုမ္ပဏီက တာဝန်ယူ၍ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၃ ရက်က စတင်ဆောက်လုပ်ခဲ့ရာ သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်၍ မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့တွင် ယခင်က ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန နှစ်ခုသာရှိရာမှ ယခုအခါ (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံကြီး ဆောက်လုပ်ပြီးစီးပြီဖြစ်သဖြင့် ကလေးခရိုင်နှင့် တမူးခရိုင် သာမက မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်နှင့် ချင်းပြည်နယ်(မြောက်ပိုင်း) ဖလမ်းခရိုင်များမှ ပြည်သူများ၏ ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာဖြင့် ပိုမိုစောင့်ရှောက်ကုသပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**





## ကြံဈေးကောင်းရသဖြင့် ကြံစိုက်တောင်သူများအဆင်ပြေ

**ကသာ မေ ၅**
ယခုနှစ်တွင် သကြားစက်များမှ ကြံများကို ဈေးကောင်းပေး၍ ဝယ်ယူလျက်ရှိသဖြင့် ကသာမြို့နယ်အတွင်းမှ ကြံစိုက်ပျိုးသည့်တောင်သူများနှင့် ကြံအရောင်းအဝယ်လုပ်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ကြံတစ်တန်လျှင် ကျပ် ၃၀၀၀၀ အထိဈေးရနေပြီး ကြံမှချက်လုပ်သည့် ပွက်ရည်ခေါ် သကာရည် တစ်ပိဿာလျှင် ကျပ် ၈၀၀ နှုန်းအထိဖြင့် သကြားစက်များက ဝယ်ယူနေသဖြင့် ကြံစိုက်တောင်သူများ အဆင်ပြေနေခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် ကြံစိုက်ပျိုးချိန်မှာလည်း မိုးလေကင်းခဲ့ပြီး ကြံပင်များဖြစ်ထွန်းကာ ကြံရည်ထွက်မှုမှာလည်း အသင့်အတင့်ရှိသဖြင့် ကြံစိုက်သူတိုင်း စိုက်ပျိုးသောကြံများဈေးကောင်းရသလို နေ့စား ပိုင်းစား ကြံခုတ်သူများနှင့် ကြံချက်သူများမှာလည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး အဆင်ပြေကြကြောင်း ကသာမြို့နယ်မှ ကြံစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ရာသီဥတုပူပြင်းခြင်းကြောင့် တောင်သူများ ကြံခုတ်ရာတွင် ယမန်နှစ်ကထက် အနည်းငယ်အချိန်စော၍ ခုတ်ကြရသည့်အတွက် နေ့စားအလုပ်သမားများ ပဲပေါင်းလိုက်ချိန်နှင့် တိုက်ဆိုင်နေသောကြောင့် ကြံခုတ်လုပ်သားငှားရမ်းရာတွင် အခက်အခဲရှိခဲ့ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

## သောက်သုံးရေအခက်အခဲဖြစ်နေသော ကျေးရွာများသို့ တာဝန်ရှိသူများနှင့် ပရဟိတကွန်ရက်မှ လှူငယ်များက ရေများသွားရောက်ဖြန့်ဝေလှူဒါန်း

**ကျောက်ပန်းတောင်း မေ ၅**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီး၏ အရှေ့မြောက်ဘက်ခြမ်းရှိ ဒီးဒုတ်ကုန်းကျေးရွာအုပ်စုတွင် ကျေးရွာနေပြည်သူများ သောက်သုံးရေခက်ခဲပြတ်လပ်မှုဖြစ်ပေါ်နေသဖြင့် တာဝန်ရှိသူများနှင့် ပရဟိတကွန်ရက်မှ လှူငယ်များပူးပေါင်း၍ ရေသယ်ယာဉ်သုံးစီးဖြင့် မေ ၃ ရက်က သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရေး မြို့နယ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်မြင့်ဝင်း၊ ကျောက်ပန်းတောင်းမြို့နယ် ပရဟိတကွန်ရက်အဖွဲ့မှ ဦးဌေးအောင်နှင့် အဖွဲ့ဝင်ငါးဦးတို့က ဂါလန် ၄၂၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီး၊ ဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးနှင့် ဂါလန် ၇၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဒီးဒုတ်ကုန်းကျေးရွာအုပ်စုအတွင်းရှိ သီးကုန်း(အရှေ့)ကျေးရွာ၊ သုံးအိမ်ကုန်းကျေးရွာနှင့် ချောင်းခြားစုကျေးရွာများသို့



သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

သီးကုန်း(အရှေ့) ကျေးရွာတွင် အိမ်ခြေ ၂၁၂ အိမ်၊ လူဦးရေ ၁၃၂၅ ဦး၊ သုံးအိမ်ကုန်းကျေးရွာတွင် အိမ်ခြေ ၂၃၇၊ လူဦးရေ ၁၁၈၈ ဦး၊ ချောင်းခြားစုကျေးရွာတွင် အိမ်ခြေ ၁၃၂ နှင့် လူဦးရေ ၆၅၉ ဦး နေထိုင်ကြပြီး ကျေးရွာတိုင်းတွင် အဝီစိစက်ရေတွင်းများ တူးဖော်ထားရှိပြီးဖြစ်သော်လည်း ရေများမှာအငန်ဓာတ်များနေ၍ သုံးရေအတွက်သာ ရေလုံလောက်အောင်ရရှိပြီး သောက်ရေလိုအပ်မှုများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရသည်။

**နေအောင်(iprd)**

## ထင်းအစား အခြားလောင်စာသုံး စံပြကျေးရွာများ တည်ထောင်လျက်ရှိ

**မုံရွာ မေ ၅**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာများကို ထင်းအသုံးပြုရာတွင် သစ်တောသစ်ပင်များကို မှီခိုခြင်းမရှိဘဲ စိုက်ပျိုးရေးစွန့်ပစ်အမှိုက်များ၊ သစ်ရွက်များ အစားထိုးအသုံးပြုသည့် ထင်းအစားထိုး အခြားလောင်စာသုံး စံပြကျေးရွာများဖြစ်လာရေးအတွက် မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက် တည်ထောင်ပေးလျက်ရှိကြောင်း သိရသည်။

“ဒီစံပြကျေးရွာ ထူထောင်တဲ့အခါမှာ ကျေးရွာတွေကို သစ်တော၊ သစ်ပင်တွေက လူတွေကို အကျိုးပြုပုံကိုသိရှိပြီး သဘာဝပတ်ဝန်းကျင်တွေကို ထိန်းသိမ်းတတ်ဖို့၊ ထင်းအစားသုံးလောင်စာတွေ ရရှိနိုင်မယ့်နည်းလမ်းတွေ၊ အသုံးပြုပုံတွေကို အသိပညာပေး ဟောပြောတယ်။ နောက်ပြီး အဲဒီလောင်စာတွေနဲ့ အသုံးပြုနိုင်မယ့် စွမ်းအားမြင့်မီးဖိုတွေကို ဌာနက ထောက်ပံ့ပေးတယ်။ အဓိကကတော့ အပူပိုင်းဒေသမှာနေထိုင်တဲ့ ပြည်သူတွေ သစ်တောသစ်ပင်တွေရဲ့တန်ဖိုးကို သိရှိပြီး သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားတတ်စေဖို့အတွက်ပါ”ဟု မုံရွာမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှူးက ပြောသည်။

မုံရွာမြို့နယ်အတွင်း ထင်းအစားထိုး အခြားလောင်စာသုံး စံပြကျေးရွာများအဖြစ် ဗန်စီ၊ နိဗ္ဗာန်ဝ၊ ကြီးအုပ်၊ တောင်ကြား၊ လှည်းဒါး၊ သစ်ညိုပင်၊ တောင်မတော၊ ခတ္တကန်မြောက်၊ ထနောင်းဝင်း၊ ရွာတုံ(မြောက်)၊ သာယာစုကျေးရွာများကို ဘဏ္ဍာနှစ်အလိုက် တည်ထောင်ထားပြီးဖြစ်ကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အရှေ့ပုံကျကျေးရွာ၌ တည်ထောင်ပေးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျောက်ခွက်ကျေးရွာ၌ ဆက်လက်တည်ထောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထင်းအစား အခြားလောင်စာသုံးစံပြကျေးရွာများတည်ထောင်ခြင်းကြောင့် ထင်းအဖြစ် အသုံးပြုရန်၊ သစ်တောသစ်ပင်များကို မှီခိုမှုမရှိဘဲ သစ်တောများမှရရှိသည့် အကိုင်း၊ အခက်များ၊ သစ်ရွက်များ၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ရရှိသည့် စွန့်ပစ်အမှိုက်များကို အသုံးပြုခြင်းဖြင့် သစ်တောသစ်ပင်များကို ပြုစုပျိုးထောင် ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



လှိုင်သာယာမြို့နယ် ဗဟိုမဏ္ဍပ်ဆောက်လုပ်နေစဉ်

## သင်္ကြန်ကာလ လုံခြုံရေးအတွက် အင်အားအပြည့်ချထားဆောင်ရွက်မည်

**ရန်ကုန် မေ ၅**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း၌ ယခုနှစ်တွင် ဗဟိုမဏ္ဍပ်နှင့် ရခိုင်မဏ္ဍပ်နှစ်ခုသာရှိမည်ဖြစ်၍ လုံခြုံရေးပိုင်းဆိုင်ရာများကို သင်္ကြန်ကာလအတွင်း အင်အားအပြည့်ဖြင့် ချထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

သင်္ကြန်ကာလအတွင်း လုံခြုံရေးဆိုင်ရာများအတွက် လုံခြုံရေးဆပ်ကော်မတီအပါအဝင် စီမံချက်(၁၆)ချက် ချမှတ်ထားပြီး စီမံချက်ကာလကို ဧပြီ ၁၂ ရက် မှ ၁၆ ရက်အထိသတ်မှတ်ကာ လုံခြုံရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်သင်္ကြန်ပွဲတော်တွင် မြန်မာမှု မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများဖြင့် ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း၊ လှိုင်သာယာမြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေအများဆုံး မြို့နယ်တစ်ခုဖြစ်သည်နှင့်အညီ သင်္ကြန်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် အရက်နှင့် ဘီယာများ တရား မဝင်ရောင်းချခြင်း၊ မူးယစ်သောက်စားခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းနှင့် ဆိုင်ကယ်များဖြင့် ရေပက်ခံထွက်ခြင်းတို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးကာ ယခင်နှစ်များနည်းတူ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှူး၏ ပြောကြားချက်အရ သိရသည်။

လှိုင်သာယာမြို့နယ်တွင် ၁၃၇၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဗဟိုဆုပေးမဏ္ဍပ်ကိုလည်း ဧပြီ ၄ ရက်တွင် စတင်တည်ဆောက်လျက်ရှိသည်ကို တွေ့ရသည်။

**သန်းထိုက်(လှိုင်သာယာ)**

## ရာသီဥတုပူ၍ သောက်ရေအိုးများ ရောင်းအားကောင်း

**ရေစကြို မေ ၅**
ယခုနှစ်တွင် ယခင်နှစ်များကထက် ရာသီဥတု ပို၍ပူပြင်းပြီး သောက်သုံးရေလိုအပ်ချက်လည်း ပိုများလာသောကြောင့် ရေစကြိုမြို့နယ်အတွင်း သောက်ရေအိုးများ ပို၍ရောင်းအားကောင်းလာလျက်ရှိကြောင်း ရေအိုးပြုလုပ်ရောင်းချနေသူများထံမှ သိရသည်။



“အရင်နှစ်ကထက်ပိုပြီးပူလို့ ဒီနှစ်မှာ သောက်ရေအိုးက တပေါင်းလကတည်းက ရောင်းအားကောင်းခဲ့တယ်။ ဒီလထဲမှာ ပိုပြီးတော့ ရောင်းအားကောင်းနေပါတယ်။ တန်ခူးလရောက်ရင် သောက်ရေအိုးအဟောင်းအသစ်လဲကြတာကလည်း မြန်မာ့ဓလေ့ဖြစ်သလို မိဘဘိုးဘွား ဆရာသမားတွေကို သောက်ရေအိုး ရေစစ်တွေနဲ့ ကန်တော့ကြတဲ့အတွက် ရောင်းအားပိုကောင်းမယ်လို့ ခန့်မှန်းပါတယ်။ မနှစ်က သောက်ရေအိုးတစ်လုံးကို ၈၀၀၊ ၁၀၀၀ ကျပ်ပဲ ရောင်းခဲ့ရတာ။ ဒီနှစ်မှာတော့ ၁၀၀၀၊ ၁၅၀၀ ကျပ်အထိ ရောင်းရပါတယ်”ဟု အိုးပြုလုပ်ရောင်းချသူတစ်ဦးက ပြောသည်။ ရေစကြိုမြို့နယ်အတွင်း ရေအိုးပြုလုပ်ရောင်းချသည့်ရွာများ အများ အပြားရှိသော်လည်း သဲပုံရွာမှ ပြုလုပ်သော သောက်ရေအိုးများမှာ ပို၍ကောင်းမွန်ပြီး ရေလည်း ပိုအေးသောကြောင့် လူကြိုက်ပိုများကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ဆင်းရဲမှုတိုင်းတာခြင်းများနှင့် မြန်မာနိုင်ငံ

ရွှေရည်လင်း(စီမံ/စီးပွား)

***မြန်မာနိုင်ငံ၏ ဆင်းရဲမှုအခြေအနေကို တိုင်းတာနိုင်ရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်တို့ ပူးပေါင်း၍ အိမ်ထောင်စု စားဝတ်နေရေးအခြေအနေဘက်စုံလေ့လာမှု စစ်တမ်း (Integrated Household Living Condition Assessment - IHLCA) Survey ကို ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်တွင် စတင်ကောက်ယူခန့်မှန်းခဲ့ပါသည်။ (၅) နှစ်အတွင်း ဆင်းရဲမှုနှုန်းကို သိရှိနိုင်ရန်အတွက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ဒုတိယအကြိမ် ပြန်လည်ကောက်ယူခဲ့ပါသည်။***

စာရင်း ကောက်ယူရာတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းနှင့်ပြည်နယ်များအားလုံး (ယခုအခါ တိုင်းဒေသကြီး/ပြည်နယ်များ)ရှိ ခရိုင် ၆၁ ခရိုင်၌ နမူနာ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၁၅၅၅ တွင်ရှိသည့် အိမ်ထောင်စု ၁၈၈၆၀ တွင် ကောက်ယူခဲ့ပါသည်။ စာရင်းကောက်ယူရာတွင်လည်း ကာလအလိုက် စားသုံးမှုပုံစံ၊ အလုပ်အကိုင်ရရှိမှု အခြေအနေတို့ကို သိရှိနိုင်ရန်အတွက် စစ်တမ်း နှစ်ခုစလုံးတွင် ခြောက်လ တစ်ကြိမ်နှုန်းဖြင့် ကောက်ယူခဲ့သည်။ နမူနာစစ်တမ်းပုံစံ၊ တွက်ချက်မှု နည်းလမ်း၊ စစ်တမ်းကောက်ယူမှုအတွက် ပြင်ဆင်ချက်များ၊ ကိန်းဂဏန်း ဆန်းစစ်မှုများနှင့် သုံးသပ်မှုများကို ဦးဆောင်ကော်မတီနှင့် နည်းပညာဆိုင်ရာ ကော်မတီဝင်များ၊ ဆွီဒင်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ ဆွီဒင် စာရင်းအင်းဌာန၊ UNDP မှ ပညာရှင်များ စသည်ဖြင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ ပါဝင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ စာရင်းကောက်ယူ ဆန်းစစ်မှုများအရ ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ အမျိုးသား အဆင့် ဆင်းရဲမှုနှုန်းသည် ၃၂.၁ ရာခိုင်နှုန်း ရရှိခဲ့ပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ၂၅. ၆ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် တာဝန်ယူသည့် သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သည့် အစိုးရလက်ထက်တွင် ဆင်းရဲမှု လျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို နိုင်ငံတော်၏ ဦးစားပေး လုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လာပြီး ၂၀၁၁ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး နိုင်ငံတော်အဆင့် အလုပ်ရုံဆွေးနွေးပွဲမှ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၈) ရပ်ကို ချမှတ်၍အကောင်အထည်ဖော်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ဆင်းရဲမှုနှုန်းကို ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်တွင် ရရှိခဲ့သည့် ၃၂. ၁ ရာခိုင်နှုန်းပေါ် အခြေခံ၍ ထက်ဝက် လျှော့ကျနိုင်ရန်အတွက် ၁၆ ရာခိုင်နှုန်းသို့ ရည်မှန်းချက်အဖြစ် ချမှတ်ခဲ့သည်။

၂၀၁၄ ဘဏ္ဍာနှစ်တွင် ကမ္ဘာ့ဘဏ်က ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ပူးပေါင်း၍ ကောက်ယူထားသည့် အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှု (IHLCA) စစ်တမ်း ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ် ကိန်းဂဏန်း အချက်အလက်များကို နည်းလမ်းသစ်ဖြင့် ပြန်လည်တွက်ချက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ဆင်းရဲမှုနှုန်းသည် အစိုးရက ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်း ၂၅. ၆ ရာခိုင်နှုန်းထက်မြင့်မားပြီး ၃၇. ၅ရာခိုင်နှုန်းဖြစ်သည်ဟု မီဒီယာများမှ တစ်ဆင့် ပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ကိန်းဂဏန်း ထုတ်ပြန်သည့် ကာလသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလဖြစ်သဖြင့် သမ္မတကြီး ဦးသိန်းစိန် အစိုးရလက်ထက် တွင် ပြည်သူများ ပိုပြီး ဆင်းရဲလာသကဲ့သို့ အထင်မှားမှုများ ဖြစ်ပေါ်လာခဲ့ပြီး မီဒီယာ လောကနှင့် ပြည်သူများအကြား အမှန်တကယ် ပိုပြီး ဆင်းရဲသွားပြီလား၊ စာရင်းဇယားများ မှားယွင်းနေပြီလားဟု ထင်ယောင်ထင်မှား ဖြစ်လာခဲ့သည်။

၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွက် ဆင်းရဲမှုနှုန်း ၂၅. ၆ ရာခိုင်နှုန်းနှင့် ၃၇. ၅ ရာခိုင်နှုန်းကွာခြားသည့် အဓိကအကြောင်းအရင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ကမ္ဘာ့ဘဏ်က ကျန်းမာရေးအသုံးစရိတ်ကို ထည့်သွင်းတွက်ချက်ပါသည်။ ကျန်းမာရေး အသုံးစရိတ်အနေဖြင့် အလျော့အတင်း (elasticity) မြင့်မားပါက စားသုံးမှု အသုံးစရိတ်မှာ ထည့်သွင်းရန် လိုအပ်ပြီး အလျော့အတင်းနိမ့်ပါက ထည့်သွင်းရန် မလိုကြောင်းကို နိုင်ငံ ခုနစ် နိုင်ငံ၏ database အပေါ် အခြေခံ၍ သက်သေပြခဲ့သည့် Angus Deaton and Salman Zaidi တို့ပြုစုခဲ့သော ကမ္ဘာ့ဘဏ်၏ Working Paper ဖြစ်သည့် Guidelines for Constructing Consumption Aggregates For Welfare Analysis ကို ကိုးကားပြီး ကျန်းမာရေး အသုံးစရိတ်ကို ကောက်ခံခဲ့သော်လည်း အလျော့အတင်းမှာ ၀. ၉၉၃ဖြစ်သဖြင့် ကျန်းမာရေး အသုံးစရိတ်ကို ဖယ်ထုတ်ထားခြင်း ဖြစ်သည်။

(၂) ကမ္ဘာ့ဘဏ်နည်းလမ်းတွင် ကြာရှည်ခံ ပစ္စည်းများ (ဖုန်း၊ ယာဉ် စသည့် ပစ္စည်းများ) ထည့်သွင်း တွက်ချက်သည်။ ကြာရှည်သုံး စားသုံးကုန်စည်များ၏ အသုံးပြုကုန်ကျစရိတ်ကို အိမ်ထောင်စုများ ဘက်စုံလေ့လာမှုစစ်တမ်းတွင် ထည့်သွင်းခဲ့သော်လည်း အရေးပါသည့် အစားအစာ မဟုတ်သော အမယ်အချို့မှာ အနုတ်လက္ခဏာဆောင်သည့်အတွက် ကြာရှည်သုံး စားသုံးကုန်စည်များကို အစားအစာ မဟုတ်သည့် အုပ်စုမှ ဖယ်ရှားခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ကာလများတွင် ရှိခဲ့သည့် တယ်လီဖုန်း၊ ကားစသည့် ကြာရှည်ခံ ပစ္စည်းများ၏ ဈေးနှုန်းများသည် ပုံမှန်ဈေးနှုန်းများ မဟုတ်သည့်အတွက် ထည့်သွင်းရန် ခက်ခဲသောကြောင့် ဖြစ်သည်။

(၃) အရွယ်ရောက်ပြီးသူနှင့် ညီမျှချက် (Adult Equivalent) အတွက် စဉ်းစားရာတွင် UNDP က အသက် ၁၅ နှစ် အောက်ကို ကလေး အုပ်စုတွင် ထည့်သွင်းစဉ်းစားသည်။ စားသုံးမှုကို တွက်ချက်ရာတွင် အသက် ၀-၁၄ နှစ် ရှိသည့် လူဦးရေအတွက် လူကြီးစားသုံးမှု ၏ ၀. ၇ ဟု ယူဆပြီး၊ အရွယ်ရောက်ပြီးသူ အမျိုးသမီးအတွက် ၀. ၉ ယူဆသည်။ အစားအစာမဟုတ်သည့် အုပ်စုတွင် အသက်၀-၁၄ နှစ်ရှိသည့် လူဦးရေအတွက် ၀. ၃ ဟု စဉ်းစားပါသည်။ ကမ္ဘာ့ဘဏ်က အရွယ်ရောက်ပြီးသူနှင့်ညီမျှချက် (Adult Equivalent) ကို စဉ်းစားရာတွင် အသက် ၆ နှစ် အောက်ကို ကလေးအုပ်စုတွင် ထည့်သွင်း စဉ်းစားသည်။ စားသုံးမှုကို တွက်ချက်ရာတွင် အသက် ၀-၆ နှစ် ရှိသည့် လူဦးရေအတွက် လူကြီးစားသုံးမှု၏ ၀. ၅ ဟု ယူဆပါသည်။ အုပ်စု ထပ်မံခွဲခြင်းမပြုပါ။

ဇစ်မြစ်။ ( IHLCA ၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ် နည်းပညာဆိုင်ရာ အစီရင်ခံစာနှင့် ကမ္ဘာ့ဘဏ်၏ Ending poverty and boosting shared prosperity in a time of transition အစီရင်ခံစာအရ ဖြစ်ပါသည်။)

နည်းလမ်း နှစ်မျိုးတွင် မည်သည့်နည်းလမ်း မှားသည်၊ မည်သည့် နည်းလမ်းမှန်သည်ကို အဖြေထုတ်၍ ရမည် မဟုတ်ပါ။ ပညာရှင်များ၏ အတွေးအခေါ် ယူဆချက်များ၊ ခေတ်ကာလအရ ပြောင်းလဲတိုးတက်လာသည့် အခြေအနေများ၊ ကိုးကားသည့် သီအိုရီ သဘောတရားများပေါ်တွင်သာ မူတည်သည်။

သို့ဖြစ်၍ အငြင်းပွားဖွယ် ဆင်းရဲမှုကိန်းအတွက် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဆင်းရဲမှုနှုန်းကို ကိန်းစဉ်တစ်ခု ရရှိရန် ပြန်လည်ခန့်မှန်း တွက်ချက်ခဲ့သည်။ ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံ ဆင်းရဲမှုနှင့် စားဝတ်နေရေး အခြေအနေလေ့လာမှု စစ်တမ်း (Myanmar Poverty Living Condition Survey -MPLCS) ကို မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခုရှိ ကောက်ကွက် ၃၀၄ ခုတွင် နမူနာ အိမ်ထောင်စု စုစုပေါင်း ၃,၆၄၈ ၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ဧပြီလ ၁၀ ရက်အထိ Myanmar Survey Research (MSR) မှ စာရင်းကောက်အဖွဲ့များနှင့် နမူနာ စာရင်း ကောက်ယူခဲ့ပါသည်။ IHLCA တွင် မေးခွန်းလွှာ အပိုင်း ကိုးခု ပါဝင်ပြီး MPLCS တွင် အပိုင်း (၁၃) ခု ပါဝင်သည်။


အိမ်ထောင်စုဆိုင်ရာ မေးခွန်းတွင် ပါရှိသည့် အဓိက ကွာခြားချက်များနှင့် နည်းပညာ ယူဆချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| အကြောင်းအရာ | IHLCA | MPLCS |
|---|---|---|
| အစားအစာ | လွန်ခဲ့သည့် (၇) ရက်နှင့် ရက်(၃၀) အတွင်းစားသုံးမှု၊ (ဝယ်ယူမှု၊ ကိုယ်ပိုင် ထုတ်လုပ်မှုနှင့် ပေးကမ်းမှုများမှ ရရှိသည့် စားသောက်ကုန်ပစ္စည်းများ) အရက်နှင့် အခြား အရေအတွက်ဖြင့် ဖော်ပြ၍ မရနိုင်သည့် စားသုံးကုန်စည်များကို ဖယ်ရှားပါသည်။ | (၇) ရက်အတွင်း စားသုံးမှု၊ အရက် နှင့် အခြား အရေအတွက်ဖြင့်ဖော်ပြ၍ မရသည့် စားသုံးကုန်စည်များကို ထည့်သွင်းပါသည်။ |
| ပညာရေး | ပညာရေး အတွက် အသုံးစရိတ်ကို ထည့်သွင်း မေးမြန်းသည်။ ကျူရှင်ခ ထည့်သွင်း၍ မတွက်ပါ။ | ပညာရေးအတွက် အသုံးစရိတ်အားလုံး ( ဘော်ဒါခ၊ အဆောင်ခ၊ အခြားတွင် နေထိုင်သည့် စရိတ်များ၊ မုန့်ဖိုး ခရီးစရိတ် အားလုံး ထည့်သွင်းတွက်ချက်သည်။) |
| အိမ်ထောင်စု နမူနာ | နှိုင်းယှဉ်နိုင်ရန် ၂၀၀၄-၂၀၀၅ဘဏ္ဍာနှစ်တွင် ကောက်ယူသည့် ကောက်ကွက်မှ နမူနာ အိမ်ထောင်စု တစ်ဝက်ကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ပြန်လည် ကောက်ယူသည်။ | |

စစ်တမ်းတစ်ခု ကောက်ယူရာတွင် ကောက်ယူသည့် မေးခွန်းပုံစံ ကွာခြားမှု၊ နမူနာအရွယ်အစားနှင့် ကောက်ကွက်ပုံစံနှင့် ထည့်သွင်းသည့် ကုန်စည်အမျိုးအစားကွာခြားချက်များ၊ နည်းပညာဆိုင်ရာ ယူဆချက်များ၊ အစွန်းရောက် ကိန်းဂဏန်းများအတွက် ယူဆချက်နှင့် ယင်းတို့ကို ဖယ်ရှားမှုများကြောင့် ရလဒ်ကွာခြားသည်။

MPLCS စာရင်းကောက်ယူမှုအတွက် ဦးဆောင် ကော်မတီနှင့်နည်းပညာ ကော်မတီတို့အနေဖြင့်လည်း ယူဆချက်များနှင့်စပ်လျဉ်း၍ အငြင်းပွားခဲ့ကြပါသည်။ နောက်ဆုံးဆွေးနွေးရရှိချက်မှာ ဆင်းရဲမှုနှုန်း ကိန်းစဉ်ကို ပြန်လည်ခန့်မှန်း တွက်ချက်ရန် ဖြစ်သည်။ သို့ဖြစ်၍ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်၏ မူလတွက်ချက်ခဲ့သည့် နည်းလမ်းနှင့် ကမ္ဘာ့ဘဏ်မှ ပြန်လည်တွက်ချက်သည့် နည်းလမ်းတို့ကို အသုံးပြု၍ ၂၀၀၅၊ ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ်တို့အတွက် ပြန်လည်ခန့်မှန်းခဲ့ပါသည်။ ယင်းသို့ ခန့်မှန်းချက်အရ အမျိုးသားအဆင့် ရရှိခဲ့သည့် ဆင်းရဲမှုနှုန်း ရလဒ်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

**ဆင်းရဲမှုနှုန်း (ရာခိုင်နှုန်း)**




၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ (၅) နှစ်အတွင်း ဆင်းရဲမှုနှုန်းသည် UNDP Methodology အရ ၂၅. ၆ ရာခိုင်နှုန်းမှ၁၉. ၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ World Bank Methodology အရ ၃၇. ၅ ရာခိုင်နှုန်း မှ ၂၆. ၇ ရာခိုင်နှုန်းသို့လည်းကောင်း ကျဆင်းခဲ့ပါသည်။ အထက်ပါ ကိန်းဂဏန်းများအရ သမ္မတ ဦးသိန်းစိန်အစိုးရလက်ထက်၌ ၂၀၀၅ ခုနှစ်၏ ဆင်းရဲမှုနှုန်း အပေါ် ၁၀ နှစ်အတွင်း ထက်ဝက် (၅၀ ရာခိုင်နှုန်း) လျှော့ချရန် ရည်မှန်းခဲ့ပြီး၊ ယခု ရရှိသည့် ပဏာမ ရလဒ်များအရ နည်းလမ်း နှစ် မျိုးစလုံးတွင် ၃၉ ရာခိုင်နှုန်း ဝန်းကျင်လျှော့ကျကြောင်း လေ့လာတွေ့ရှိရသည်။

ထို့အပြင် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ ကမ္ဘာ့ဘဏ်၏ သတင်းထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ တစ်ဦးကျ အမျိုးသားဝင်ငွေ (Gross National Income Per Capita) သည် အမေရိကန် ဒေါ်လာ ၁၂၇၀ သို့ ရောက်ရှိခဲ့ကြောင်း ဖော်ပြထားပါသည်။ အဆိုပါ ဖော်ပြချက်မှာ ယေဘူယျအားဖြင့် လူတစ်ဦး တစ်နေ့တာတွင် အမေရိကန် ဒေါ်လာ ၃. ၄၈ ဝန်းကျင်ခန့် ဝင်ငွေရှိကြောင်း ခန့်မှန်းနိုင်သည်။

ယခုအခါ ကုလသမဂ္ဂက ထောင်စုနှစ်လွန် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ(SustainableDevelopment Goals- SDGs) ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် Goals (၁၇) ခု နှင့် Targets (၁၆၉) ခုကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ချမှတ်ခဲ့ပါသည်။ SDGs ကို ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီရေး ရည်မှန်းထားခြင်းဖြစ်ပြီး၊ ရည်မှန်းချက် (၁) အရ ဆင်းရဲမှုပပျောက်ရေးကို ဆောင်ရွက်ရန် ဖြစ်ပါသည်။ SDGs ရည်မှန်းချက်များကို အကောင်အထည် ဖော်နိုင်ရန်အတွက် ဆင်းရဲမှုပပျောက်ရေးသာမက ပညာရေး၊ ကျန်းမာရေး တိုးတက်မြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်ရေးနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးတို့အတွက် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရန် လိုအပ်ပါသည်။

သို့ဖြစ်၍ ဆင်းရဲမှု လျှော့ချခြင်းအတွက် ဆောင်ရွက်ခဲ့သည့် ရလဒ်တစ်ခုကို မှတ်တမ်းပြုနိုင်ရန်နှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်း ချက်များ ပြည့်မီစွာ ဆက်လက်ဆောင်ရွက်နိုင်ရေးတို့အတွက် ဆင်းရဲမှု တိုင်းတာခြင်းမှ ရရှိသည့် ပမာဏကိန်းဂဏန်း မည်သည့်အတွက် ကွာခြားသည်ကို ပြည်သူအများ ကွဲကွဲပြားပြား သိရှိနိုင်ရန် ဖော်ပြအပ်ပါသည်။

ယခု ဖော်ပြချက်များသည် ပဏာမရရှိသည့် ကိန်းဂဏန်းဖြစ်ပြီး အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့အနေဖြင့် ဆင်းရဲမှုနှင့်ပတ်သက်သည့် အစီရင်ခံစာများ အပြီးသတ် ထုတ်ပြန်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## မင်းတပ်မြို့၌ အသိပညာပေး ဟောပြောပွဲကျင်းပ

**မင်းတပ် ဧပြီ ၅**

မင်းတပ်မြို့ရှိပြည်သူများလိုက်နာကျင့်သုံးရမည့် ဥပဒေ၊နည်းဥပဒေများ၊ ဌာနဆိုင်ရာနှင့်ပြည်သူများ အပြန်အလှန် ပေါင်းစပ်ရမည့်လုပ်ငန်းများနှင့် ပြည်သူတို့၏ စိတ်ပိုင်း၊ ရုပ်ပိုင်းအသိပညာများ ပိုမိုသိရှိပြည့်ဝနိုင်စေရန်အတွက် ကျင်းပသည့် အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဧပြီ ၄ ရက် နံနက် ၁၀ နာရီခွဲတွင် မင်းတပ်မြို့ အထက(၁)ကျောင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ ယင်းအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးခင်စောလှိုင်က အမှာစကားပြောကြားပြီးနောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာများ၊ မူခင်းကြိုတင်တားဆီးကာကွယ်ရေး အသိပညာများ၊ ဥပဒေဆိုင်ရာအသိပညာများ၊ ကျန်းမာရေးဆိုင်ရာအသိပညာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာအသိပညာများနှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာအသိပညာဟောပြောခြင်းများကို သက်ဆိုင်ရာဌာနအလိုက် အကျယ်တဝင့် ဟောပြောပေးခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# ဗန်းမော်မြို့၌ နွေရာသီအားကစားသင်တန်းဆင်းပွဲကျင်းပ

**ဗန်းမော် ဧပြီ ၅**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ၂၀၁၆ ခုနှစ် ဗန်းမော်ခရိုင်/မြို့နယ် အားကစားနှင့် ကာယပညာကော်မတီတို့ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအားကစားသင်တန်းဆင်းပွဲကို ဧပြီ ၄ ရက် နံနက် ၈ နာရီက ဗန်းမော်ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန ဘောလုံးကွင်း၌ကျင်းပရာ ခရိုင်အားကစားနှင့် ကာယပညာကော်မတီနာယက ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်ကအမှာစကား ပြောကြား၍ သင်တန်းအမျိုးအစားလိုက် အားကစားသမားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး ခရိုင်အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးသွင်က သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့သည်။



အဆိုပါသင်တန်းကို မတ် ၃ ရက်မှ ဧပြီ ၄ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး အားကစားအမျိုးအစားများမှာ ဘောလုံး၊ တင်းနစ်၊ ဝူရှူး၊ စားပွဲတင်တင်းနစ်၊ ကာယဗလ၊ အေရိုးဗစ်၊ လက်ဝှေ့တို့ ဖြစ်ကြောင်း သိရသည်။

**ဝါဝါ(ဗန်းမော်)**

# ကလေးဗဟိုပြုချဉ်းကပ်နည်း ဆင့်ပွားသင်တန်းဖွင့်

**တန့်ယန်း ဧပြီ ၅**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ် ပညာရေးမှူးရုံး (ရုံးခွဲ) ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့က ကြီးမှူးဖွင့်လှစ်သော ကလေးဗဟိုပြု ချဉ်းကပ် နည်း(CCA) မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို တန့်ယန်း မြို့နယ်၌ ဧပြီ ၄ ရက်နံနက် ၈ နာရီက အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်း၌ကျင်းပသည်။

ဖွင့်ပွဲတွင်ပြည်နယ် (CCA)သင်တန်းကြီးကြပ်ရေးမှူး ဒေါ်စန်းစန်းနွယ်က ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကလေးဗဟိုပြု ချဉ်းကပ်နည်း သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အဆိုပါသင်တန်းသို့ လားရှိုးခရိုင်အတွင်းရှိ တန့်ယန်းမြို့နယ်မှ ၄၇၇ ဦး၊ နားဖန်းမြို့နယ်မှ ၁၀ ဦး၊ ပန်ဆန်းမြို့နယ်မှ ၆၂ ဦး စုစုပေါင်း ဆရာ ဆရာမ ၅၄၉ ဦးတက်ရောက်ကြပြီး သင်တန်းကို နည်းပြဆရာ ဆရာမ ၂၉ ဦးတို့ဖြင့် ဧပြီ ၈ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းလွင်ဦး (ပြန်/ဆက်)**

## သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာ လွန်ကဲစွာ သောက်စားမူးယစ်ခြင်း၊
၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၃။ တုတ်၊ ဓား လက်နက်များ ဝှက်သိမ်းကိုင်ဆောင်ခြင်း၊
၄။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊
၅။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊
၆။ မိန်းကလေးများ ဆွေမျိုးသားချင်းမဟုတ်သူများနှင့် အတူလည်ပတ်ခြင်း၊ ၎င်းတို့မှ ကျွေးသော အစားအသောက်များကို မချင့်မချိန် စားသောက်ခြင်း၊
၇။ အချိန်လွန်ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊
၈။ ရေပက်ကစားပြီး နားသည့်အချိန်၌ ဆိတ်ကွယ်ရာ၌ အနားယူခြင်း၊
၉။ အရက်သေစာ၊ မူးယစ်ဆေးဝါးသောက်စားခြင်း၊ ဝန်ပိုများတင်ဆောင်၍ မော်တော်ယာဉ်များ မောင်းနှင်ခြင်း၊
၁၀။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊
၁၁။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ဆရာဝန်အသင်း ပညာပေးဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၅**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကုဆရာဝန်များအဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ/မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ရေးရည်သန်လျက် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (Continuing Professional Development Forum)ကို မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင် (ဘီ)၌ ဧပြီ ၆ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီ အထိ ကျင်းပမည်ဖြစ်ရာ မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဆိုင်ရာ စာတမ်းများ ဖတ်ကြားဆွေးနွေးခြင်းနှင့် "Acute Stroke Management in Primary Care & Secondary Prevention of Stroke GP Perspective "တို့ ပါဝင်မည်ဖြစ်ပြီး စိတ်ပါဝင်စားသောဆရာဝန်များ တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၂၀၃၇၀၂ နှင့် ၀၉-၇၉၅၃၈၈၉၈၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**မောင်မောင်**

# ဆရာ ဆရာမများ တက်ကျွမ်းမှုဆိုင်ရာ သင်တန်းဖွင့်

**မိုးနဲ ဧပြီ ၅**

မူလတန်းသင် ဆရာဆရာမများ ကလေးဗဟိုပြုသင်ယူမှုနှင့်ပတ်သက်၍ ပိုမိုမြင့်မားလာစေရန်၊ဆရာဗဟိုပြုသင်ယူမှုနှင့် ကလေးဗဟိုပြုချဉ်းကပ် သင်ယူမှုကို ခွဲခြားသိမြင်စေရန်၊ ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုနှင့် စပ်လျဉ်းသော အကြောင်းအရာများကို သိရှိအသုံးပြုတတ်စေရန်၊ ဗဟိုပြုချဉ်းကပ်သင်ယူမှုဆိုင်ရာ၊ ဆရာတတ်ကျွမ်းမှုဆိုင်ရာ ခြောက်မျိုးကို နားလည်သဘောပေါက်ပြီး လက်တွေ့အသုံးပြုတတ်စေရန်၊ သင်ကြားရေးအောင်မြင်စေရန်နှင့် အသုံးပြုရမည့်နည်းလမ်းများကိုသိရှိအသုံးချတတ်စေရန် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မြို့နယ်အဆင့် ကလေးဗဟိုပြုချဉ်းကပ်နည်း **(CCA)** သင်တန်းဖွင့်ပွဲအခမ်းအနားကို မိုးနဲမြို့ အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ဧပြီ ၄ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဌေးနှင့် မိုးနဲမြို့နယ် ပညာရေးမှူး ဦးတိုးလှတို့ အမှာစကားပြောကြားခဲ့ပြီး အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၄၀ တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

# သုံးခွမြို့တွင် လမ်းဖြတ်သန်းခကောက်ခံခြင်းရပ်ဆိုင်း

**သုံးခွ ဧပြီ ၅**

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ လမ်းတံတားဖြတ်သန်းခကောက်ခံခြင်း၊ ဂိတ်ပေါင်း ၁၆၁ ဂိတ်အား ဧပြီ ၁ ရက်မှစ၍ ကောက်ခံခြင်းမပြုတော့ဘဲ ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်တိုင်း ဒေသကြီး သုံးခွမြို့နယ်အတွင်း အတွင်းမှ သုံးခွ၊ တိုက်ကြီး-ဖူးကြီး-ဖောင်ကြီး၊ တွံတေး-မအူပင်ဂိတ်သုံးဂိတ်လည်း ပါဝင်ခဲ့ကြောင်း သိရပြီး သုံးခွမြို့နယ် လမ်းဦးစီးဌာနမှ အများပြည်သူ သိရှိစေရန် မြို့အဝင်တွင်ကြေညာထားသည်ကို တွေ့မြင်ရသည်။

**ကိုကျော်(သုံးခွ)**

# ရန်ကုန်-မန္တလေးလမ်းဟောင်း မော်တော်ယာဉ်ကြီးများ အရှိန်လျှော့ မောင်းနှင်စေချင်

**တောင်ငူ ဧပြီ ၅**

တောင်ငူမြို့သည်ခရိုင်မြို့ဖြစ်သည့်အလျောက်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး အချက်အချာကျသည့်မြို့ဖြစ်သည်။ တောင်ငူမြို့ကိုဖြတ်သွားသည့် ရန်ကုန်-မန္တလေးပုံမှန်လမ်းဟောင်းသည် မြို့ကိုနှစ်ပိုင်းပိုင်းထားသလို အဆိုပါလမ်းမကြီးပေါ်တွင် နေ့ညဖြတ်သန်းသွားလာနေသည့် ကားကြီးကားငယ်တို့သည် ကိုယ့်ဦးတည်ချက်ကို အချိန်နှင့်တစ်ပြေးညီ မောင်းနှင်ဖြတ်သန်းနေရာ မီးပွိုင့်များအရှိန်တား မီးပွိုင့်များ၊ သတိပေးဆိုင်းဘုတ်များ ထားရှိသော်လည်း အရှိန်ပြင်းစွာမောင်းနှင်လျက်ရှိကြောင်း မြင်တွေ့နေရသည်။ တောင်ငူမြို့ မင်းကြီးညိုရပ်ကွက်နေ ကိုထွန်းထွန်းက "ဒီလမ်းမကြီးပေါ်မှာ ကုန်တင်တွဲကားကြီးတွေ၊ ဆီဘောက်ဆာကားတွေ၊ EXPRESS ကားတွေ အဖြတ်များတယ်။ ကားတွေမောင်းလာရင် လမ်းဘေးကိုကပ်ပေးရတယ်။ မီးပွိုင့်မှာဆိုရင် အနောက်ကိုပဲ အရင်ကြည့်ပြီး ရပ်ရတယ်။ နောက်ကဝင်တိုက်မှာစိုးရိမ်ရတယ်။ ဆီဘောက်ဆာကားတွေဆိုရင် တိုက်မိရင်မလွယ်ဘူး။ မီးလောင်မှာကြောက်ရတယ်။ လမ်းဘေးမှာလည်း ဈေးဆိုင်တွေနဲ့ဆိုတော့ အရှိန်လျှော့ပြီးမောင်းရင် အားလုံးအန္တရာယ်ကင်းနိုင်ပါတယ်"ဟု ၎င်းကပြောသည်။ တောင်ငူမြို့တွင်းဖြတ် ရန်ကုန်-မန္တလေးပုံမှန်လမ်းဟောင်းပေါ်တွင် ဆေးရုံထောင့်မီးပွိုင့် 7 TOP မီးပွိုင့်၊ မိုင်ဒါတောင်ဘက်ထောင့်၊ ကရင်သံတောင်လမ်းမီးပွိုင့်၊ ပန်းခြံကွေ့ထောင့်၊ အုတ်ကျွတ်တန်းကွေ့စသည့်နေရာများသည် လူသွားလူလာများသည့်နေရာများဖြစ်ရာ ယာဉ်တိုက်မှုအများဆုံး နေရာများအဖြစ် တွေ့နေရသဖြင့် ကားကြီး၊ ကားငယ်များ၊ ဆိုင်ကယ်များသည် ယာဉ်စည်းကမ်းလမ်းစည်းကမ်းကို လိုက်နာပြီး အရှိန်လျှော့မောင်းနှင်ကြစေရန် ဒေသခံပြည်သူများက ဆန္ဒရှိနေကြကြောင်း သိရသည်။

**သူရ(တောင်ငူ)**



# ဝန်ထမ်းအိမ်ရာများ မလုံလောက်သဖြင့် နေရေးအခက်အခဲဖြစ်ပေါ်

**ဂန့်ဂေါ ဧပြီ ၅**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းများ နေထိုင်ရန် ဝန်ထမ်းအိမ်ရာ လုံလောက်စွာ မရှိသဖြင့် အခြားဒေသများမှ ဂန့်ဂေါမြို့နယ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြရသည့် ဝန်ထမ်းများမှာ နေထိုင်စရာ နေအိမ်အခက်အခဲ ကြုံတွေ့ကြရလျက်ရှိသည်။

ဂန့်ဂေါမြို့နယ်တွင် ဌာနဆိုင်ရာအလိုက် ဝန်ထမ်းများ နေထိုင်ရန် ဝန်ထမ်း အိမ်ရာ လုံလောက်စွာ မရှိသေးသကဲ့သို့ ဌာနဆိုင်ရာ ဝန်ထမ်းပေါင်းစုံ စုပေါင်း နေထိုင်နိုင်သည့် ဝန်ထမ်းပေါင်းစုံဝန်ထမ်းအိမ်ရာများလည်း မရှိသေးကြောင်း၊ သို့ဖြစ်၍ အခြားဒေသများမှ ဂန့်ဂေါမြို့နယ်သို့ ပြောင်းရွှေ့တာဝန်ချထားခြင်း ခံရသည့် ဝန်ထမ်းများမှာ ပြင်ပပုဂ္ဂလိက နေအိမ်များတွင် ငှားရမ်းနေထိုင် ကြရကြောင်း၊ ယခုအခါ ဂန့်ဂေါမြို့၌ နေအိမ်ငှားရမ်းခများ မြင့်မားလာလျက်ရှိရာ ရေမီးအစုံနှင့် နေအိမ်များအတွက် နေအိမ်အကျယ်အဝန်းပေါ်မူတည်၍ အနိမ့်ဆုံး ငွေကျပ် ၃၅၀၀၀ ဈေးပေါက်လျက်ရှိရာ လစာနည်းဝန်ထမ်းများမှာ စားဝတ်နေရေးအခက်အခဲ ကြုံတွေ့နေရကြောင်း ဝန်ထမ်းများထံမှ သိရသည်။

"ဝန်ထမ်းအိမ်ရာ လုံလောက်စွာ မရှိတဲ့ အခက်အခဲကို နေရာဒေသတော်တော်များများမှာကြုံတွေ့နေကြရတာပါ။ ဝန်ထမ်းဆိုတော့ အထက်က ပြောင်းရွှေ့နေရာချထားပေးတဲ့ နေရာဒေသကို လာရောက်တာဝန်ထမ်းဆောင်ရပြီး နေစရာအခက်အခဲကို ကိုယ့်အစီအစဉ်နဲ့ကိုယ် ဖြစ်သလို ဖြေရှင်းနေရတာပါပဲ" ဟု ဝန်ထမ်းတစ်ဦးက ပြောသည်။

"မိမိတို့ရဲ့ ကိုယ်ပိုင်နေအိမ်မရှိတဲ့ အရပ်ဒေသတစ်ခုကို ပြောင်းရွှေ့မိန့်ကျပြီဆိုရင် ပထမဦးဆုံး ပူပင်သောက ရောက်ရတာက နေအိမ်အခက်အခဲပါပဲ။ အစိုးရအနေနဲ့ ဝန်ထမ်းတွေရဲ့ နေအိမ်အခက်အခဲကို အလေးအနက်ထားပြီး ဖြေရှင်းပေးသင့်ပြီ။ အရစ်ကျငွေချေစနစ်တွေနဲ့ ကိုယ်ပိုင်နေအိမ်မျိုးမဖန်တီးပေးနိုင်သေးရင်တောင် တာဝန်ထမ်းဆောင်ဆဲကာလမှာ ယာယီနေထိုင်ဖို့ နေရာဒေသအသီးသီးမှာ ဝန်ထမ်းအိမ်ရာတွေ လုံလုံလောက်လောက် စီမံတည်ဆောက်ပေးထားသင့်ပါတယ်"ဟု အဆိုပါ ဝန်ထမ်းက ပြောသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

မဟာသင်္ကြန်ပွဲတော် MPT နဲ့ နွှဲပျော်

MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်

# အပိုငွေဖြည့်လက်ဆောင် ၁၀၀ % အထိ



ဧပြီလ (၂) ရက်မှ (၆) ရက်အတွင်း

## အခုချက်ချင်းငွေဖြည့်ပြီးအပိုဆုငွေများများ ရယူလိုက်ပါ

ဧပြီလ (၂)ရက်နေ့မှ (၆)ရက်နေ့အတွင်း ဖုန်းငွေဖြည့်ပြီး ၁၀၀ % အထိ အပိုဆုငွေတွေပေးသွားမည့် MPT ၏ Top Up Bonus အစီအစဉ်

| ငွေဖြည့်ပမာဏ | အပိုဆုငွေ | အပိုဆုငွေ |
|---|---|---|
| ၁,၀၀၀ ကျပ် | ၁၀ % | ၁၀၀ ကျပ် |
| ၃,၀၀၀ ကျပ် | ၂၀ % | ၆၀၀ ကျပ် |
| ၅,၀၀၀ ကျပ် | ၄၀ % | ၂,၀၀၀ ကျပ် |
| ၁၀,၀၀၀ ကျပ် | ၁၀၀ % | ၁၀,၀၀၀ ကျပ် |
| ၂၀,၀၀၀ ကျပ် | ၁၀၀ % | ၂၀,၀၀၀ ကျပ် |
| ၃၀,၀၀၀ ကျပ် | ၁၀၀ % | ၃၀,၀၀၀ ကျပ် |

သတ်မှတ်ချက်များ

- ဤအစီအစဉ်သည် MPT အချင်းချင်းဖုန်းခေါ်ဆိုခြင်း၊ Message ပေးပို့ခြင်းနှင့် အင်တာနက်သုံးစွဲမှုတို့အတွက် အသုံးပြုနိုင်ပါသည်။
- ဧပြီလ (၁၈)ရက်နေ့အထိ အပိုဆုငွေများကို အသုံးပြုနိုင်ပါသည်။
- ငွေဖြည့်ကတ်၊ E-Top Up, Bank Top Up,*123* ဖြင့် ငွေဖြည့်ပေးခြင်း၊ လက်ကျန်ငွေလွှဲခြင်းနှင့် Myanmar Mobile Money စသည်တို့ကို အသုံးပြု၍ ဖုန်းငွေဖြည့်ပြီး အပိုဆုငွေကို ရယူနိုင်ပါသည်။
- MPT WCDMA/GSM နှင့် CDMA Mobile ဖုန်းအားလုံး အသုံးပြုနိုင်ပါသည်။

* ၂၀၁၆ ဧပြီလ ၁ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်ဆောင်းကောက်ခံသွားပါမည်။

အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm https://facebook.com/mptofficialpage MPT OFFICIAL သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်၊
CALL CENTER 106 (၂၄)နာရီအခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်၊


telenor
အတာသင်္ကြန်မှာ
facebook
ဗိုဗိုပြီး သုံးကြစို့
Facebook ကို ၁မီဂါဘိုက် ၁ကျပ် ၅၀ပြား နှုန်းဖြင့် အသုံးပြုနိုင်ရန်
FB ဟုရိုက်၍ ၅၀၀ သို့ SMS ပို့ပါ။
စာရင်းသွင်းခမှာ ၁၄၀၀ ကျပ် ဖြစ်ပြီး ၁ မီဂါဘိုက် ၁ ကျပ် ၅၀ ပြားနှုန်းဖြင့် ပုံမှန်ငွေဖြည့်လက်ကျန်မှ ကောက်ခံသွားပါမည်။
Facebook pack ကိုစာရင်းသွင်းပြီး ၁၄ရက်အတွင်းအသုံးပြုနိုင်ပါသည်။
*ကုန်သွယ်လုပ်ငန်းခွန် ၅% ပါဝင်ခြင်းမရှိပါ။
အသေးစိတ်အချက်အလက်များကို www.telenor.com.mm တွင်ကြည့်ရှုနိုင်ပါသည်။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး 3G ကွန်ရက်

**သီတဂူရွှေပြည်ဟိန်း စက္ကူဒါနဆေးရုံ ဧပြီလ၊ ၉၊၁၀ (၆၁)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဧပြီလ (၉-၁၀)ရက်များတွင် ၆၁-ကြိမ်မြောက် ဦးရေ (၇၆၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ကူဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။ (ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။




## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6B/8055, MITSUBISHI CANTER, VAN (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစံအောင် ၉/မနမ(နိုင်)၁၁၇၄၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရကက(၄)၊ ရွှေစည်းခုံလမ်း၊ အိမ်အမှတ် (၇၉)နေ ဦးဘိုဘိုထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၆)၊ ပဒေသာရပ်၊ ဦးပိုင်အမှတ် ၂၂၄၊ မြေယာအမှတ် 224၊ မြေကွက်အမှတ်(လ-၄၁)၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧကေ ပေအားဖြင့် မြေပေအကျယ်(ပေ ၆၀ × ပေ၄၀)ရှိ မြေကို ဦးတင်လှ ဂရန်အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ဦးတင်လှ၏ဇနီး ဒေါ်ခိုင်ယဉ်ထံမှ အဆိုပါမြေကို ဒေါ်မော်မီနာက အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အထက်ပါမြေအား ဒေါ်မော်မီနာက တာဝန်ခံရောင်းချသောကြောင့် ဦးဘိုဘိုထွန်းမှ ၃၁-၁၂-၂၀၀၃ ရက်က ရောင်းကြေးငွေများအားလုံး ပေးချေ၍ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများ/မြေအား လက်ရောက်ရယူ၍ ဝယ်ယူထားပါသည်။ အထက်ပါမြေကွက်ပေါ်တွင် ဦးဘိုဘိုထွန်းက အဆောက်အအုံဆောက်လုပ်ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ ဦးဘိုဘိုထွန်းမှ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်၍ မိမိအမည်ပေါက် ဂရန်ရရှိရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်းနှင့် အထက်ပါမြေကွက်၏ တရားဝင်ပိုင်ရှင်မှာ ဦးဘိုဘိုထွန်း ဖြစ်ပါသောကြောင့် ကျူးကျော်ဝင်ရောက်ခြင်းမပြုပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဘိုဘိုထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၄၅၅၀**
**အမှတ်(၁၂၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊**
**၀၉-၇၈၂၀၄၅၈၇၅၊ ၀၉-၇၉၂၀၄၅၈၇၅**

## ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့မှ ဆရာတော် ဦးသောဘိတ ကိုင်ဆောင်သည့် Passport DEO (N0-MLE 15-002254) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၆၁၂၇၃၅၃**

## အမည်ပြောင်းခြင်း

ဦးတင်မောင်-ဒေါ်သိန်းနွယ်တို့၏ သမီး လားရှိုးမြို့၊ လားရှိုးတက္ကသိုလ် အင်္ဂလိပ်စာစတုတ္ထနှစ်တွင်ပညာသင်ကြားနေသော မသံဝရထေရီ ၁၃/နခတ(နိုင်) ၁၁၂၂၀၉အား မသံဝရထေရီ(ခ)မသီတာ ဌေးဟု ပြောင်းလဲခေါ်ပါရန်။

**ချာချိုးယား ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
**09-681 9020**
**09-510 1862**

## အများသိစေရန်

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ဧကရာဇ်ရပ်ကွက်၊ ကာယလမ်းနေ ဦးဘရွှေ-ဒေါ်သန်းမေတို့၏သား မောင်ရန်နိုင်ထွန်းသည် လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာအုပ်စု၊ အမှတ်(၂)ရပ်ကွက်နေ ဦးစိုးဌေး-ဒေါ်ခင်အုန်းဆင့်တို့၏သမီး မသီတာအေးကို အစ္စလာမ်တရားဥပဒေအရ တလာက်(၃)ကြိမ်ပေးကာ ကွာရှင်းပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မောင်ရန်နိုင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မမသောင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၆၇၈)**

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း ကြေညာချက်အား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်တော် ဦးမြင့်ဦး ၇/တငန(နိုင်)၁၉၀၃၇၇ သည် သားသမီးများ၏ နောင်ရေးအား ငဲ့ကွက်ညှာတာထောက်ထားပြီး သားသမီးများ၏ ဆန္ဒအရ ၂၆-၃-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဇနီးဖြစ်သူ ဒေါ်နီလာရွှေ HGM-၁၀၉၉၆၄ အား ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပါကြောင်း။

**ဦးမြင့်ဦး ၇/တငန(နိုင်)၁၉၀၃၇၇**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မြဝတီမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ နဝဒေးလမ်းနေ ဦးစိုင်းအောင်မျိုး ၃/မဝတ(နိုင်)၀၀၇၄၈၅၊ ဒေါ်မိုးသင်းသင်းခိုင် ၃/မဝတ(နိုင်)၀၀၅၆၁၉တို့၏ သမီး မထက်ထက်ဇွန်ဖြိုး ၃/မဝတ(နိုင်)၀၃၀၃၃၁သည် မိဘတို့၏ သွန်သင်ဆုံးမမှုကို မနာခံဘဲ မိဘတို့သဘောမတူသောကိစ္စရပ်ကို ပြုမူဆောင်ရွက်သွားသည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်း၏ကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးစိုင်းအောင်မျိုး ၃/မဝတ(နိုင်)၀၀၇၄၈၅၊ ဒေါ်မိုးသင်းသင်းခိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/8242 Daihatsu Mira, L275V Hatch Back (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဇော် ၁၂/ဥကမ(နိုင်)၀၃၇၆၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အိမ်အမှတ် ၉၂၀ နေ ဒေါ်အေးသွင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာရပ်၊ အကွက်အမှတ်(၇)၊ ဦးပိုင်အမှတ်(၁၅၉)၊ မြေယာအမှတ်(159)၊ မြေဧရိယာ ၀ဒသမ ၁၁၀ဧကရှိ မြေနှင့် မြေပေါ်ရှိ အဆောက်အအုံအကျိုးခံစားခွင့်များအား ဂရန်အမှုတွဲ အမှတ်(၁၀၇/၁၉၉၂-၉၃)အရ ဒေါ်သွဲ့သွဲ့ဝင်းအမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်သွဲ့သွဲ့ဝင်း အမည်ဖြင့်ပင် ဂရန်အမှုတွဲအမှတ်(၅၀၃/၂၀၀၂-၂၀၀၃) အရ သက်တမ်းတိုးမြှင့်ထားပါသည်။ ဒေါ်သွဲ့သွဲ့ဝင်းမှ ဒေါ်အေးသွင်အား အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားပါသည်။ ဒေါ်အေးသွင်မှ အထက်ပါမြေအတွက် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ရန်စီစဉ်သည့်အခါ မြေရာဇဝင်၌ ဒေါ်သွဲ့သွဲ့ဝင်းအမည်ဖြင့် ရေးသွင်းထားသော်လည်း သက်တမ်းတိုးအမှုတွဲအား ရေးသွင်းထားခြင်းမရှိ၍ ရေးကူးခွင့်မရပါ။ သို့ဖြစ်ပါ၍ အထက်ပါမြေအား ဒေါ်သွဲ့သွဲ့ဝင်းအမည်ဖြင့် သက်တမ်းတိုးထားသည်ကို မြေရာဇဝင်တင်သွင်းနိုင်ရန် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများ၊ တရားရုံး တားဝရမ်းအမိန့်ဒီကရီမူရင်းများနှင့်တကွ သက်ဆိုင်ရာဌာနများထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်အေးသွင် ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဒေါ်အေးသွင်မှ ဒေါ်သွဲ့သွဲ့ဝင်းအမည်ဖြင့် သက်တမ်းတိုးထားကြောင်း မြေရာဇဝင်တင်သွင်းမည့်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးသွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၄၅၅၀**
**အမှတ် ၁၂၈၊ ၈ လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊**
**၀၉-၇၈၂၀၄၅၈၇၅၊ ၀၉-၇၉၂၀၄၅၈၇၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ Yan Kin Palm Village အိမ်ရာ၊ တိုက်အမှတ် ၁၈၊ အခန်းအမှတ်(၄၂)သည် မူလအမည်ပေါက် ဒေါ်ဝင်းလဲ့ခိုင် ၁၂/လမန(နိုင်)၁၄၈၁၄၃ ဖြစ်ပါသည်။ အဆိုပါအခန်းကို ဦးစောထွန်းကြည် ၉/မကန(နိုင်)၀၃၅၈၅၁ က စာချုပ်စာတမ်းဖြင့် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသဖြင့် အခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ-၂ သို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ-၂**
**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ်(၇၈၁)၊ မြေကွက်တည်နေရာအမှတ် ၇၈၁/ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက် ဦးထွန်းလင်း AA-114480 အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဦးထွန်းလင်းနှင့်ဇနီး ဒေါ်လှကြည်တို့ ကွယ်လွန်သဖြင့် (၁) ဒေါ်ခင်အေးသန်း ၁၂/စခန(နိုင်)၀၀၈၈၃၇၊ (၂) ဦးကျော်ကျော်လင်း ၁၂/စခန(နိုင်)၀၀၈၈၁၆၊ (၃) ဒေါ်စုစုမွန် ၁၂/စခန(နိုင်)၀၀၈၇၇၁၊ (၄) ဦးအောင်နိုင်မိုး ၁၂/စခန(နိုင်)၀၀၈၂၃၄၊ (၅) ဦးညီညီလွင် ၁၂/စခန(နိုင်)၀၀၈၈၂၁ တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သန်းခေါင်စာရင်း၊ မိခင်၊ ဖခင်တို့၏ သေစာရင်းနှင့် ဘေးပတ်ဝန်းကျင် နှစ်ဦးတို့၏ ကျမ်းကျိန်လွှာတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီးမောင်ပါ (ငြိမ်း)

ဒုတိယမြို့တော်ဝန်(ငြိမ်း)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသက်(၇၇)နှစ်

ဗိုလ်မှူးကြီးမောင်ပါ(ငြိမ်း) အသက်(၇၇)နှစ်သည် ၂-၄-၂၀၁၆ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူရဦးမြင့်မောင်-ဒေါ်အေးအေးထွန်း မိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

## ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးမောင်ပါ

[ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယမြို့တော်ဝန်(ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုအတိုင်ပင်ခံ]

အသက်(၇၇)နှစ်

သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် ၃၉၆နေ ဒေါ်ခင်ညွန့်မြိုင် (အထက်တန်းပြဆရာမ၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီးမောင်ပါ(ငြိမ်း)သည် ၂-၄-၂၀၁၆ရက် (စနေနေ့) အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့အနီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဌေးဦး(ဒုဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) နှင့် ဇနီး ဒေါ်နီနီဝင်း**

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

## ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးမောင်ပါ (ငြိမ်း)

ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုကော်မတီဝင်

အသက်(၇၇)နှစ်

သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် ၃၉၆နေ ဒေါ်ခင်ညွန့်မြိုင်(အထက်တန်းပြဆရာမ၊ ငြိမ်း)၏ခင်ပွန်း ဗိုလ်မှူးကြီးမောင်ပါ (ငြိမ်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုကော်မတီဝင်သည် ၂-၄-၂၀၁၆ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်တိုင်းဒေသကြီးပါတီကော်မတီဝင်များ**
**ရန်ကုန်တိုင်းဒေသကြီးပြည်ခိုင်ဖြိုးပါတီ**

---

ဝမ်းနည်းကြေကွဲခြင်း

## ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးမောင်ပါ (ငြိမ်း)

ဒုတိယမြို့တော်ဝန်(ငြိမ်း)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသက်(၇၇)နှစ်

သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် ၃၉၆နေ ဒေါ်ခင်ညွန့်မြိုင်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီးမောင်ပါ(ငြိမ်း)သည် ၂-၄-၂၀၁၆ရက် (စနေနေ့) အိန္ဒိယစံတော်ချိန် ညနေ ၆း၅၀နာရီတွင် အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့အနီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စကားဝါမြေဖောင်ဒေးရှင်း နာယကများနှင့်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ**
**ကျောက်ပန်းတောင်းမြို့**

---

ဝမ်းနည်းကြေကွဲခြင်း

## ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးမောင်ပါ (ငြိမ်း)

ပထမအကြိမ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဒုတိယမြို့တော်ဝန်(ငြိမ်း)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသက်(၇၇)နှစ်

ဒေါက်တာ ဦးအောင်ကျော်ထွန်း (ဆီးနှင့်ကျောက်ကပ်ခွဲ စိတ်အထူးကုဆရာဝန်ကြီး)၏ဖခင်ကြီး ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးမောင်ပါ(ငြိမ်း)သည် ၂-၄-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးရုံအုပ်ချုပ်မှုအဖွဲ့နှင့်ဝန်ထမ်းမိသားစု**
**ဝိတိုရိယဆေးရုံကြီး**

---

## မဆုမြတ်ဘုန်း အသက်(၃၄)နှစ်

**မန်နေဂျာ(မြဝတီဘဏ်၊ ဈေးချို၊ မန္တလေး)**

မန္တလေးမြို့၊ ၂၉လမ်း၊ ၈၅×၈၆လမ်းကြား၊ ဈေးချို၊ ဝါးတန်းရပ်၊ အမှတ် ၂၂နေ ဦးဘုန်းနိုင်-(ဒေါ်မိမိရီ)တို့၏သမီး၊ ရန်ကုန်မြို့နေ ဦးစိုးသန်း-ဒေါ်ရီရီခင်တို့၏သမီးချွေးမ၊ မမွေးသာခိုင်၏ညီမ၊ ကိုအောင်ဝင်းငယ်-မပန်းမြတ်ဘုန်း၊ ကိုထွဋ်မြတ်ဘုန်း၊ မမေသူတို့၏အစ်မ၊ ကိုပြည့်ဖြိုးမောင်(MTB)၏ ဇနီးသည် ၅-၄-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၄-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)

## ကိုသက်ပိုင်(ခ)သားသား

**(ကော့သောင်း)**

**အသက်(၂၆)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အမှတ် ၄၃၊ ရတနာပုံလမ်းနေ ဦးသန်းနိုင်-ဒေါ်သီသီထွန်းတို့၏သား၊ မသဲသဲ၊မကေသီနိုင်တို့၏မောင်၊ မမေသရဖီနိုင်၊ မောင်လွင်ဖြိုးအောင်တို့၏အစ်ကိုသည် ၄-၄-၂၀၁၆ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၄-၂၀၁၆ရက် ညနေ ၃း၃၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ အသင်းသူ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အလုပ်အမှုဆောင်အဖွဲ့

---

## ဒေါ်မြစန်းရီ

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉) ရပ်ကွက်၊ နဝရတ်လမ်းကျယ်၊ အမှတ် ခ/၉၆၅နေ(ဦးဘဆင်-ဒေါ်မြရွှေ)တို့၏ သမီးချွေးမ၊ (ဦးကျော်တင့်-ဒေါ်တင်ယု)တို့၏သမီး၊ ဦးအုန်းကြင်၏ဇနီး၊ ကိုအောင်ကျော်မိုး-မသူဇာလွင်၊ ကိုလှမျိုးအောင်၊ မမြတ်မြတ်မိုးတို့၏မိခင်၊ မောင်ဉာဏ်လင်းထက်၏ အဘွားသည် ၅-၄-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၉း၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇-၄-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ ကျီစုသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ကျောင်းဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့်(ခ)ဒေါ်တင်ညွန့် (ငါးသိုင်းချောင်းမြို့)

**အသက်(၉၃)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်ခွဲနေ (ဒေါ်မြကြည်)၊ (ဒေါ်နုနု)တို့၏ညီမ၊ ဒေါ်မြင့်မြင့်၊ ဦးစံလွင်၊ ဒေါ်ရီဆွေ၊ ဒေါက်တာသိန်းထွန်းတို့၏ဒေါ်လေး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဗိုလ်ကုန်းရပ်ကွက်၊ သီရိမင်္ဂလာ ၁၅လမ်း၊ အမှတ် ၃၅/ဃနေ ဒေါ်ညွန့်ညွန့်(ခ)ဒေါ်တင်ညွန့်သည် ၂၉-၃-၂၀၁၆ ရက်(အင်္ဂါနေ့) နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၆ရက် (စနေနေ့)နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်ခင်

**အသက်(၈၉)နှစ်**

မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်ရိပ်သာလမ်း၊ အမှတ် ၁၂/ကနေ ဒေါ်သန်းဌေး၏ခင်ပွန်း၊ ဦးသန်းစိုး-ဒေါ်သီတာ(Rainbow Group of Companies)၊ ပါမောက္ခ ဦးဝင်းနိုင်(အသည်းရောဂါဌာန၊ ခုတင်-၅၀၀၊ အထူးကုဆေးရုံကြီး)-ဒေါ်နီလာ၊ ဦးကျော်စော-ဒေါ်ကေသီ (Energy link Co.,Ltd.)၊ ဦးကျော်ဇော-ဒေါ်သီဂီ(Super Rainbow Construction)၊ ဦးသူရကျော်-ဒေါ်ခင်မျိုးလွင် (Kyaw Thar Engineering & Construction Group Co.,Ltd.)၊ ဦးကိုကိုကျော်-ဒေါ်နီလာအိသွယ်(Royal Platinum Hotel)တို့၏ ဖခင်ကြီး ဦးကျော်ခင် အသက်(၈၉)နှစ်သည် ၄-၄-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်အေး(MD)-ဒေါက်တာအေးအေးမြင့် မိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်ခင်

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကန်ရိပ်သာလမ်း၊ အမှတ် ၁၂/ကနေ ပါမောက္ခ ဦးဝင်းနိုင် (အသည်းအထူးကုဆရာဝန်ကြီး၊ ပါမောက္ခဌာနမှူး၊ အသည်းအထူးကုဌာန၊ ခုတင်-၅၀၀ဆံ့ အထူးကုဆေးရုံကြီး)-ဒေါ်နီလာတို့၏ ဖခင်ကြီးဖြစ်သူ ဦးကျော်ခင် အသက်(၈၉)နှစ်သည် ၄-၄-၂၀၁၆ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အသည်းဆေးကုဌာနမိသားစု**
**ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး**
**ရန်ကုန်မြို့**

---

ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

## ဦးအောင်သာ(ခ)ဦးအောင်သန်း

**အသက်(၈၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နေ(ဦးမောင်ကြွယ်-ဒေါ်လှခင်)တို့၏သား၊ ဒေါ်သန်းမေ၊ ဦးခင်မြင့်-ဒေါ်ဝင်းမေ၊ (ဦးရွှေအိပ်)-ဒေါ်စိန်ရီတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊မြေနီကုန်း(တောင်)ရပ်ကွက်၊ အမှတ် ၁၉၊ စေတနာလမ်းနေ(ဦးသာအောင်-ဒေါ်အေးမျှင်)တို့၏သားသမက်၊ (ဒေါ်ကျင်လှိုင်)၏ခင်ပွန်း၊ ဦးမောင်မောင်ဆန်း(မြန်မာ့သစ်လုပ်ငန်း)၊ ဒေါ်စန်းစန်းရီ(အမက-၁၆၊ စမ်းချောင်း)၊ ဦးဖေသက်ဦး-ဒေါ်သန်းသန်းနွယ်၊ ဒေါ်ခင်သီတာထွေး(NEGC Pte Co.,Ltd.)၊ ဦးကျော်ကျော်အောင်၊ ဦးဝင်းထွန်း-ဒေါ်စန္ဒာ၊ ဦးဇော်ဇော်အောင်-ဒေါ်ထက်ထက်ဝင်း၊ ဦးညီညီဇော်(GCA Co.,Ltd.)-ဒေါ်ဝတ်မှုန်ဦးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၅-၄-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

မွန်ပြည်နယ်ဥပဒေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရုံးအဖွဲ့မှူး(တာဝန်) ဦးစိုးလှ (ဥ/၂၂၂၄)သည် ၄-၄-၂၀၁၆ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မွန်ပြည်နယ်ဥပဒေချုပ်**
**ပြည်နယ်ဥပဒေအရာရှိ**
**ခရိုင်/မြို့နယ်ဥပဒေအရာရှိများ**
**ရုံးဝန်ထမ်းများ**

---

## နိုင်မောင်ဇီ(ခ)ဦးမောင်ဇီ

**အသက်(၆၉)နှစ်**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အလှုပ်ကျေးရွာနေ (နိုင်ထွန်းရင်-မိလှတင်)တို့၏သား၊ (နိုင်ထိန်-မိကွန်ပီး)တို့၏ သားသမက်၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သုခလမ်း၊ အမှတ် ဏ/၃၀နေ မိတင်လှ၏ခင်ပွန်းသည် ၅-၄-၂၀၁၆ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## မိဝေဝေအောင် အသက်(၃၈)နှစ်

**(ရေးမြို့နယ်၊ လမိုင်းမြို့)**

လမိုင်းမြို့နေ နိုင်ရဲအောင်(ခ)ဦးရ-မိအေးဝင်းတို့၏သမီး၊ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ဒဂုံတာဝါနေ နိုင်မင်းအောင်(ခ) နိုင်ဝဲ့ - မိမြင့်မြင့်မူ (Venus ဖိနပ်လုပ်ငန်း)တို့၏ချွေးမ၊ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ ဂန္ဓမာတိုက်၊ အမှတ် ၅၁၊ အခန်း ၆/ဒီနေ [ဦးမင်းထွဋ်အောင်(ခ)ကိုတူး]၏ချစ်လှစွာသောဇနီး၊မင်းဟန်ထွဋ်စံ(ခ)စိုက်စွန်း (အထက-၂၊ ဗဟန်း)၏ချစ်လှစွာသောမိခင်၊ မင်းသန်းထွဋ်အောင်၊ မင်းချမ်းထော(ခ)ညီညီ၊ အေးမွန်ဖြိုးမောင်၊ အိသဇင်ဖူး(ခ)ချမ်းချမ်းတို့၏ အစ်မသည် ၅-၄-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၇နာရီတွင် ရေးမြို့နယ်၊ လမိုင်းမြို့၌ ကွယ်လွန်သွားပါ၍ ၆-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် လမိုင်းမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးပိုက်(ခ)ဦးအောင်စိုး

**(ကော့ကရိတ်)**

**မော်လမြိုင်မြို့၊ စေတနာ နာရေးကူညီမှုအသင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်**

**အသက်(၉၀)**

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊(၄၁)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ် ၃၇နေ (ဦးဝင်းစိန်-ဒေါ်အမာ)တို့၏သား၊ (ဦးကွိစံ-ဒေါ်ဖွားမေ)တို့၏သားသမက်၊ (ဒေါ်ငွေကြည်)၏ခင်ပွန်း၊ ဦးစိုးမြင့်-ဒေါ်မြခင်၊ ဦးသောင်းရှိန်-ဒေါ်ခင်အေးမူ၊ ဦးတင်မြင့်(ဒါရိုက်တာ ဒီပ)-ဒေါ်ခင်ဝင်းကြည်၊(ဦးသိန်းဝင်း)-ဒေါ်ခင်မြင့်မူ၊ ဦးအောင်ဝင်း-ဒေါ်တင်တင်မာ၊ ဦးမျိုးမြင့်-ဒေါ်နွယ်နီဝင်း၊ ဦးနေဝင်း-ဒေါ်တင်တင်နွယ်(ချို)တို့၏ဖခင်၊ မြေး၁၉ယောက်၊ မြစ်၁၇ယောက်တို့၏အဘိုးသည် ၅-၄-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၄-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၁-၄-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းတင့်

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ဖလမ်း၊ အမှတ် ၉၂နေ (ဦးထွန်းကြိုင်-ဒေါ်နှင်းမြ)တို့၏ သမီး၊ ဒေါ်စန်းရင်၏ညီမ၊ဦးအောင်ဝင်း၏ဇနီး၊ ဦးဝင်းနိုင်၊ ဒေါ်သီတာဝင်း၊ (ဦးမျိုးမြင့်အောင်)-ဒေါ်မိမိခိုင်၊ဦးငွေစိုး-ဒေါ်စန္ဒာခင်တို့၏မိခင်၊ မောင်ဖြိုးဝေမင်း၊ မောင်အာကာကျော်၊ မသန့်သန့်ထွန်းတို့၏ အဘွားသည် ၅-၄-၂၀၁၆ရက် (အင်္ဂါနေ့)နံနက် ၁း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၇-၄-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစိုးလှ

**လက်ထောက်ညွှန်ကြားရေးမှူး**
**မွန်ပြည်နယ်ဥပဒေချုပ်ရုံး**

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၇)ရပ်ကွက်၊ ပညာလမ်း၊ အမှတ် ၉၂၈နေ လူလူလင်းအောင်၊ မသီရိစိုးလှတို့၏ဖခင်သည် ၄-၄-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၉း၀၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## စဝ်စစ်ထူး(ခ)ကိုညီ

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းအိမ်ရာ၊ကမ်းနားလမ်း၊ တိုက် ၅၊ အခန်း ၄၀၁နေ(ဦးစဝ်သာတင့်-ဒေါ်စဝ်မြစ်ဦး)တို့၏သား၊ (ဦးဖေမြင့်-ဒေါ်ခင်မြိုင်)တို့၏သားသမက်၊ စဝ်ခွန်စစ် (5 Net Work Chanal)၊ စဝ်ဟုန်စစ် (3Yr History EYU)တို့၏ဖခင်၊ ဒေါ်ကြူကြူဝင်း၏ခင်ပွန်းသည် ၄-၄-၂၀၁၆ရက် (တနင်္လာနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၀-၄-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိအထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဖေအောင် (သနပ္ပင်မြို့)

**အသက်(၈၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သနပ္ပင်မြို့၊ ဘူတာပိုင်းရပ်နေ(ဦးစိုးမောင်-ဒေါ်ကျော့ရွှေ)တို့၏သား၊ (ဒေါ်ကြည်)၏ခင်ပွန်း၊ ဦးစိုးအောင်(ဒုတိယအင်ဂျင်နီယာချုပ်၊ ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-(ဒေါ်ဝင်းကြည်)၊ ဦးတင့်ဆွေ-ဒေါ်ခင်ဖုန်းမြင့်၊ ဦးဝင်းနိုင်(လက်ထောက်ဦးစီးမှူး၊ မြေစာရင်း)-ဒေါ်ကြည်မြင့်၊ ဦးခင်ဇော်၊ ဦးစိုးနိုင်-ဒေါ်ယုယု၊ ဦးသောင်းထွန်း-ဒေါ်စိုးစိုးတို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၅-၄-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၄၀နာရီတွင် စစ်ကိုင်းမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၆ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ကျောင်း၊ ဓမ္မာရုံ၊ မုခ်ဦး ဒါယကာကြီး

## ဦးအောင်မြင့် (ဒိုဇရစ်-မဒေါက်)

**အသက်(၈၂)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ရွှေကျင်မြို့နယ်၊ဒိုဇရစ်မြို့မ(၂)ရပ်ကွက်နေ (ဦးကြည်-ဒေါ်ကျင်လွမ်)တို့၏သား၊ ဒေါ်ငြိမ်းရင်၏ခင်ပွန်း၊ ညောင်လေးပင်မြို့နေ ဦးသိန်းရီ-ဒေါ်ဝတုတ်၊ ဦးပု-ဒေါ်ခင်စန်း၊ မဒေါက်မြို့နေ ဦးဌေးတင်-ဒေါ်သန်းသန်းအေးတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ကန်တော်လေး၊ သိမ်ဖြူဈေးဖြတ်လမ်း၊ အမှတ် ၂၆နေ ဦးကြီးစိန်-ဒေါ်မွေးမွေး၊ ဒေါ်ကျင်မြန်း(ခ)ဒေါ်မြန်းမြန်းအောင်၊ ဦးလှဝင်း-ဒေါ်သင်းသင်း၊ ဦးသိန်းထိုက်-ဒေါ်ခိုင်ခိုင်၊ ဒိုဇရစ်မြို့မနေ ဒေါ်ကျင်စွမ်၊ ဒေါ်ကျင်ပို၊ ဦးခင်မောင်သက်-ဒေါ်တင်တင်ရီတို့၏ဖခင်ကြီး၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၅-၄-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၀၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၆ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ (အထက်ပါ ရန်ကုန်မြို့နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိုးညွန့် အသက်(၇၉)နှစ်

**အထက(၁)ဒဂုံ (ငြိမ်း)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ ၇လမ်း၊ အမှတ် ၂၂၃နေ ဒေါ်တင်ရီ၏ခင်ပွန်း၊ ဦးအောင်မျိုးညွန့်-ဒေါ်မူမူလှိုင်၊ ဦးနေမျိုး-ဒေါ်လှသီတာညွန့်၊ ဦးအောင်စိုး-ဒေါ်လှဥမ္မာညွန့်၊ ဒေါ်လှသဇင်ညွန့်တို့၏ဖခင်၊ မဝင်းလဲ့ဖြူ၊ မမေဘရဏီအောင်၊ မောင်ရဲမင်း၊ မဇွန်လဲ့ဖြူ၊ မောင်ဟိန်းဇာနည်အောင်တို့၏ဘိုးဘိုးကြီးသည် ၅-၄-၂၀၁၆ရက် (အင်္ဂါနေ့)နံနက် ၇း၁၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၁၆ ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးသောင်းထွဋ်(ခ)ကိုစောဦး (မြန်မာစာ)

**M.A (Myanmar)**

**(ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး-၉)**

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ ၇လမ်း၊ အမှတ် ၂၁၇နေ (ဦးထွန်းမြင့်-ဒေါ်ခင်အေး)တို့၏သား၊ ဦးအောင်မြင့်ဦး(MPE သယ်/ပို့)၊ (ဦးအောင်မြင့်ထူး)၊ ဒေါ်ညိုညိုမြင့်တို့၏ညီ/မောင်၊ ကိုတင်ထွန်းမြင့်တို့၏အစ်ကို၊ မောင်ကောင်းမြတ်ထက်၏ဘကြီးသည် ၅-၄-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၆ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## Daw Lun Lam Vung

**B.A (Geo), BTh, MA (Theo)**

**အသက်(၅၀)**

တီးတိန်မြို့၊ မြို့မရပ်ကွက်နေ (Pa Let Khan Hang-Nu Niang Khan Ciin) တို့၏သမီး၊ ရန်ကုန်မြို့နေ Pa Zam Za Dal-Nu Niang Man Lian တို့၏ညီမ၊ တီးတိန်မြို့နေ Daw Cing Lian Lun(အလကခွဲ၊ မြို့မ၊တီးတိန်မြို့)၊ Daw Mang Khen Ciin(ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ဟားခါး) တို့၏အစ်မ၊ Pa Go Suan Khai (မြို့နယ်အုပ်ချုပ်ရေးမှူး၊ တီးတိန်မြို့)၏ ချစ်လှစွာသောဇနီး၊ Lia Dim Don Hau(ဒုတိယနှစ်၊ဆေးတက္ကသိုလ်၊ မကွေး)၊ Lia Ciin Sian Nem(န၀မတန်း၊အထက-၃၊ ပန်းဘဲတန်းမြို့နယ်)၊ Lia Thang Lam Lun (စတုတ္ထတန်း၊ အလကခွဲ၊ မြို့မ၊ တီးတိန်မြို့)၊ Lia Thang Lam Niang (စတုတ္ထတန်း၊ အလကခွဲ၊ မြို့မ၊ တီးတိန်မြို့)၊ Tg Hang Sian Van (သူငယ်တန်း၊ အလကခွဲ၊ မြို့မ၊ တီးတိန်မြို့)တို့၏ ချစ်လှစွာသောမိခင်သည် ၄-၄-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၂း၃၀နာရီတွင် ရန်ကုန်မြို့ ဗဟိုရ်စည်ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် တီးတိန်မြို့၊ မြို့မရပ်ကွက်၊ ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးမျိုးဟန် အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းထိပ်၊ အမှတ် ၂၇ (မြယမုံစားသောက်ဆိုင်)နေ ဦးသောင်းဟန်-ဒေါ်ခင်သိန်း(ခ)ဒေါ်သိန်းသိန်းတို့၏သား၊ မိတ္ထီလာမြို့နေ (ဦးကျော်ညွန့်-ဒေါ်တင်ရွှေ)တို့၏သားသမက်၊ ဗဟန်းမြို့နယ်၊ အင်ကြင်းမြိုင်အိမ်ရာ၊ တိုက် A၊ အခန်း ၁၀၄နေ ဦးညွန့်ဟန်-ဒေါ်ခင်တီ၊ (ဦးကျော်မြင့်)-ဒေါ်ခင်စန်းတို့၏တူ၊ (ဦးအုန်းဟန်ဦး)၏ညီ၊ ဦးမင်းဟန်-ဒေါ်ခင်သန္တာတို့၏အစ်ကို၊ မောင်မြင့်မောင်မောင်၏ဘကြီး၊ ဒေါ်အေးအေးသန်း၏ခင်ပွန်း၊ မောင်သိန်းမျိုးထွန်း၊ မခင်ပြည့်စုံတို့၏ဖခင်သည် ၅-၄-၂၀၁၆ရက် (အင်္ဂါနေ့)နံနက် ၈း၀၅နာရီတွင် ရန်ကုန်မြို့(ခုတင်-၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၆ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (မြယမုံစားသောက်ဆိုင်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၄-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့အား ပြည်ထောင်စုလွှတ်တော်က အတည်ပြု

သတင်း၊ စာ-၈

# အစိုးရသစ်၏ တစ်ပတ်အတွင်း သံခင်းတမန်ခင်း

ခင်မောင်ထွေး

**ရန်ကုန် ဧပြီ ၅**

NLD အစိုးရသစ်က နိုင်ငံတော်တာဝန်လွှဲပြောင်းရယူပြီး တစ်ပတ်အတွင်းမှာပဲ သံခင်းတမန်ခင်းလှုပ်ရှားမှုတွေ စတင်အသက်ဝင်လာပါပြီ။

ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်မှုအား ကြိုဆိုဂုဏ်ပြုခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန် အသင့်ရှိကြောင်း မကြာမီက ပြောကြားခဲ့မှုနဲ့အတူ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိဟာ မတ် ၅ ရက် **(ယနေ့)** မွန်းလွဲပိုင်းမှာ နေပြည်တော်ကို နှစ်ရက်ကြာခရီးစဉ်အဖြစ် ဆိုက်ရောက်လာခဲ့ပါတယ်။

အစိုးရသစ်ရဲ့ သံခင်းတမန်ခင်းကဏ္ဍကို မစ္စတာ ဝမ်ယိက ကနဦးစတင်လိုက်ခြင်းဖြစ်ပြီး အဲဒီနေ့ ညနေပိုင်းမှာ နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးကြမှာဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ဧပြီ ၆ ရက်မှာ ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Stephane Dion ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကလည်း စီးပွားရေးမြို့တော် ရန်ကုန်ကို ဦးစွာလာရောက်ပြီး နောက်တစ်နေ့မှာ နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌတို့နဲ့ အစီအစဉ်အတိုင်း တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်သွားမှာဖြစ်ကြောင်း သိရပါတယ်။

အလားတူ ဧပြီ ၆ ရက် နံနက်ပိုင်းမှာ အီတလီနိုင်ငံ နိုင်ငံခြားရေးနဲ့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး H.E. Mr. Paola Gentiloni Silveri ဦးဆောင်တဲ့

*စာမျက်နှာ ၇ ကော်လံ ၁* ✻

# ရန်ကုန်စတော့ရှယ်ယာဈေး အနိမ့်ဆုံးသို့ကျဆင်း




သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဧပြီ ၅**

ရန်ကုန်စတော့အိတ်ချိန်း ရှယ်ယာများ စတင်ရောင်းချပြီး သီတင်းနှစ်ပတ်မပြည့်မီ ကာလအတွင်း ရှယ်ယာဈေး အနိမ့်ဆုံးကျဆင်းသွားခဲ့ကြောင်း ဧပြီ ၅ ရက် နံနက်ပိုင်းက ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

"ဒီနေ့မနက် ဈေးဖွင့်တာကတော့ ငွေကျပ် ၃၅၀၀၀ နဲ့ ဈေးဖွင့်တာပါ။ နံနက် ၁၁ နာရီ စတော့ဖွင့်ချိန်မှာတော့ ဈေးက ငွေကျပ် ၃၀၀၀၀ အထိ ပြန်ကျသွားခဲ့ပါတယ်။ ဝယ်လိုအားနည်းပြီး ရောင်းလိုအားများတဲ့အတွက် ဈေးကျဆင်းသွားခဲ့တာပါ။ စတော့ရှယ်ယာရဲ့ သဘောကတော့ ဝယ်လိုအားရောင်းလိုအားအပေါ်မှာ မူတည်ပြီးတော့ အတက်အကျရှိနိုင်ပါတယ်" ဟု စတော့ဈေးကွက် တာဝန်ရှိသူတစ်ဦးက ပြောသည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ✻

